မြကြေးမုံ
The Mirror

၁၃၆၆ ခုနှစ်၊ ပထမဝါဆိုလဆန်း ၇ ရက်၊ ဗုဒ္ဓဟူးနေ့၊ (23-6-2004) (၄၂၇၃)

ပုဗ္ဗေ စ ကတ ပုညတာ၊ ဧတံ မင်္ဂလ မုတ္တမံ။

ရှေးကောင်းမှုကံ ရှိခြင်းသည် မြတ်သော မင်္ဂလာမည်၏။

ကြည့်ရှုစစ်ဆေး

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဇွန် ၂၁ရက်က မင်းဘူးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၏ စာသင်ခန်းများအတွင်း လေ့ကျင့်သင်ကြားနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

အဖိတ်နေ့နှိုးဆော်ချက်

ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့–

ယနေ့သည် ဗုဒ္ဓဘာသာဝင်တို့၏ အဖိတ်နေ့ဖြစ်ပါသည်။မနက်ဖြန် ဥပုသ်နေ့တွင် သီတင်းသီလ ဆောက်တည်လိုကြသူများအတွက် ကြိုတင်သိရှိနိုင်ကြပါရန် နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်။

နိုင်ငံတော်၏အနာဂတ် ခိုင်မာစေရေး၊ စစ်မှန်သောဒီမိုကရေစီစနစ် ကျင့်သုံးနိုင်ရေးအတွက် နိုင်ငံတော်အခြေအနေနှင့် လိုက်လျောညီထွေသည့် မူဝါဒလမ်းစဉ်(၇)ရပ် ချမှတ်ပြီးဖြစ် အောင်မြင်စွာကျင်းပလျက်ရှိသော အမျိုးသားညီလာခံသည် ပထမဆုံးနှင့် အရေးကြီးဆုံးအဆင့်ဖြစ် မူဝါဒလမ်းစဉ်(၇)ရပ် အောင်အောင်မြင်မြင် အကောင်အထည်ဖော်နိုင်အောင် တက်ညီလက်ညီ ပူးပေါင်းပါဝင်

ရန်ကုန် ဇွန် ၂၂

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဇော်မင်းတို့ လိုက်ပါလျက် ဇွန် ၂၁ရက် နံနက်ပိုင်းတွင် မကွေးတိုင်း မကွေးမြို့မှ မော်တော်ယာဉ်များဖြင့် ထွက်ခွာကြပြီး မင်းဘူးမြို့ ခရိုင်ပြည်သူ့ဆေးရုံသို့ နံနက် ၈နာရီတွင် ရောက်ရှိကြရာ ဆေးရုံအုပ်ကြီး ဒေါက်တာကျော်လင်းနှင့် အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်၊ ဆရာမများက ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် စာသင်ခန်း၊ သားဖွားမီးယပ်ဆောင်၊ တိုးချဲ့စာသင်ဆောင် တည်ဆောက်မှုလုပ်ငန်း၊ ခွဲစိတ်ခန်း၊ ခွဲစိတ်ဆောင်၊ ဖျားနာဆောင်၊ ကလေးကုသဆောင်၊ ဆေးသိုလှောင်ခန်းနှင့် ဓာတ်ခွဲခန်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✻ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✻ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✻ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များ အစုအဖွဲ့ အစည်းအဝေးကျင်းပ

ရန်ကုန် ဇွန် ၂၂

အမျိုးသားညီလာခံ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ အစုအဖွဲ့ အစည်းအဝေးကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ဆွေးနွေးပွဲခန်းမ(၇)၌ကျင်းပရာ သဘာပတိ အဖွဲ့ဝင်များနှင့် နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့မှ ညီလာခံကိုယ်စားလှယ်များ တက်ရောက်ကြသည်။ **စာမျက်နှာ ၁၂ ကော်လံ ၁ သို့**

အမျိုးသားညီလာခံသည် ကျွန်ုပ်တို့ တိုင်းရင်းသားအားလုံး၏ အရေးကိစ္စဖြစ်သည်။

ကြေးမုံ The Mirror

၂၃-၆-၂၀၀၄
(ဗုဒ္ဓဟူးနေ့)

မြို့နယ်ဒေသ ပိုမိုဖွံ့ဖြိုးတိုးတက်ရေး စေတနာအား၊ ဝီရိယစွမ်းအားဖြင့် ကြိုးပမ်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် တိုင်းရင်းသားပြည်သူများ၏ လူနေမှုဘဝမြင့်မားရေးနှင့် စီးပွားရေးဖြစ်ထွန်း တိုးတက်ရေးတို့ကိုရှေးရှုပြီး ဒေသအလိုက် ဖွံ့ဖြိုးရေးလိုအပ်ချက်များကို တည်ဆောက်ဖြည့်ဆည်းပေးလျက် ရှိသည်။

မြန်မာနိုင်ငံသည် လယ်ယာစိုက်ပျိုးရေးကို အဓိကအားထားရသည့်နိုင်ငံဖြစ်ရာ အမျိုးသားစီးပွားရေးဘဝ တိုးတက်ခိုင်မာရေးအတွက် လယ်ယာကဏ္ဍကို အခြေပြု ကြိုးပမ်းလျက်ရှိသည်။

နိုင်ငံတော်က လယ်ယာစိုက်ပျိုးရေးကဏ္ဍ ကုန်ထုတ်လုပ်မှု တိုးတက်မြင့်မားလာစေရေးအတွက် စိုက်ပျိုးရေ လုံလောက်စွာရရှိစေရန် ဆည်တမံများ၊ မြစ်ရေတင်စီမံကိန်းများ၊ မြေအောက်ရေရရှိရေး အစီအမံများကို အရှိန်အဟုန်ဖြင့် တည်ဆောက်ပေးလျက်ရှိသည်။

နိုင်ငံတော် တာဝန်ရှိပုဂ္ဂိုလ်များသည် ပြည်ထောင်စုတစ်ဝန်းဒေသအနှံ့သို့သွားရောက်၍ စိုက်ပျိုးရေး၊ ကုန်ထုတ်လုပ်မှု တိုးတက်ရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ပညာရေး၊ ကျန်းမာရေး လိုအပ်ချက်များကို စီမံဖြည့်ဆည်းပေးလျက် ရှိသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် သည် အဖွဲ့ဝင်များ လိုက်ပါလျက် ဇွန်လ ၂၀ ရက်နေ့က မကွေးတိုင်း အတွင်း မကွေးမြို့၊ မြို့သစ်မြို့၊ နတ်မောက်မြို့၊ ရေနံချောင်းမြို့နှင့် ပွင့်ဖြူမြို့တို့သို့ သွားရောက်၍ ပြည်သူ့ဆေးရုံများ၊ အခြေခံပညာအထက်တန်း ကျောင်းများ၊ တည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များကို ဖြည့်ဆည်းပေးကာ သက်ဆိုင်သူများအား လုပ်ငန်းဆိုင်ရာများ မှာကြားခဲ့သည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ခရီးစဉ်အတွင်း ရေနံချောင်းမြို့သို့ရောက်ရှိစဉ် သက်ဆိုင်ရာမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံရာတွင် **နိုင်ငံတော်က စီမံခန့်ခွဲမှု ယန္တရားများကို ဗဟိုမှ ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စုအဆင့်အထိ စနစ်တကျဖွဲ့စည်းတာဝန်ပေးထားပြီးဖြစ်ကြောင်း၊ စီမံခန့်ခွဲမှုယန္တရားကို မှန်မှန်ကန်ကန် လည်ပတ်နိုင်ရေးမှာ အုပ်ချုပ်ရေးတာဝန် ထမ်းဆောင်နေကြသော တာဝန်ရှိသူများ၏ အခန်းကဏ္ဍသည် အဓိကကျကြောင်း၊ ထို့ကြောင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအနေဖြင့် ဝီရိယအား၊ စေတနာအားတို့ဖြင့် မိမိတာဝန်ယူရသောဒေသ၏ ဖွံ့ဖြိုးတိုးတက်ရေးကို ဖိဖိစီးစီး အလေးထားဆောင်ရွက်ကြရန်လိုကြောင်း** မှာကြားခဲ့သည်။

မကွေးတိုင်း မြို့သစ်မြို့နယ်တွင် နတ်မောက်ဆည်၊ ပုလင်းဆည်၊ စွန်ချောင်းဆည်၊ ဆဒ္ဒန်ဆည်နှင့် ဘုတ်ချောင်းဆည် တို့မှ ဆည်ရေများ အပြည့်အဝရရှိသဖြင့် စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။အဓိကသီးနှံများကို အောင်မြင်စွာ စိုက်ပျိုးနိုင်ပြီး ဒေသဝမ်းစာ ဆန်နှင့်ဆီဖူလုံသော ဒေသဖြစ်သည်။ တိုင်းအတွင်းရှိ အခြားမြို့နယ်များသို့ ဒေသဝမ်းစာ ကူညီဖြည့်ဆည်းပေးနိုင်ရေး သီးနှံများ တိုးချဲ့စိုက်ပျိုးသွားကြရမည်ဖြစ်သည်။

နတ်မောက်မြို့နယ်တွင် နိုင်ငံတော်က တည်ဆောက်ပေးသောဆည်၊ ကျေးလက်ဖွံ့ဖြိုးရေးဆည်နှင့်ကိုယ့်အားကိုယ်ကိုး ဆည်တို့မှ စိုက်ပျိုးရေ ရရှိ၍ ၂၀၀၁-၂၀၀၂ ခုနှစ်မှ ယခုနှစ်အထိ စိုက်ဧကများ တိုးတက်ရရှိလျက်ရှိသည်။ဒေသဝမ်းစာနှင့် ဆီဖူလုံပိုလျှံထွက်ရှိရေး ဆက်လက်ကြိုးပမ်းသွားကြရမည် ဖြစ်သည်။

ပွင့်ဖြူမြို့နယ်တွင် အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့အထည်အလိပ်လုပ်ငန်းက ပွင့်ဖြူချည်မျှင်နှင့် အထည်စက်ရုံ စီမံကိန်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။ ပင်မစက်ရုံအတွင်း ချည်မျှင်စက်၊ လွန်းမဲ့ရက်ကန်းစက်များကို တပ်ဆင်လျက်ရှိပြီး တည်ဆောက်မှုလုပ်ငန်းများ အချိန်မီပြီးစီးရေး ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

သို့ဖြစ်ရာနိုင်ငံတော်အစိုးရက ပြည်နယ်နှင့်တိုင်းအလိုက် စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်လာစေရန် အဘက်ဘက်က အားပေး ကူညီဖြည့်ဆည်းပေးလျက်ရှိချိန်တွင် သက်ဆိုင်ရာ မြို့နယ်အလိုက် တာဝန်ရှိသူများနှင့် တိုင်းရင်းသား ပြည်သူများက မိမိတို့ မြို့ရွာဒေသများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် စေတနာအား၊ ဝီရိယစွမ်းအား အပြည့်အဝဖြင့် အားကြိုးမာန်တက် ကြိုးပမ်းဆောင်ရွက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

- ★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆို အလှူငွေနှင့်ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲကျင်းပ

ရန်ကုန် ဇွန် ၂၂

၂၀၀၄ခုနှစ် ဇူလိုင် ၃ရက် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် စေတနာရှင် အလှူရှင်များက အလှူငွေနှင့် ပစ္စည်းများလှူဒါန်းပွဲ အခမ်းအနားကို ယနေ့ နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် သံလွင်လမ်း အမှတ်(၁၃၂)ရှိ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အစည်းအဝေးခန်းမဌကျင်းပရာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ခင်ဝင်းရွှေက အလှူငွေနှင့် ပစ္စည်းများလက်ခံယူပြီး အလှူရှင်များအား ကျေးဇူးတင်စကားပြောကြားသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ပါမောက္ခ ဒေါက်တာဒေါ်မေမေရီ၊ ဒေါ်ခင်လေးသက်၊ ဒေါ်သန်းသန်းနွဲ့နှင့် ဒေါ်ခင်ခင်ဝင်း၊ အထွေထွေအတွင်းရေးမှူး ပါမောက္ခ ဒေါက်တာဒေါ်ခင်အေးဝင်း၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များနှင့် အလှူရှင်များ တက်ရောက်ကြသည်။

မြန်မာ အမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် စေတနာရှင် အလှူရှင်များက လှူဒါန်းသော အလှူငွေနှင့် ပစ္စည်းများကို မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးသက်က လက်ခံရယူစဉ်။

(သတင်းစဉ်)

လက်ခံရယူ

မြန်မာ အမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် စေတနာရှင် အလှူရှင်များက လှူဒါန်းသော အလှူငွေနှင့် ပစ္စည်းများကို မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေက လက်ခံရယူစဉ်။

(သတင်းစဉ်)

ပေးအပ်လှူဒါန်း

ရှေးဦးစွာ အလှူရှင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် နာယက နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့်ဇနီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ခင်ဝင်းရွှေ မိသားစုက အလှူငွေကျပ် ၁၀၀၀၀၀နှင့် ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးစောလှမင်းနှင့် ဇနီးဒေါ်ခင်ယုဆွေတို့က လှူဒါန်းငွေကျပ် ၁၀၀၀၀၀တို့ကို မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေက ပေးအပ်လှူဒါန်းရာ အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာဒေါ်မေမေရီက လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၏ ဇနီးများ၏ လှူဒါန်းငွေကျပ် ၃၀၀၀၀၀ကို အဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းက ကိုယ်စားပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌဒေါက်တာဒေါ်ခင်ဝင်းရွှေက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ငွေကျပ် ၂၀၀၀၀၀၀၊ ဦးထွန်းမြင့်-ဒေါ်အေးအေးညွန့် (ကြက်လျှာစွန်းဒံပေါက်ဆိုင်)က ငွေကျပ် ၁၅၀၀၀၀၀၊ ဦးဇော်ဝင်း (အာရုံဦးဆောက်လုပ်ရေး)က ငွေကျပ် ၁၀၀၀၀၀၀၊ ဦးတင့်ဆန်း(ACE ဆောက်လုပ်ရေး)က ငွေကျပ် ၁၀၀၀၀၀၀၊ ဦးမောင်ဝိတ်နှင့် မိသားစုက ငွေကျပ် ၁၀၀၀၀၀၀၊ ဂန္ဓမာရုံးသုံးစက်လုပ်ငန်း ကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးခင်မောင်လေးနှင့် ဇနီး မန်နေဂျင်းဒါရိုက်တာ ဒေါ်ကြူကြူတို့က ငွေကျပ် ၈၇၆၀၀၀တန်ဖိုးရှိ အိုလံပီယာမြန်မာလက်နှိပ်စက်တစ်လုံးနှင့် အင်္ဂလိပ်မြန်မာလက်နှိပ်စက်တစ်လုံး၊ ဦးစသန်းဦး(MSCဆောက်လုပ်ရေး)က ငွေကျပ် ၅၀၀၀၀၀၊ ဦးမောင်မောင် (ရွှေကမ္ဘာဆောက်လုပ်ရေး)ကငွေကျပ် ၅၀၀၀၀၀၊ ဦးရန်ဝင်း (A1 ဆောက်လုပ်ရေး)က ငွေကျပ် ၅၀၀၀၀၀၊ ဦးနော်အောင် (Aung Chan Tha Construction & Service Co., Ltd.)က ငွေကျပ်

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

မြန်မာ အမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် စေတနာရှင် အလှူရှင်များက လှူဒါန်း သော အလှူငွေနှင့် ပစ္စည်းများကို မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့က လက်ခံရယူစဉ်။

(သတင်းစဉ်)

✯ စာမျက်နှာ ၂ မှ

၅၀၀၀၀၀၊ ဦးရှိန်ဝင်း(တက်လမ်းဆောက်ရေး)က ငွေကျပ် ၅၀၀၀၀၀၊ ဦးသန်းလွင်–ဒေါ်မြင့်မြင့်ဇော် မိသားစုက ငွေကျပ် ၃၀၀၀၀၀၊ ဦးစိန်သစ် (TOSTA Co.,) က ငွေကျပ် ၃၀၀၀၀၀ ၊ အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်ဆယ်က ငွေကျပ် ၄၈၀၀၀၀ တန်ဖိုးရှိ ပုဆိုးအထည် ၆၀၀တို့ကို အသီးသီး ပေးအပ်လှူဒါန်းကြရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ ဦးစိုးမြင့်(FMI)က ငွေကျပ် ၃၀၀၀၀၀၊ ဒေါက်တာခင်ရွှေ (ဇေကမ္ဘာကုမ္ပဏီလီမိတက်) ဇနီး ဒေါ်စန်းစန်းကြွယ် (မြရိပ်ညိုရှိုင်ရယ်ဟိုတယ်)က ငွေကျပ် ၂၀၀၀၀၀၊ ဦးဉာဏ်သစ်လှိုင် (New Generation Construction) က ငွေကျပ် ၂၀၀၀၀၀၊ ဦးထွန်းဝင်း (TW ဆောက်လုပ်ရေး)က ငွေကျပ် ၂၀၀၀၀၀၊ ဦးမောင်မောင်ကြီး (မောင်မောင်ကြီး–ဆောက်လုပ်ရေး)က ငွေကျပ် ၂၀၀၀၀၀ တို့ကို အသီးသီး ပေးအပ်လှူဒါန်းကြရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးသက်က လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ထို့နောက် အမှတ်(၂) စက်မှုဝန်ကြီးဌာန၊ (T Care) သွားနှင့်ခံတွင်းဆေးကုခန်း၊ မြန်မာအမျိုးသမီး စီးပွားရေး စွမ်းဆောင်ရှင်အသင်း အကြံပေး ပုဂ္ဂိုလ် ဒေါ်ဝါဝါထွန်း၊ တွဲဖက် ဘဏ္ဍာရေးမှူး ဒေါ်မြင့်မြင့်တို့က ငွေကျပ် ၁၀၀၀၀၀ စီကိုလည်းကောင်း၊ အတွင်းရေးမှူး ဒေါ်လှဝတီက ငွေကျပ် ၅၀၀၀၀ နှင့် အဖွဲ့ဝင် ဒေါ်ခင်အေးမြင့်၊ ဒေါ်ဆိုင်းညွန့်၊ ဒေါ်ခင်ယု၊ ဒေါ်ဝေဝေ၊ ဒေါ်စန်းမြင့်၊ ဒေါ်နီနီဦး၊ ဒေါ်ခင်ချိုသက်၊ ဒေါ်နီနီနိုင်၊ ဒေါ်အေးအေးသောင်းတို့က လှူဒါန်းငွေကျပ် ၁၃၀၀၀၀၊ ဦးမင်းဒင်–သီရိသုဓမ္မသိင်္ဂီဝင်းဝင်းအေး (ခ) မကြီး၊ ဦးဇော်မင်းဦး–သီရိသုဓမ္မသိင်္ဂီ ဝင်းဝင်းဌေး(ခ)မငယ် (အောင်ရတနာပွဲရုံ)တို့က ငွေကျပ် ၁၀၀၀၀၀ စီတို့ကို အသီးသီး ပေးအပ်လှူဒါန်းကြရာ အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ကျေးဇူးတင်စကား

ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေက အလှူရှင်များအား ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယနေ့လှူဒါန်းပွဲတွင် အလှူရှင် ၃၈ဦး၏ လှူဒါန်းငွေ စုစုပေါင်းမှာ ငွေကျပ် ၁၃၃၃၆၀၀၀ ဖြစ်သည်။

(သတင်းစဉ်)

လက်ခံတွေ့ဆုံ

ဇွန် ၂၂ရက်က ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌကိုယ်စား နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တာဝန်ထမ်းဆောင်ခြင်းပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အီရန်သမ္မတနိုင်ငံသံအမတ်ကြီး Mr. Rasoul Eslami အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။

(သတင်း–ကျော်ဖုံး) (သတင်းစဉ်)

အမျိုးသားညီလာခံ ကိုယ်စားလှယ်များအား ရုပ်ရှင်ဇာတ်ကားဖြင့် ဖြသဖျော်ဖြေ

ရန်ကုန် ဇွန် ၂၂

အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ၊ ဖျော်ဖြေရေးနှင့် သက်သာချောင်ချိရေးဆပ်ကော်မတီက အမျိုးသားညီလာခံသို့ တက်ရောက်လျက်ရှိကြသော ညီလာခံကိုယ်စားလှယ်များ အပန်းဖြေနိုင်ရေးအတွက် နေ့စဉ် ည ၇နာရီမှ စတင်၍ ဖျော်ဖြေရေးအစီအစဉ်များကို ညောင်နှစ်ပင်စခန်းရှိ မိုးလုံလေလုံ အားကစားခန်းမ၌ ဖျော်ဖြေတင်ဆက်လျက်ရှိသည်။

ကြည့်ရှုအပန်းဖြေ

ယမန်နေ့ညပိုင်းတွင် ဒါရိုက်တာ အကယ်ဒမီမောင်တင်ဦး ရိုက်ကူးပြီး သရုပ်ဆောင် ကျော်ဟိန်း၊ မင်းမော်ကွန်း၊ အိန္ဒြာကျော်ဇင်၊ တင့်တင့်ထွန်းတို့ ပါဝင်သရုပ်ဆောင်ထားသည့် **"နေကမွေးတဲ့လ"** ရုပ်ရှင်ဇာတ်ကားဖြင့် ပြသဖျော်ဖြေတင်ဆက်ရာ ညီလာခံကိုယ်စားလှယ်များ ကြည့်ရှုအပန်းဖြေကြသည်။

(သတင်းစဉ်)

ပြည်ထောင်စုခိတ်ဓာတ်

✧ တောင်ပေါ်က သွေးချင်းတွေ
မာပါစေ ဆုတောင်း၏။

✧ ဆေးဝါး ဆရာဝန်နဲ့
အာရောဂျံ ပရမံလာဘ်ကို
ပေးအပ်ပါဘိ။ ။

✧ နယ်စပ်က သားချင်းတွေ
တတ်ပါစေ ဆန္ဒရှိ။

✧ ရွှေအိုး ယှူငင်ပါလို့
မြတ်ဆရာ သုံးခိုင်ပန်းနဲ့
မြန်းကြွပါဘိ။ ။

✧ ဝေးရပ်က တိုင်းရင်းဆွေ
အေးချမ်းစေ ဆုခြွေ၏။

✧ ရန်မီးဖယ်ခွာသွေလို့
ဥပဒေမားမားရပ်
စောင့်ကြပ်ပါဘိ။ ။

✧ ရင်ထဲက စေတနာ....။

✧ အပြောတင် ဘယ်မဟုတ်
အလုပ်လည်း ပါ။

✧ အလုပ်ရဲ့သက်သေဟာ
ဘယ်နေရာကြည့်ကြည့်။

✧ ယခင်နှင့်မတူ
အသွင်သစ်တွေ သက်သေထူစို့
နောက်ကျသူ တိုင်းရင်းသားကိုလ
ထောက်, မ, ကူ ရိုင်းပင်းထားတာကြောင့်
ခုများ မယုံနိုင်စရာပေါ့
ပဒေသာ မြေမှာပေါက်သည့်နှယ်
အံ့လောက်ဖွယ်အတိ။ ။

[နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးကို ဂုဏ်ပြုစပ်ဆိုပါသည်။]

ကို (တက္ကသိုလ်)

ရန်ကုန်မိုးရေချိန်

(၂၂–၆–၂၀၀၄)

ကမ္ဘာအေး	–	၀ ဒသမ ၇၉လက်မ
ရန်ကုန်မြို့လယ်	–	၀ ဒသမ ၂၀လက်မ
မင်္ဂလာဒုံ	–	၀ ဒသမ ၁၉လက်မ

မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့ ဇာတ်လမ်းပမာထုတ်လွှင့်မည်

ရန်ကုန် ဇွန် ၂၂

ဇွန် ၂၆ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် "သပြေနု" ရေးသားသည့် "အသက်ထက်ပို၍" ဇာတ်လမ်းပမာကို မြန်မာ့အသံ(ရေဒီယို)က ဇွန် ၂၄ရက် ည ၇နာရီ ၁၅မိနစ်နှင့် ဇွန် ၂၅ရက် မွန်းလွဲ ၁၂နာရီခွဲတို့တွင် ထုတ်လွှင့်မည်ဖြစ်သည်။

အဆိုပါ ဇာတ်လမ်းပမာတွင် ရုပ်ရှင်သရုပ်ဆောင် အကယ်ဒမီ ခင်စိုးပိုင်၊ ဗီဒီယိုသရုပ်ဆောင် မိုးယံဇွန်နှင့် မြန်မာ့အသံဝန်ထမ်းများ ပါဝင်သရုပ်ဆောင်ထားကြသည်။

(သတင်းစဉ်)

(၂၃)ကြိမ်မြောက် အာဆီယံ ခရီးသွားလုပ်ငန်း ဈေးကွက်မြှင့်တင်ရေးလုပ်ငန်းအဖွဲ့အစည်းအဝေး
(၁၁)ကြိမ်မြောက် အာဆီယံခရီးသွားလုပ်ငန်း ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းအဖွဲ့အစည်းအဝေး
(၁၁)ကြိမ်မြောက် ခရီးသွားလုပ်ငန်း လူ့စွမ်းအား ဖွံ့ဖြိုးမှုလုပ်ငန်းအဖွဲ့အစည်းအဝေး

မြန်မာနိုင်ငံ၊ တောင်ကြီးမြို့
၂၀၀၄ ဇွန်လ ၂၈ ရက်နေ့မှ ၂၉ ရက်နေ့အထိ



ရန်ကုန်မြို့ လသာမြို့နယ် (၇)ရပ်ကွက် ၂၄ လမ်း အမှတ်(၇၂) နေ အမိဒေါ်စောတင်(၉၄)နှစ်ပြည့် အမှူးထားပြီး သား ဦးတင်အောင်၊ ဒေါ်ကျင်ကျင်လှနှင့် သားများက သုံးထပ် ဘိုးဘွားဆေးရုံသစ်ကြီး တည်ဆောက်ရန်အတွက် ငွေကျပ် တစ်သိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာအုပ်ချုပ်ရေးအဖွဲ့ တွဲဖက်ဘဏ္ဍာရေးမှူး ဦးမောင်မောင်ကြီးသို့ ဇွန် ၁၉ရက်က ပေးအပ်လှူဒါန်းစဉ်။

(က–ပ)

ကြေးမုံ
The Mirror
နိုင်ငံတကာ သတင်းများ

ဖော်လူဂျာမြို့တွင် ကန်၏ လေကြောင်းတိုက်ခိုက်မှုကြောင့် အီရတ်ပြည်သူ ၁၈ဦး သေဆုံး

ဖော်လူဂျာ(အီရတ်)   ဇွန်   ၂၁

အီရတ်နိုင်ငံ ဖော်လူဂျာမြို့ရှိ ဆွန်နီခုခံတိုက်ခိုက်ရေးသမားများ ပုန်းအောင်းနေသည်ဟု သံသယရှိသည့်နေရာများကို အမေရိကန်က တနင်္ဂနွေနေ့က လေကြောင်းမှတိုက်ခိုက်ခဲ့ရာ အီရတ် ၁၈ဦး သေဆုံးပြီး ရှစ်ဦးဒဏ်ရာရရှိကြောင်း ဒေသခံများက ပြောကြားသည်။

အဆိုပါသတင်းသာ အတည်ပြုချက်ရရှိလျှင် ဘဂ္ဂဒက်မြို့ အနောက်ဘက်မိုင် ၃၀ အကွာရှိ မတည်မငြိမ်ဖြစ်နေသော ဖော်လူဂျာမြို့တွင် အမေရိကန်တို့၏ လေကြောင်းမှ တိုက်ခိုက်မှုသည် တစ်လကြာ အပြင်းအထန်တိုက်ပွဲဖြစ်ပွားပြီးနောက် မေလဆန်းက အဆိုပါမြို့မှ အမေရိကန် မရိန်းတပ်ဖွဲ့ဝင်များ ရုပ်သိမ်းခဲ့ချိန်နောက်ပိုင်း ပထမဆုံးအကြိမ် တိုက်ခိုက်မှုဖြစ်သည်။

သင့်လျော်မည်မဟုတ်

အမေရိကန် စစ်ဘက်ဆိုင်ရာက အဆိုပါသတင်းနှင့် ပတ်သက်၍ ဝေဖန်ပြောကြားခြင်း မရှိပေ။ ယခုကဲ့သို့သော အချိန်မျိုးတွင် မိမိတို့အနေဖြင့် ဝေဖန်ပြောကြားရန် သင့်လျော်မည်မဟုတ်ကြောင်း အမေရိကန် စစ်ဘက်ဆိုင်ရာ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

မိမိတို့ဆေးရုံမှ မှတ်တမ်းအရ သေဆုံးသူဦးရေမှာ ၁၈ဦးရှိပြီး ရှစ်ဦးဒဏ်ရာရရှိကြောင်းဖြင့် ဖော်လူဂျာမြို့ဆေးရုံမှ ဆရာဝန်တစ်ဦးဖြစ်သူ မိုဟာမက် အစ္စမေးလ်က ပြောကြားသည်။

မြေမြှုပ်သင်္ဂြိုဟ်

သို့ရာတွင် ဒေသခံများကမူ အလောင်း ၂၄ လောင်းကို မြေမြှုပ်သင်္ဂြိုဟ်ခဲ့ကြောင်း၊ အချို့သေဆုံးသူများကို သင်္ချိုင်းသို့ တိုက်ရိုက်သယ်ဆောင်သွားခဲ့ကြကြောင်း ပြောကြားသည်။ ယင်းသတင်းနှင့် ပတ်သက်၍ တရားဝင် အတည်ပြုနိုင်ခြင်း မရှိသေးပေ။

ပျက်စီး

လေကြောင်းမှ တိုက်ခိုက်ခံရမှုကြောင့် ပျက်စီးခဲ့သည့် နေအိမ်နှစ်အိမ်၏ အပျက်အစီးများအောက်တွင် အလောင်းများ ရှိနေသေးကြောင်း ဒေသခံများက ပြောကြားသည်။ ဖော်လူဂျာမြို့ ဂျိုလန်အရပ်တွင် ဖြစ်ပွားသည့် အဆိုပါ တိုက်ခိုက်မှုကြောင့် အခြားနေအိမ်များလည်း ပျက်စီးခဲ့သည်။ *အင်တာနက်။*

ဇွန် ၂၀ ရက်က အီရတ်နိုင်ငံ ဖော်လူဂျာမြို့တွင် အမေရိကန်တပ်ဖွဲ့၏ လေကြောင်းမှ တိုက်ခိုက်မှုကြောင့် ပျက်စီးနေသော နေအိမ်များကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အီရတ်သို့ တပ်ဖွဲ့များစေလွှတ်မည်မဟုတ် တူနီးရှား နိုင်ငံခြားရေးဝန်ကြီးဌာန ကြေညာ

တူးနစ်   ဇွန်   ၂၁

တူနီးရှားနိုင်ငံက အီရတ်နိုင်ငံသို့ တပ်ဖွဲ့များ စေလွှတ်သွားမည်ဆိုသော ပြောဆိုချက်မှာ မှန်ကန်ခြင်းမရှိကြောင်း တူနီးရှားအစိုးရအဖွဲ့က စနေနေ့တွင် ပြောကြားသည်။

ယခုရက်သတ္တပတ်အတွင်း အစ္စတန်ဘူလ်တွင် ကျင်းပသည့် အစ္စလမ္မစ်ညီလာခံအဖွဲ့(အိုအိုင်စီ) ဝန်ကြီးအဆင့် အစည်းအဝေး ကာလအတွင်း အီရတ်သို့ တပ်ဖွဲ့စေလွှတ်ရန် တူနီးရှားနိုင်ငံက အသင့်ရှိနေသည်ဟု အမည်မဖော်သူ အာရပ်ဝန်ကြီးတစ်ဦးက အလွှတ်သဘော ပြောဆိုခဲ့ပြီး ယင်းပြောဆိုချက်ကို တူနီးရှားအစိုးရက ငြင်းဆိုလိုက်ခြင်းဖြစ်သည်။

အီရတ်သို့ တပ်ဖွဲ့စေလွှတ်ရန် မိမိတို့အစိုးရက တစ်ဖက်သတ်ဆုံးဖြတ်မည်မဟုတ်ကြောင်း နိုင်ငံခြားရေး ဝန်ကြီးဌာန၏ ထုတ်ပြန်ကြေညာချက်တွင် ဖော်ပြထားသည်။

အဆိုပါကိစ္စကို အိုအိုင်စီ အစည်းအဝေးတွင် အချေအတင် ဆွေးနွေးခဲ့ခြင်း မရှိကြောင်း၊ အာရပ် သို့မဟုတ် အစ္စလမ္မစ်နိုင်ငံအချို့က အီရတ်သို့ တပ်ဖွဲ့များ စေလွှတ်ဖွယ်ရှိသည်ဆိုသော မီဒီယာသတင်းများ၏ ရေးသားဖော်ပြချက်မှာ မှန်ကန်ခြင်း မရှိကြောင်း၊ တူနီးရှားက အီရတ်သို့ တပ်ဖွဲ့စေလွှတ်ရေးကိစ္စကို အချေအတင် ဆွေးနွေးခဲ့ခြင်း မရှိသလို သုံးသပ်လေ့လာနေခြင်းလည်း မရှိကြောင်း ထုတ်ပြန်ကြေညာချက်တွင် ဖော်ပြထားသည်။

အင်တာနက်။

လက်ဘနွန်စားစာခံကို ပြန်လည်လွှတ်ပေး

ဘေရွတ်   ဇွန်   ၂၁

အီရတ်နိုင်ငံမှ ပြန်ပေးသမားများသည် အီရတ်နိုင်ငံ၌ နောက်ဆုံးအဖမ်းခံထားရသည့် လက်ဘနွန်စားစာခံကို စနေနေ့က ပြန်လည်လွှတ်ပေးလိုက်ကြောင်း လက်ဘနွန်နိုင်ငံခြားရေးဝန်ကြီးဌာန သတင်းရပ်ကွက်က ပြောကြားသည်။

လွန်ခဲ့သည့် သီတင်းပတ်ကုန်ပိုင်းက အီရတ်တွင် ဖမ်းဆီးခံခဲ့ရသည့် ဂျော့စ်ဖရန်ဒိုသည် ကျန်းမာရေးအခြေအနေ ကောင်းမွန်ကြောင်း အဆိုပါ သတင်းရပ်ကွက်က ပြောကြားသည်။ သို့ရာတွင် အခြားအသေးစိတ် အချက်အလက်များကိုမူ ဖော်ပြခြင်း မရှိပေ။

အီရတ်နိုင်ငံမှ ပြန်ပေးသမားများသည် အခြားလက်ဘနွန်နိုင်ငံသားတစ်ဦးဖြစ်သည့် ဂျမေးလ်ဒီကို ကြာသပတေးနေ့တွင် ပြန်လွှတ်ပေးခဲ့သည်။ ဒီနှင့် ဖရန်ဒိုတို့သည် စပိုင်ဒန်ဟုခေါ်သည့် ကုမ္ပဏီအတွက် အီရတ်နိုင်ငံတွင် အလုပ်လုပ်ကိုင်နေသည့် လက်ဘနွန်နိုင်ငံသားများ ဖြစ်ကြသည်။

မသိရှိ

အီရတ်နိုင်ငံ၌ အခြားလက်ဘနွန်နိုင်ငံသား ဓားစာခံများရှိသည်ကို မသိရှိကြောင်း လက်ဘနွန်နိုင်ငံခြားရေးဝန်ကြီးဌာန သတင်းရပ်ကွက်က ပြောကြားသည်။

ဖမ်းဆီးခံရ

အမေရိကန်ဦးဆောင်၍ အီရတ်နိုင်ငံကို ဝင်ရောက်ကျူးကျော်ခဲ့ချိန်နောက်ပိုင်း အီရတ်နိုင်ငံတွင် အနည်းဆုံး လက်ဘနွန်နိုင်ငံသား လေးဦးမှာ အီရတ်နိုင်ငံ၌ ဓားစာခံများအဖြစ် ဖမ်းဆီးခံရသည်။ လက်ဘနွန်နိုင်ငံသားတစ်ဦးဖြစ်သည့် ဟူစိန်အလီအယ်ယန်သည် သတ်ဖြတ်ခံခဲ့ရပြီး အီရတ်နိုင်ငံသား လုပ်ဖော်ကိုင်ဖက်နှစ်ဦးတို့နှင့်အတူ ၎င်း၏အလောင်းကို လမ်းဘေးတွင် စွန့်ပစ်ခံခဲ့ရသည်။ *အမ်အင်အေ၊ရိုက်တာ။*

တိုက်ဂရစ်မြစ် အရှေ့ဘက်ကမ်းတွင် လမ်းဘေးဗုံး ပေါက်ကွဲ၍ သုံးဦးဒဏ်ရာရ

ဘဂ္ဂဒက်   ဇွန်   ၂၁

အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက်ရှိ အယ်လ်ရှုဟာဒါတံတားအနီး တိုက်ဂရစ်မြစ်အရှေ့ဘက်ကမ်းတွင် တနင်္ဂနွေနေ့က လမ်းဘေးထောင် ဗုံးငယ်တစ်လုံး ပေါက်ကွဲခဲ့ရာ သုံးဦးဒဏ်ရာရရှိသည်။

ဒေသခံပြည်သူများ အလုပ်ဆင်းရန် သွားရောက်နေစဉ် ဒေသစံတော်ချိန် နံနက် ၇:၂၇ နာရီတွင် ဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး မီးခိုးလုံးများကို တွေ့မြင်ခဲ့ကြရသည်။

ဗုံးပေါက်ကွဲမှုကြောင့် ဒဏ်ရာရရှိသူများမှာ ဘတ်စ်ကားငယ်တစ်စီးနှင့် ဘတ်စ်ကားကြီးတစ်စီးတို့ဖြင့် သွားလာနေသူများဖြစ်ကြောင်း ရဲမှူးတစ်ဦးက ပြောကြားသည်။ *အင်တာနက်။*

ဇွန် ၂၀ ရက်က အီရတ်နိုင်ငံ ဖော်လူဂျာမြို့တွင် ကင်းလှည့်နေသော အမေရိကန် မရိန်းတပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အီရတ်၌ လုံခြုံရေးအခြေအနေ ဆိုးရွားနေ ဂျာမနီ ဆီးမင်းကုမ္ပဏီမှ ဝန်ထမ်းများ ပြန်ခေါ်

ဘာလင်   ဇွန်   ၂၁

ဂျာမနီနိုင်ငံမှ နည်းပညာပိုင်းဆိုင်ရာ ထိပ်တန်းကုမ္ပဏီအုပ်စုကြီးဖြစ်သည့် ဆီးမင်းသည် တဖြည်းဖြည်း ဆိုးရွားလာသည့် လုံခြုံရေးအခြေအနေကြောင့် အီရတ်နိုင်ငံမှ ၎င်း၏ဝန်ထမ်းအချို့ကို ထပ်မံ ပြန်လည်ရုပ်သိမ်းနေကြောင်း တနင်္ဂနွေနေ့ထုတ် ဂျာမနီသတင်းစာတစ်စောင်၌ ရေးသားဖော်ပြထားသည်။

ငြင်းဆန်

လုံခြုံရေးအကြောင်းများကြောင့် အဆိုပါ သတင်းနှင့်ပတ်သက်၍ ဝေဖန်ပြောကြားရန် ကုမ္ပဏီပြောရေးဆိုခွင့်ရှိသူက ငြင်းဆန်သည်။

အီရတ်နိုင်ငံရှိ ဆီးမင်းကုမ္ပဏီမှ ဂျာမန်အလုပ်သမားများကိုသာ ပြန်လည်ခေါ်ယူခြင်းဖြစ်ပြီး အခြားနိုင်ငံများမှ အလုပ်သမားများကိုမူ ဆက်လက်ထားရှိမည်ဖြစ်သည်။

ဆီးမင်းကုမ္ပဏီသည် ကူဝိတ်အခြေစိုက် ကုမ္ပဏီကြီးအတွက် မိုဘိုင်းတယ်လီဖုန်းလုပ်ငန်းကို တည်ဆောက်လျက်ရှိပြီး အမေရိကန် ဘက်ချ်တဲလ်ကော်ပိုရေးရှင်းအတွက် လျှပ်စစ်ဓာတ်အားပေးရေး စက်ရုံနှစ်ရုံကိုလည်း ပြုပြင်မွမ်းမံလျက်ရှိသည်။

မပြောကြား

အဆိုပါ ကုမ္ပဏီသည် ဧပြီလကလည်း ဝန်ထမ်းအချို့ကို အီရတ်နိုင်ငံမှ ရုပ်သိမ်းခဲ့သော်လည်း မည်ရွေ့မည်မျှ ပြန်ခေါ်သည်ဆိုသည်ကို ပြောကြားခြင်း မရှိပေ။ ယခုလည်း လုံခြုံရေးအရ အီရတ်နိုင်ငံ၌ ဆီးမင်းကုမ္ပဏီဝန်ထမ်း မည်ရွေ့မည်မျှ လုပ်ကိုင်နေသည်ကို မပြောကြားပေ။

အင်တာနက်။

နိုင်ငံတကာ သတင်းများ

တောင်ကိုရီးယားတစ်ဦးအား အီရတ်နိုင်ငံတွင် ဓားစာခံအဖြစ်ဖမ်းထား တောင်ကိုရီးယားတပ်ဖွဲ့ ရုပ်သိမ်းပေးရန် တောင်းဆို

ဘဂ္ဂဒက်(အီရတ်) ဇွန် ၂၁

အာရပ်ရုပ်/သံလွှင့်ဌာနတစ်ခုဖြစ်သော အယ်လ်ဂျာဇီးယားသတင်းဌာနက တနင်္ဂနွေနေ့တွင် သတင်းတိပ်ခွေတစ်ခွေကို လွှင့်ထုတ်ခဲ့သည်။ ထိုတိပ်ခွေသည် အယ်လ်ခိုင်ဒါနှင့် အဆက်အသွယ်ရှိသော လက်နက်ကိုင်များထံမှ လာသည်ဟု ယူဆရကြောင်း သတင်းများက ဆိုသည်။ ထိုသတင်းတိပ်ခွေတွင် ဓားစာခံအဖြစ် အဖမ်းခံထားရသူ တောင်ကိုရီးယားနိုင်ငံသားက ၎င်း၏အသက်ဘေးမှ လွတ်မြောက်ရေးအတွက် ကူညီပါရန် တောင်ကိုရီးယားအစိုးရကို ပန်ကြားထားသည်။ ထို့အပြင် အီရတ်နိုင်ငံရောက် တောင်ကိုရီးယားတပ်ဖွဲ့များကိုလည်း ပြန်လည်ရုပ်သိမ်းပေးရန် တောင်းဆိုကြောင်းသိရသည်။

တောင်ကိုရီးယားဓားစာခံကိုဖမ်းဆီးထားသူများက ၎င်းတို့သည် အဘူမူဆာ အယ်လ်ဇာကာဝီနှင့် ဆက်စပ်နေသော အဖွဲ့မှဖြစ်ကြောင်း အသိပေးခဲ့သည်။ အကယ်၍ တောင်ကိုရီးယားအစိုးရက ၂၄နာရီအတွင်း လက်နက်ကိုင်အဖွဲ့များ၏ တောင်းဆိုမှုကို မလိုက်လျောလျှင် တောင်ကိုရီးယား၏ ဓားစာခံဦးခေါင်းကို ပို့ပေးလိုက်မည်ဖြစ်ကြောင်း အကြောင်းကြားထားသည်။

ဖော်လူဂျာဒေသတွင် အဖမ်းခံခဲ့ရသော တောင်ကိုရီးယား ဓားစာခံမှာ အသက် ၃၃ နှစ်အရွယ်ရှိ ကင်ဆမ်အယ်ဆိုသူဖြစ်ပြီး အာရပ်ထရေးဒင်း အမည်ရှိ တောင်ကိုရီးယားကုမ္ပဏီမှ ဝန်ထမ်းတစ်ဦးဖြစ်ကြောင်း ဝိုင်တီအမ် တောင်ကိုရီးယားရုပ်/သံက ဆိုသည်။

အီရတ်နိုင်ငံ မြောက်ပိုင်းသို့ တောင်ကိုရီးယားတပ်ဖွဲ့ဝင် ၃၀၀၀ ကို လာမည့် ဩဂုတ်လ စောစောပိုင်းတွင် စေလွှတ်မည်ဖြစ်ကြောင်း ဇွန် ၁၈ ရက်က ကြေညာခဲ့သည်။ ဆော်ဒီအာရေဗျနိုင်ငံတွင် ဖမ်းဆီးထားသော အမေရိကန် ဓားစာခံ ပေါလ်ဂျွန်ဆင်ကိုလည်း အယ်လ်ခိုင်ဒါနှင့် အဆက်အစပ်ရှိသူ လက်နက်ကိုင်များက ခေါင်းဖြတ်သတ်ခဲ့သည်။ ထိုသတင်းထွက်ပေါ်လာပြီးနောက် နှစ်ရက်အကြာတွင် တောင်ကိုရီးယား ဓားစာခံနှင့် ပတ်သက်သောသတင်း ရုပ်/သံမှ ထုတ်လွှင့်သွားခြင်းဖြစ်သည်။ တောင်ကိုရီးယားအစိုးရက အီရတ်သို့ တပ်များထပ်မံစေလွှတ်မှု ပြီးစီးသွားသည့်အခါ ယင်းနိုင်ငံသည် အီရတ်နိုင်ငံတွင် တပ်အင်အား တတိယအများဆုံးချထားသောနိုင်ငံ ဖြစ်လာမည်။ ပထမအများဆုံးနိုင်ငံမှာ အမေရိကန်နိုင်ငံဖြစ်ပြီး ဒုတိယအများဆုံးနိုင်ငံမှာ ဗြိတိန်နိုင်ငံဖြစ်သည်။

တောင်ကိုရီးယားဓားစာခံနှင့် သက်ဆိုင်သော သတင်းလွှင့်ထုတ်ရာတွင် အဖမ်းခံထားရသူ ကိုရီးယားသည် မျက်နှာဖုံးစွပ်ထားသော လက်နက်ကိုင်သုံးဦး၏ရှေ့တွင် ဒူးထောက်နေသည့်ပုံများကို ပြသသွားသည်။ လက်နက်ကိုင်တစ်ဦးက တောင်ကိုရီးယားအစိုးရထံ ၎င်းတို့၏ တောင်းဆိုချက်များကို ဖတ်ကြားပြခဲ့သည်။

တောင်ကိုရီးယားအစိုးရက အီရတ်သို့ ထပ်မံစေလွှတ်မည့် တပ်ဖွဲ့ဝင်များကို မစေလွှတ်ရန်နှင့် စေလွှတ်ပြီး တပ်ဖွဲ့ဝင်များကိုလည်း ပြန်လည်ရုပ်သိမ်းရန် တောင်းဆိုထားသည်။ အကယ်၍ ၂၄နာရီအတွင်း မတုံ့ပြန်လျှင် ဓားစာခံအဖြစ် အဖမ်းခံထားရသူကို ခေါင်းဖြတ်စီရင်မည်ဖြစ်ကြောင်း၊ ထို့ပြင် ကိုရီးယားတပ်ဖွဲ့များကိုလည်း တိုက်ခိုက်သွားမည် ဖြစ်ကြောင်းပါ ကြေညာခဲ့သည်။

တောင်ကိုရီးယား ဓားစာခံကို ဖမ်းဆီးထားသူများက ၎င်းတို့၏ အဖွဲ့အမည်မှာ ဂျီဟတ်အဖွဲ့အစည်းတစ်ခု ဖြစ်ကြောင်း ကြေညာသည်။ ထိုအဖွဲ့ထံမှ နှစ်မိနစ်ကြာ သတင်းပါသော ဗီဒီယို တိပ်ခွေကို အယ်လ်ဂျာဇီးယားသတင်းဌာန၏ဘဂ္ဂဒက်ရုံးခွဲက လက်ခံရရှိခဲ့ခြင်းဖြစ်ကြောင်း အေပီသတင်းဌာနသို့ မိုဟာမက်အယ်လ်ဆာအစ်ဒ်က ပြောကြားခဲ့သည်။ အယ်လ်ဆာအစ်ဒ်သည် အယ်လ်ဂျာဇီးယားသတင်းဌာနမှ ဖြစ်သည်။

အဆိုပါ ဓားစာခံသတင်း ထွက်ပေါ်လာပြီးနောက် တောင်ကိုရီးယားနိုင်ငံသားများအတွက် အန္တရာယ်ရှိသဖြင့် အီရတ်နိုင်ငံသို့ မိမိနိုင်ငံသားများ မသွားကြရန် တောင်ကိုရီးယားအစိုးရက သတိပေးထားသည်။ ***အင်တာနက်။***

ဇွန် ၂၀ ရက်က တောင်ကိုရီးယားနိုင်ငံသား ကင်ဆမ်အယ်အား **အီရတ်လက်နက်ကိုင်များက ဓားစာခံ** အဖြစ် ဖမ်းဆီးထားသည်ကို အာရပ်ရုပ်/သံမှ ထုတ်လွှင့်ပြသစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

မလက္ကာ ရေကြောင်းလမ်းတွင် ပူးတွဲကင်းလှည့်ရန် အင်ဒိုနီးရှား အဆိုပြုချက်ကို စင်ကာပူ သဘောတူ

စင်ကာပူ ဇွန် ၂၁

မလက္ကာရေလက်ကြား ရေကြောင်းသွားလာရာလမ်းတွင် ပူးတွဲကင်းလှည့်ရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရန် အင်ဒိုနီးရှား၏ အဆိုပြုချက်ကို စင်ကာပူက တနင်္ဂနွေနေ့တွင် သဘောတူညီလိုက်သည်။

မလက္ကာရေလက်ကြားရှိရေကြောင်းလမ်းကို ကာကွယ်စောင့်ရှောက်ရန် စင်ကာပူနှင့် မလေးရှားက လုံခြုံရေးပူးတွဲတိုးမြှင့်မည်ဟု အင်ဒိုနီးရှားက လွန်ခဲ့သည့် ရက်သတ္တပတ်တွင် အဆိုပြုခဲ့သည်။ ၎င်းရေကြောင်းလမ်းတွင် ပင်လယ်ဓားပြများ မကြာခဏ တိုက်ခိုက်ရာ ရေကြောင်းလမ်းဖြစ်ပြီး အကြမ်းဖက်တိုက်ခိုက်သူများ၏ပစ်မှတ်အဖြစ် ရောက်ရှိဖွယ်ရှိနေသည်။

မလက္ကာနှင့် စင်ကာပူရေလက်ကြား လုံခြုံရေးအတွက် ရေကြောင်းသွားလာရေးတွင် ပိုမိုပူးပေါင်းဆောင်ရွက်ရေးအတွက် အင်ဒိုနီးရှား ရေတပ်ဦးစီးချုပ်၏ အဆိုပြုချက်ကို မိမိတို့လက်ကမ်းကြိုဆိုကြောင်း စင်ကာပူ ကာကွယ်ရေးဝန်ကြီး တီအိုချီဟန်က သတင်းထောက်များအား ပြောကြားသည်။

အင်ဒိုနီးရှား ရေတပ်ဦးစီးချုပ် ဘားနတ်ကင်ဆန်ဒက်က ၎င်း၏ တပ်မှူးများကို လက်နက်ကိုင်သမားများ၊ သို့မဟုတ် ပင်လယ်ဓားပြများအား အသေပစ်သတ်ရန် အမိန့်ထုတ်ပြန်ထားသည်။

ယင်းရေလက်ကြားတွင် တိုက်ခိုက်မှုသည် အာရှဒေသ၏ စီးပွားရေးအတွက် အချက်အချာကျသည့် ကဏ္ဍကို တိုက်ခိုက်ဖျက်ဆီးမှုပင်ဖြစ်သည်။ ကမ္ဘာ့ကုန်သွယ်မှု၏ လေးပုံတစ်ပုံကျော်မှ ရေနံထက်ဝက်မျှ ကုန်သွယ်မှုနှင့် ရေနံဓာတ်ငွေ့ရည် အများစုကို အဆိုပါ ရေလက်ကြားမှ ဖြတ်သန်းသယ်ဆောင်နေကြရသည်။ ဓာတ်ငွေ့သယ် သင်္ဘောသည် ပေါလောမျောနေသည့် ဧရာမဗုံးတစ်လုံးအဖြစ်ပြောင်းလဲသွားနိုင်ကြောင်း လုံခြုံရေးတာဝန်ရှိပုဂ္ဂိုလ်များက ပြောကြားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

အစုအပြုံလိုက်ဖျက်ဆီးနိုင်သော လက်နက်ဆိုင်ရာသတင်း စစ်ပွဲမတိုင်မီက အခိုင်အမာမရခဲ့ကြောင်း စီအိုင်အေအကြီးအကဲ ပြောကြား

နယူးယောက် ဇွန် ၂၂

အမေရိကန်ဗဟိုထောက်လှမ်းရေးအေဂျင်စီ(စီအိုင်အေ)သည် အီရတ်စစ်ပွဲမတိုင်မီ သတင်းရရာရကြောင်းဇာစ်မြစ်အနည်းငယ်သာရှိပြီး အီရတ်နိုင်ငံ၏ သက်မကင်းဖွယ်ရာ လက်နက်အစီအစဉ်များကိုလည်း နှံ့နှံ့စပ်စပ် သိရှိအောင် မစွမ်းဆောင်နိုင်ခဲ့ကြောင်း စီအိုင်အေ၏ သူလျှိုစစ်ဆင်ရေးများဆိုင်ရာ အကြီးအကဲ ဂျိမ်းစ်ပါဗစ်က ပြောကြားသည်။ ၎င်းသည် ရာထူးမှ နုတ်ထွက်တော့မည်ဖြစ်သည်။

ပြောကြား

ဝေဖန်ထောက်ပြသူအချို့ ပြောကြားသကဲ့သို့ အီရတ်စစ်ပွဲမဖြစ်မီက မိမိတို့အနေဖြင့် အီရတ်တို့ထံမှ သတင်းအချက်အလက် အလုံအလောက်မရရှိခဲ့ကြောင်း နိုင်ငံခြားရေးမူဝါဒအသင်းတွင် ၎င်းက ပြောကြားသည်။

အမေရိကန်တပ်ဖွဲ့ဝင်များ အီရတ်မြောက်ပိုင်းသို့ ခြေချခဲ့ချိန်အထိ သတင်းအချက်အလက် အနည်းငယ်သာရရှိခဲ့ကြောင်း ၎င်းကပြောသည်။

ပါဗစ်သည် ဩဂုတ်လတွင် လက်ရှိရာထူးမှ နုတ်ထွက်ရန် စီစဉ်ထားကြောင်း ပြောကြားထားသည်။ ***အင်တာနက်။***

အီရတ်၌သေဆုံးသည့် ကန်တပ်ဖွဲ့ဝင် ၈၃၇ဦးရှိပြီ

ဘဂ္ဂဒက် ဇွန် ၂၂

အီရတ်နိုင်ငံတွင် အမေရိကန်ဦးဆောင်သော အပေါင်းပါတပ်ဖွဲ့ဝင်များက လွန်ခဲ့သည့်နှစ် မတ်လတွင် စစ်ဆင်ရေးစတင်ပြုလုပ်ခဲ့သည်မှ ၂၀၀၄ ခုနှစ် ဇွန် ၂၁ ရက် တနင်္လာနေ့အထိ အီရတ်တွင်သေဆုံးခဲ့သော အမေရိကန်တပ်ဖွဲ့ဝင်ဦးရေမှာ ၈၃၇ ဦးဖြစ်သည်။ ယင်းအနက် ၆၁၇ဦးမှာ တိုက်ပွဲ၌ သေဆုံးပြီး ၂၂၀ ဦးမှာ အခြားအကြောင်းများကြောင့် သေဆုံးသည်ဟု အမေရိကန် ကာကွယ်ရေးဌာနက ပြောကြားသည်။

သေဆုံး

၂၀၀၃ ခုနှစ် မေလ ၁ ရက်၌ စစ်ပွဲပြီးဆုံးကြောင်း သမ္မတဘုရှ်က ကြေညာခဲ့ချိန်မှစပြီး အီရတ်၌ သေဆုံးခဲ့သော အမေရိကန်တပ်ဖွဲ့ဝင်ဦးရေမှာ ၆၉၉ ဦးဖြစ်ပြီး ယင်းအနက် ၅၀၈ ဦးမှာ တိုက်ပွဲ၌သေဆုံးပြီး ၁၉၁ ဦးမှာ အခြားအကြောင်းများကြောင့် သေဆုံးသည်ဟု စစ်ဘက်ဆိုင်ရာက ပြောကြားသည်။

ထို့ပြင် အီရတ်၌ အခြားတပ်ဖွဲ့ဝင်များလည်း သေဆုံးခဲ့ကြရာ ဗြိတိသျှ ၅၈ဦး၊ အီတလီ ၁၈ဦး၊ စပိန် ရှစ်ဦး၊ ဘူဂေးရီးယားနှင့် ပိုလန် ခြောက်ဦးစီ၊ ယူကရိန်းလေးဦး၊ ဆလိုဗက်ကီးယားသုံးဦး၊ အခြားနှစ်ဦး၊ ဒိန်းမတ်၊ အယ်လ်ဆာဗေဒို၊ အက်စ်တိုးနီးယား၊ ဟန်ဂေရီ၊ လတ်ဗီးယားနှင့် နယ်သာလန် တစ်ဦးစီ သေဆုံးကြောင်းသိရသည်။ *အင်တာနက်။*

ဇွန် ၂၀ ရက်က အီရတ်နိုင်ငံ ဘာကူဘာမြို့တွင် အမေရိကန်တို့၏ တိုက်ခိုက်မှုကြောင့် ပျက်စီးသွားသော **နေအိမ် အိပ်ခန်းအတွင်း အပျက်အစီးများကို အီရတ်တစ်ဦးက ရှင်းလင်းနေစဉ်။** *(ဓာတ်ပုံ-အင်တာနက်)*

ကန်မရိန်းတပ်ဖွဲ့ဝင်တစ်ဦး တိုက်ခိုက်ခံရ၍သေဆုံး

ဘဂ္ဂဒက် ဇွန် ၂၀

အီရတ်နိုင်ငံ အန်ဘာပြည်နယ်တွင် အမေရိကန်မရိန်းတပ်ဖွဲ့ဝင်တစ်ဦး တိုက်ခိုက်ခံရ၍ သေဆုံးသွားကြောင်း အမေရိကန်စစ်ဌာနချုပ်က တနင်္ဂနွေနေ့တွင် ပြောကြားလိုက်သည်။

သို့ရာတွင် ယင်းသေဆုံးသည့် မရိန်းတပ်ဖွဲ့ဝင်၏ အမည်ကို ထုတ်ဖော်ပြောကြားခြင်း မရှိပေ။ ၎င်းတပ်ဖွဲ့ဝင်သည် အမှတ်(၁) ပြည်ပမရိန်းတပ်ဖွဲ့တွင် တာဝန်ထမ်းဆောင်နေသူဖြစ်သည်။

ခုခံတိုက်ခိုက်

အီရတ်နိုင်ငံ အနောက်ပိုင်းဒေသထိ တမျှော်တခေါ် ကျယ်ပြန့်သည့် အန်ဘာပြည်နယ်တွင် ခုခံတိုက်ခိုက်မှုများ စဉ်ဆက်မပြတ် ပြုလုပ်နေသည့် ရာမာဒီ၊ ကွမ်နှင့် ဖော်လူဂျာမြို့များ ပါဝင်သည်။ ကြေညာချက်တွင် အခြားအသေးစိတ် ဖော်ပြထားမှု မရှိပေ။

အီရတ်နိုင်ငံကို စစ်ရေးအရ ဝင်ရောက်တိုက်ခိုက်ပြီးခဲ့သည့်နောက် အမေရိကန်တပ်ဖွဲ့ဝင် ၈၃၀ ကျော် သေဆုံးခဲ့ပြီဖြစ်ကြောင်း ကာကွယ်ရေးဌာနက ကြေညာသည်။ ***အင်တာနက်။***

ဖွံ့ဖြိုးတိုးတက်လာသော အထက်မြန်မာပြည်၏ စပါးကျီ

မိုးထက်မြင့်(မြစ်ဝကျွန်းပေါ်)

သဖန်းဆိပ်
ရေလှောင်တမံ

အရှေ့တောင်အာရှတွင် အရှည်ဆုံးနှင့် မြန်မာနိုင်ငံ၏အကြီးဆုံး သဖန်းဆိပ် ရေလှောင်တမံကို တွေ့ရစဉ်။
(သဖန်းဆိပ် ရေလှောင်တမံကြီးမှ လယ်မြေဧကေ၁ါးသိန်းကျော်ကို စိုက်ပျိုးရေပေးဝေလျက်ရှိပြီး သဖန်းဆိပ် ရေအားလျှပ်စစ်စက်ရုံမှလည်း လျှပ်စစ်ဓာတ်အား ထုတ်လုပ်ပေးလျက်ရှိသည်။)

ရဲမက်တော် ခြောက်ကျိပ်ကိုးနဲ့
ရန်မျိုးပလိုလိုအောင်
ကုန်းဘောင်ဆက်မင်း။
ပွင့်လင်းရယ်သာ
ရွှေဘုန်းတော်ထိန်ထိန်ဖြာလို့
ရန်တကာပျက်ပြိုကင်းတယ်
ဘုန်းရောင်ကလင်း။ ။
(ရွှေဘိုဗုံကြီးသံ)

အနော်ရထာဘုရင်မင်းမြတ်သည် ပထမမြန်မာနိုင်ငံတော်ကြီးကို ကမ္ဘာ့အလယ်တွင် ဝင့်ထည်စွာ ထူထောင်ရာတွင် ပြည့်ရိက္ခာအတွက် ကျောက်ဆည်နယ်မှ လယ်တွင်း ၁၁ ခရိုင်ကို အားပြုခဲ့သည်။ ကျောက်ဆည်သည် ပထမမြန်မာနိုင်ငံတော်ကြီး၏ ပြည့်ဝမ်းဗိုက်ဖြစ်ခဲ့သည်။ ယနေ့ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ဆီသို့ ဦးတည်ချီတက်နေရာတွင် မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်လျက်ရှိသည်။

တတိယမြန်မာနိုင်ငံတော်ကို ကုန်းဘောင်မင်းဆက်အဖြစ် ထူထောင်နိုင်ခဲ့သည့် အလောင်းမင်းတရားကြီး၏ မြို့တော် ပြည်ရွှေဘို တည်ရှိသည့် စစ်ကိုင်းတိုင်းသို့ စာရေးသူ ရောက်ခဲ့ပါသည်။ သာသနာရောင်ဝါ ထွန်းလင်းသည့် စစ်ကိုင်း မင်းဝံတောင်တော်ပေါ်တွင် ဆွမ်းဦးပုညရှင် စေတီတော်အား ဖူးမြော်ကြည်ညိုခဲ့သည်။

မိုးရိပ်မိုးငွေ့များကြားမှ ကမ္ဘာကျော်သော မင်းကွန်းရွာကလေးကိုလည်း ရောက်ခဲ့သည်။

ဘုရား၊ ကျောင်း၊ ကန်၊ စေတီ၊ ပုထိုးတို့သည် သာသနာရောင်ဝါ ထွန်းလင်းမှုကို ပြသနေသကဲ့သို့ မြန်မာတို့၏ ရှေးဟောင်းယဉ်ကျေးမှု အဆင့်အတန်းကို ဖော်ညွှန်းသည့် ပြယုဂ်များဖြစ်ပေသည်။

မြန်မာနိုင်ငံသည် ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များ ပေါကြွယ်ဝသည့် နိုင်ငံဖြစ်ပေသည်။

ထိုရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များတွင် မင်းကွန်းတောင်ရိုးမှ ပုထိုးတော်ကြီး၊ ခေါင်းလောင်းတော်ကြီး၊ ခြင်္သေ့ကြီး၊ ရေကန်ကြီးဟူသော ဘိုးတော်ဘုရား၏ ကောင်းမှုတော် ကမ္ဘာကျော်ကြီးလေးကြီးနှင့် မြသိန်းတန်စေတီတော်တို့လည်း ပါဝင်သည်။ ထိုရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များ၏ ခမ်းနားထည်ဝါမှုကြောင့် ကမ္ဘာလှည့်ခရီးသည်တို့သည် မင်းကွန်းတောင်ရိုးသို့ ခြေချင်းလိမ်အောင် လာရောက်လေ့လာလျက်ရှိကြသည်။ ရှေးဟောင်းအမွေအနှစ်များကိုသာမက ယဉ်ကျေးသိမ်မွေ့မှု၊ စာနာထောက်ထားမှု၊ ရိုင်းပင်းကူညီမှုစသော အမွေအနှစ်များကိုလည်း မြန်မာနိုင်ငံသားတို့ ရရှိခဲ့ကြပေသည်။

စစ်ကိုင်းမြို့နယ် မင်းကွန်းတောင်ရိုးတွင် ဘုရားအလောင်းတော် ဆဒ္ဒန်ဆင်မင်းဘဝ ဖြစ်စဉ်က ကိန်းအောင်းမွေ့လျော်ရာဖြစ်သောကြောင့် "ဆင်ဖြူတောင်"ဟူ၍လည်းကောင်း၊ ထို့အပြင် မြတ်စွာဘုရား ဒေသစာရီကြွချီတော်မူစဉ်က တန့်ရပ် ကြည့်ရှုတော်မူရာဖြစ်သောကြောင့် "မုနိလောကတောင်" ဟူ၍လည်းကောင်း၊ ကုန်းဘောင်ခေတ် ဘိုးတော်ဦးဝိုင်းခေါ် ဗဒုံမင်းတရားကြီးကိုယ်တိုင် ဘေးမဲ့ပေးရာဖြစ်သောကြောင့် "အဘယဂိရိခေါ် ကုန်းဘောင်ခေတ် ဘေးမဲ့တောင်"ဟူ၍လည်းကောင်း အမည်ထူးများဖြင့် ထင်ရှားခဲ့သည်။

မင်းကွန်းသည် စစ်ကိုင်းတောင်တန်း၏ မြောက်ဘက် မင်းကွန်းတောင်ခြေတွင် တည်ရှိသည်။ မန္တလေးမှဆိုလျှင် အနောက်မြောက်ဘက် ခုနစ်မိုင်ခန့်ကွာဝေးသည်။

မင်းကွန်းရွာကလေး၏အရှေ့ဘက်ဘေးတွင် ဧရာဝတီမြစ်ရေက ရစ်ခွေစီးဆင်းလျက်ရှိရာ အေးချမ်းသာယာသည့် ရွာကလေးဖြစ်သည်။ မန္တလေးမြို့ မရမ်းခြံ(ပိုက်ကျုံး)ဆိပ်ကမ်းမှ မော်တော်ဖြင့်ဖြစ်စေ၊ စစ်ကိုင်းဘက်မှ မော်တော်ကားဖြင့်ဖြစ်စေ မင်းကွန်းသို့ သွားရောက်နိုင်ပေသည်။ စာရေးသူတို့ ကားလေးသည် စစ်ကိုင်း-မုံရွာ လမ်းမကြီးအတိုင်း ဆက်လက်မောင်းနှင်ခဲ့သည်။

ခင်ဦးမြို့ကို နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ရောက်ရှိစဉ်က ဦးအောင်ဇေယျ ဇည့်ရိပ်သာခန်းမ၌ သြဝါဒစကား မြွက်ကြားရာတွင်-

စစ်ကိုင်းတိုင်းကို မြန်မာနိုင်ငံအထက်ပိုင်း၏ စပါးကျီဖြစ်ရေး ရည်မှန်းချက်အောင်မြင်အောင် ဝိုင်းဝန်းကြိုးပမ်းကြရမှာဖြစ်ကြောင်း၊ လယ်ယာစီးပွားရေးအခြေခံသည့် နိုင်ငံတော်ဖြစ်၍ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှ နိုင်တော်ကြီးဖွံ့ဖြိုးတိုးတက်မှာဖြစ်ကြောင်း၊ ခေတ်မီနိုင်ငံတော်အဖြစ် တည်ဆောက်နိုင်ရေးအတွက် စိတ်ကူးအကြံဉာဏ်ကောင်းများဖြင့် အလုပ်လုပ်ကြရန် လိုကြောင်းဖြင့် လမ်းညွှန်မှာကြားခဲ့သည်။

စာရေးသူတို့သည် ရွှေဘိုမြို့သို့ ရောက်ရှိခဲ့ပြီး အလောင်းဘုရား၏ အောင်မြေကို နင်းကာ မြန်မာနိုင်ငံ၌ အကြီးဆုံးနှင့် အရှေ့တောင်အာရှတွင် အရှည်ဆုံး သဖန်းဆိပ် ရေလှောင်တမံကြီးသို့ သွားရောက်လေ့လာခဲ့သည်။ သဖန်းဆိပ် ရေလှောင်တမံသည် လယ်မြေဧက ငါးသိန်းကို စိုက်ပျိုးရေပေးဝေနိုင်သော ရေလှောင်တမံကြီးဖြစ်သည်။ နှစ်စဉ် ရေစီးဆင်းမှုပမာဏ ဧကပေ သုံးသန်းကျော်ရှိသည်။ မူးမြစ်ပေါ်တွင် တည်ဆောက်ထားသည့် သဖန်းဆိပ်ရေလှောင်တမံ၌ ထည့်သွင်းတည်ဆောက်ထားသော သဖန်းဆိပ် ရေအားလျှပ်စစ်စက်ရုံမှ ဓာတ်အားများ ထုတ်ပေးနေပြီဖြစ်သည်။

ယနေ့ နိုင်ငံတော်တွင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက်များ ချမှတ်ကာ အောင်မြင်အောင် ကြိုးပမ်းဖော်ဆောင်လျက်ရှိသည်။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်ပေါ်ထွန်းရေး ပန်းတိုင်ဆီသို့ ဦးလည်မသုန် ချီတက်နေသည်။ ချမှတ်ထားသော ဦးတည်ချက်များအတိုင်း စီမံကိန်းများ ချမှတ်ကာ လက်တွေ့အကောင်အထည်ဖော်လျက်ရှိသည်။ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရာတွင် စပါးသီးနှံ စိုက်ပျိုးရေးသည် အဓိကဖြစ်သည်။

၁၉၉၅ ခုနှစ် ဧပြီလ ၄ ရက်နေ့က စစ်ကိုင်းတိုင်း ယင်းမာပင်မြို့နယ် ရွာသာယာနှင့် အနီးပတ်ဝန်းကျင်တွင် ရေလျှံတွင်း ရေလှောင်ကန် ၉၉ ကန် တည်ဆောက်ရေးစီမံကိန်းလုပ်ငန်း ဆောင်ရွက်ပြီးစီးခဲ့သည်။

စစ်ကိုင်းတိုင်း မုံရွာခရိုင် ယင်းမာပင်မြို့နယ် ၉၉ ကန် စိမ်းလန်းစိုပြည်ရေး လုပ်ငန်းကို သစ်တောဦးစီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိသည်။ ပုလဲမြို့နယ်၌ ဆည်ရေသောက်ဧရိယာ ဧက ၁၂၀၀၀ နှင့် သီးနှံဧရိယာ ဧက ၁၈၀၀၀ ကို စိုက်ပျိုးရေ ပေးဝေနိုင်ရေးအတွက် ယမားချောင်းရေလှောင်တမံ တည်ဆောက်ပေးခဲ့သည်။

စစ်ကိုင်းမြို့အား မြို့ဇေယျာဟူ၍ ခေါ်ဝေါ်လေ့ရှိသကဲ့သို့ စစ်ကိုင်းတိုင်းကိုလည်း ဇေယျာတိုင်းဟူ၍ အညာမြေတစ်ခွင်တွင် လူသိများသည်။ စစ်ကိုင်းတိုင်းသည် အကျယ်အဝန်းအားဖြင့် ၃၆၅၃၅ စတုရန်းမိုင်ရှိပြီး မြို့နယ်ပေါင်း ၃၈ မြို့နယ် ပါဝင်လျက် ရပ်ကွက်ကျေးရွာပေါင်း ၁၉၇၈ ဖြင့် ဖွဲ့စည်းထားရှိသည်။ အရှေ့ဘက်တွင် ရှမ်းပြည်နယ်နှင့် မန္တလေးတိုင်း၊ တောင်ဘက်တွင် မကွေးတိုင်း၊ အနောက်ဘက်တွင် ချင်းပြည်နယ်၊ မြောက်ဘက်တွင် အိန္ဒိယနိုင်ငံနှင့် ကချင်ပြည်နယ်တို့ ဆက်စပ်တည်ရှိနေသည်။ တိုင်းအတွင်း မှီတင်းနေထိုင်သူ လူဦးရေ စုစုပေါင်း သုံးသန်းကျော်ရှိသည်။ မန္တလေးမြို့နှင့် ၁၃ မိုင်ဝေးကွာသော တိုင်းမြို့တော် စစ်ကိုင်းမြို့သည် စည်ကားသည့် မြို့တစ်မြို့ဖြစ်သည်။

စာရေးသူ စစ်ကိုင်းတိုင်းသို့ သွားရောက်စဉ် ငွေသာ ရေလှောင်တမံဖွင့်ပွဲ အခမ်းအနားနှင့် ကြုံကြိုက်ခဲ့သည်။ ငွေသာရေလှောင်တမံသည် ဆားလင်းကြီးမြို့နယ် ငွေသာကျေးရွာအနီး ငွေသာချောင်းပေါ်တွင် တည်ဆောက်ထားသည့် ရေလှောင်တမံဖြစ်ပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူဖြစ်စေရန် တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ လယ်မြေဧက ၃၀၀၀ ကို ရေပေးဝေနိုင်ပြီး ဒေသတွင်း ကျေးရွာများ သောက်သုံးရေဖူလုံခြင်း၊ ဒေသစိမ်းလန်းစိုပြည် စေခြင်းစသည့် အကျိုးတရားများကိုပါ ဒေသနေပြည်သူများ ရရှိခံစားနေကြပြီဖြစ်သည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက **စိုက်ပျိုးရေးလုပ်ငန်းတွင် ရေရရှိရေးသည် အရေးကြီးကြောင်း၊ ထို့ကြောင့် ဆည်မြောင်း၊ ကန်၊ ချောင်းများကို အခြေအနေပေးသည့် ဒေသတိုင်း၌ တိုးချဲ့တည်ဆောက်သွားရမည်ဖြစ်ကြောင်း**ဖြင့် လမ်းညွှန်မှာကြားထားသည်။

ဤလမ်းညွှန်ချက်နှင့်အညီ ဆည်မြောင်းတာတမံလုပ်ငန်းများကို နိုင်ငံနှင့်အဝန်း ဆောင်ရွက်ပေးလျက်ရှိရာ တစ်နိုင်ငံလုံးအတိုင်းအတာအရ ငွေသာရေလှောင်တမံ အပါအဝင် ဆည်မြောင်းတာတမံ လုပ်ငန်းပေါင်း ၁၆၀ ကို ငွေကျပ် သန်းပေါင်း ၆၉၀၀၀ ကျော် အကုန်အကျခံ တည်ဆောက်ပေးခဲ့ပြီးဖြစ်သည်။

၁၉၈၈ ခုနှစ်နောက်ပိုင်း စစ်ကိုင်းတိုင်းတွင် တည်ဆောက်ပေးခဲ့သည့် ဆည်တမံလုပ်ငန်းများအနေဖြင့် ငွေသာ ရေလှောင်တမံ အပါအဝင် ၁၆ ခုရှိရာ စုစုပေါင်း ဆည်ရေသောက် ဧရိယာဧက ၃၆၀၀၀၀ ကျော်ကို အကျိုးပြုနေပြီဖြစ်သည်။ ဆားလင်းကြီးမြို့နယ်တွင် ငွေသာရေလှောင်တမံနှင့် ဆားလင်းကြီး ရေလှောင်တမံတို့ကို တည်ဆောက်ပေးထားသည်။

စစ်ကိုင်းဒေသသည် ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်နှင့် မူးမြစ်တို့ ဖြတ်သန်းစီးဆင်းရာဒေသဖြစ်သည့်အတွက် ဤမြစ်ကြီးများကို အခြေခံပြီး စိုက်ပျိုးရေးကို အကျိုးပြုစေမည့် လျှပ်စစ်နှင့် ဒီဇယ်မြစ်ရေတင် စီမံကိန်းများကိုလည်း နိုင်ငံတော်က စီမံဆောင်ရွက်ပေးရာ မြစ်ရေတင်စီမံကိန်းပေါင်း ၄၈ ခုက ဒေသခံပြည်သူများကို အကျိုးပြုလျက်ရှိသည်။ ဆက်လက်၍လည်း မြစ်ရေတင်လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိနေသည်။ စစ်ကိုင်းတိုင်းအတွင်း အချို့ဒေသများတွင် မြေအောက် ရေစုဖွဲ့မှုများ ရှိခြင်းကြောင့် ဤရေများကို မြေအောက်မှ မြေပေါ်သို့ ရောက်ရှိအသုံးပြုနိုင်ရေးအတွက် စက်တွင်း၊ လက်တွင်း၊ ရေလျှံတွင်းများဖြင့် စနစ်တကျ တူးဖော်ထားရှိသည်။ ယင်းတို့အနက် ယင်းမာပင်မြို့နယ်အတွင်း ဧက ၁၀၀၀၀ ခန့်ကို ရေပေးဝေနိုင်သည့် ရွာသာယာရေလှောင်ကန် ၉၉ ကန် ရေလျှံတွင်း စီမံကိန်းသည် တစ်ခုအပါအဝင်ဖြစ်သည်။

စစ်ကိုင်းတိုင်း၏ အဓိက စီးပွားရေးလုပ်ငန်းမှာ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းဖြစ်သည်။ စပါး၊ ဂျုံ၊ နှမ်း၊ မြေပဲ၊ ပဲမျိုးစုံနှင့် ဝါသီးနှံစိုက်ပျိုးသည်။ ဗာဂျီးနီးယားဆေးကို အများအပြား စိုက်ပျိုးကြပါသည်။ ဆေးပေါင်းရုံများလည်း ရှိသည်။ ဂျုံတန်ချိန်မြောက်မြားစွာ ထွက်ရှိသည်။ စစ်ကိုင်းတိုင်းမှ ထွက်ရှိသော ဂျုံပမာဏသည် တစ်နိုင်ငံလုံး ဂျုံထွက်ကုန်၏ ၇၆ ရာခိုင်နှုန်းကျော်အထိ ရှိပါသည်။ ပဲမျိုးစုံစိုက်ပျိုးမှုတွင်လည်း တစ်နိုင်ငံလုံး၏ အများဆုံးထွက်သည့် တိုင်းအဖြစ် စံချိန်တင်လျက်ရှိသည်။

ယခုအခါ နိုင်ငံတော်က စစ်ကိုင်းတိုင်းကို အထက်မြန်မာပြည်၏ စပါးကျီဖြစ်ရမည်ဟု သတ်မှတ်လုပ်ကိုင်လျက်ရှိသည်။ ဒေသဖွံ့ဖြိုးမှု လျင်မြန်စေရန်အတွက် စိုက်ပျိုးရေးလုပ်ငန်းများတွင် လယ်ယာသုံး စက်ကိရိယာများ အသုံးပြုရမည်ဖြစ်ရာ မုံရွာစက်မှုဇုန်မှ လက်တွန်းထွန်စက်၊ ရိတ်သိမ်းစက်၊ ခြွေလှေ့စက်များ ထုတ်လုပ်နေပြီဖြစ်၍ နယ်မြေဒေသအတွင်း တိုးချဲ့အသုံးပြုရေး ဆောင်ရွက်သွားမည်ဟု သိရသည်။

စာရေးသူတို့သည် စစ်ကိုင်းမြို့နယ် နုံးတွင်းကျေးရွာအနီး၌ တည်ဆောက်ထားသော ကျောက်ဘုရား ရေလှောင်တမံသို့လည်း ရောက်ရှိခဲ့သည်။ အလျားပေ ၇၀၀၊ အမြင့်ပေ ၅၀ ရှိ မြေသားတမံအဖြစ် တည်ဆောက်ထားကြောင်း သိရသည်။ ရွှေဘို-မန္တလေး ကားလမ်းအနီး စစ်ကိုင်းမြို့နယ် တန်းဖူးတောင်ကျေးရွာရှိ တန်းဖူးတောင်ကျေးလက်ဆည်ကိုလည်း ဝင်ရောက်လေ့လာခဲ့သည်။

ယခုတစ်ပတ် စာရေးသူ၏ ဖခင်ဇာတိ ဇေယျာရွှေမြေသို့ ခရီးတစ်ထောက်ရောက်ခဲ့ရာ စစ်ကိုင်းတိုင်းသည် အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်လျက်ရှိပြီး အထက်မြန်မာပြည်၏ စပါးကျီအဖြစ်သို့ ကူးပြောင်းရောက်ရှိနေသည်ကို ဝမ်းသာအားတက်ဖွယ်တွေ့မြင်ခဲ့ရပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

တိုးတက်သစ်လွင် မြန်ပြည်တစ်ခွင်

ကျောင်းဆောင်သစ်

ပခုက္ကူမြို့နယ် ကျပ်ပြည့်ကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ) ကျောင်းဆောင်သစ်ကို တွေ့ရစဉ်။

(ဓာတ်ပုံ-သတင်းစဉ်)

ပဲခူးတိုင်း ကဝမြို့နယ် ဆည်မချောင်းနှင့် ပဲခူးမြစ်ဆုံရာ ရွှေလှေကျေးရွာအနီးရှိ ၆ပေ X ၁၆ပေ အကျယ်၊ ရေတံခါးပေါက် ၄၀ပါရှိသော ရွှေလှေ ရေထိန်းတံခါးကို တွေ့ရစဉ်။

(သတင်းစဉ်)

နယ်စပ်ဒေသနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေး



စစ်ကိုင်းတိုင်း ချောင်းဦးမြို့နယ်တွင် လေရဟတ်ဖြင့် ရေတင်ကာ စိုက်ပျိုးရေး လုပ်ငန်းများ ဆောင်ရွက်နေမှုကို တွေ့ရစဉ်။

ဓာတ်ပုံ-မိုးကို(သစ်တော)

တနင်္သာရီတိုင်း မြိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၃-၂၀၀၄ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်လျက်ရှိသည့် ရွာသစ်ရွှေဒူးကျေးရွာချင်းဆက်လမ်းပေါ်ရှိ ရွှေဒူးချောင်းတံတား ဆောက်လုပ်ပြီးစီးမှုကို တွေ့ရစဉ်။

(မြို့နယ်စည်ပင်)

မြန်မာနိုင်ငံပညာရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဇွန် ၂၁ရက်က မင်းဘူးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ကျောင်းခန်းမ၌ မင်းဘူးခရိုင် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံအမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ဒေသဖွံ့ဖြိုးရေးအတွက် ပညာရေး၊ ကျန်းမာရေးလိုအပ်ချက်များကို အဓိကထားဖြည့်ဆ... ကျေးလက်ဒေသများ၏ ပညာသင်ကြားမှု ဝန်ထုပ်ဝန်ပိုးမဖြစ်အောင် စီမံချက်များချမှတ်...

➪ ရှေ့ဖုံးမှ

ယင်းနောက် ခရိုင်ပြည်သူ့ဆေးရုံ ဆေးရုံအုပ်ကြီး ဒေါက်တာကျော်လင်းက ဆေးရုံကြီး၏ ကုသရေး၊သင်ကြားရေး၊ စာသင်ဆောင်တည်ဆောက်ရေး၊ ဝန်ထမ်းရေးရာကိစ္စများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လိုအပ်ချက်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

မင်းဘူး အထက(၁)

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မင်းဘူးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိကြရာ ကျောင်းအကျိုးတော်ဆောင် အဖွဲ့ဝင်များ၊ ကျောင်းအုပ်ကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများက ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ကျောင်းခန်းမ၌ မင်းဘူး ခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံသည်။

အစီအစဉ်အရ ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမျိုးအောင်က ခရိုင်၏တည်နေရာနှင့်အကျယ်အဝန်း၊ လူဦးရေ၊ မြေသယံဇာတ၊ မိုးရွာသွန်းမှု၊ စိုက်ပျိုးရေးရရှိမှု၊ ၂၀၀၃-၂၀၀၄ ခုနှစ် မိုးစပါး၊ နွေစပါး စိုက်ပျိုးရန် လျာထားချက်၊ စိုက်ပျိုးနိုင်မှုနှင့် ထွက်ရှိမှု၊ အဓိက သီးနှံ ၁၀မျိုး စိုက်ပျိုးမှုနှင့် ထွက်ရှိမှု၊ စိုက်ဧက တိုးချဲ့ရေး၊ အထွက်နှုန်းတိုးရေး၊ ခရိုင် ဝမ်းစာစပါးနှင့် ဆီဖူလုံမှုအခြေအနေ၊ မွေးမြူရေးလုပ်ငန်း၊ ပညာရေး၊ ကျန်းမာရေး၊ သန့်ရှင်းသောသောက်သုံးရေ ရရှိရေးလုပ်ငန်းများကိုရှင်းလင်းတင်ပြသည်။

ထို့နောက် ဌာနဆိုင်ရာ တာဝန်ရှိသူများက စိုက်ပျိုးရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်း၊ သစ်တောစိုက်ခင်းများ ထူထောင်ရေးလုပ်ငန်းများကို ရှင်းလင်းတင်ပြကြရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က တင်ပြချက်များအပြင် ဒေသဖွံ့ဖြိုးရေးအတွက် ထပ်မံလိုအပ်ချက်များ ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ပေးအပ်

ဆက်လက်၍ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က မင်းဘူးမြို့ အမှတ်(၁)နှင့် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းများအတွက် ရုပ်မြင်သံကြားစက်၊ ဗီဒီယိုပြစက်နှင့် ကွန်ပျူတာတစ်စုံတို့ကို သက်ဆိုင်ရာ ကျောင်းအုပ်ကြီးများအား ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကားပြောကြားရာတွင် ယနေ့ မိမိဦးဆောင်ပြီး တိုင်းမှူး၊ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များပါဝင်သည့် အဖွဲ့အနေဖြင့် ယနေ့ နံနက်ပိုင်း ငဖဲနှင့် စေတုတ္တရာမြို့များ သွားရောက်ရန် အစီအစဉ်ရှိသော်လည်း ရာသီဥတုအခြေအနေမပေးမှုကြောင့် မင်းဘူး(စကု)မြို့ ဒေသဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ပေးဖွယ်ရာများနှင့် မြို့နယ်၏ တင်ပြချက်များရှိပါက ဖြည့်ဆည်းပေးရန်လာရောက်ခြင်းဖြစ်ကြောင်း။

များစွာချို့တဲ့

ဒေသဖွံ့ဖြိုးရေးအတွက် လူမှုရေးကဏ္ဍတွင် အလိုအပ်ဆုံးဖြစ်သည့် ပညာရေး၊ ကျန်းမာရေးလိုအပ်ချက်များကို အဓိကထား ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ယခင်က အစွန်အဖျားဒေသမှာရှိသည့် ကျေးလက်ဒေသများတွင် ပညာရေး၊ ကျန်းမာရေး အခြေအနေများမှာ များစွာ ချို့တဲ့လျက်ရှိသည်ကို တွေ့ရှိရကြောင်း၊ ဥပမာ အချို့ကျေးလက်ဒေသများတွင် ပညာရေးနှင့်ပတ်သက်ပြီး ကိုယ့်အားကိုယ်ကိုး တွဲဖက်မူလတန်းကျောင်း၊ တွဲဖက်အလယ်တန်းကျောင်းစသည်များကိုသာ ဖွင့်လှစ်ပြီး ပညာသင်ကြားနေရသည့် အခြေအနေများရှိသည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် မိမိတို့ လက်ထက်တွင် ကျေးလက်ဒေသများ၏ ပညာသင်ကြားမှုအတွက် ဝန်ထုပ်ဝန်ပိုးမဖြစ်ရအောင် အဆိုပါကျောင်းများကို ပညာရေးဝန်ကြီးဌာနက တာဝန်ယူသည့် မူလတန်းကျောင်းများ၊ အလယ်တန်းကျောင်းများ ဖြစ်လာစေရန် စီမံချက်များ ချမှတ်ဆောင်ရွက်ပေးလျက်ရှိကြောင်း။

မြန်မာနိုင်ငံပညာရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဇွန် ၂၁ရက်က မင်းဘူးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းအတွက် ရုပ်မြင်သံကြားစက်၊ ဗီဒီယိုပြစက်နှင့် ကွန်ပျူတာတစ်စုံတို့ကို ကျောင်းအုပ်ကြီးအား ပေးအပ်စဉ်။ (သတင်းစဉ်)

အလားတူ ကျန်းမာရေးကဏ္ဍနှင့် ပတ်သက်ပြီး အချို့လမ်းပန်းဆက်သွယ်ရေး ခက်ခဲသည့် အစွန်အဖျား ကျေးလက်ဒေသတွေမှာ ကျန်းမာရေး စောင့်ရှောက်မှုပေးနိုင်ရန် ကျေးလက်ကျန်းမာရေးဌာနခွဲ/ဌာနနှင့် တိုက်နယ်ဆေးရုံများ ဖွင့်လှစ်ပေးနိုင်ခဲ့ခြင်းမရှိသည်ကို တွေ့ရကြောင်း၊ ထို့ကြောင့် ကျေးလက်ဒေသနေ ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန် ကျေးလက်ဒေသများမှာ ကျေးလက်ကျန်းမာရေးဌာနခွဲ/ဌာနနှင့် တိုက်နယ်ဆေးရုံများကို လိုအပ်လျှင်လိုအပ်သလို အသစ်ဖွင့်လှစ်ခြင်း၊ အဆင့်တိုးမြှင့်ပေးခြင်းများကို စီမံဆောင်ရွက်ပေးလျက် ရှိကြောင်း။

လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ကျေးလက်အရောက်သွားပြီး အလေးထားဖြည့်ဆည်းဆောင်ရွက်ပေးသွားကြရန်လိုကြောင်း။

ဒေသဝမ်းစာဖူလုံမှုအနေအထားကို ကြည့်မည်ဆိုပါက မင်းဘူးခရိုင်တစ်ခုလုံး အနေဖြင့် ဒေသဝမ်းစာဖူလုံမှုရှိသည့်အပြင် စားသုံးဆီဖူလုံပိုလျှံလျက်ရှိသည်ကိုလည်း တင်ပြချက်အရ သိရှိရကြောင်း၊ သို့သော်လည်း မကွေးတိုင်းအတွင်းရှိ မြို့နယ်အချို့မှာ ဒေသဝမ်းစာဖူလုံမှု မရှိသေးသည့် အနေအထားများကြောင့် ဒေသဝမ်းစာဖူလုံမှုမရှိသည့် ဒေသများသို့ ဖြည့်ဆည်းပေးနိုင်ရေး ရည်မှန်းချက်ထားပြီး ပိုလျှံသည်ထက် ပိုလျှံအောင် စိုက်ပျိုးနိုင်သမျှ တိုးချဲ့စိုက်ပျိုးသွားကြရမည်ဖြစ်ကြောင်း။

အရေးကြီးဆုံးအချက် အနေဖြင့် မင်းဘူး(စကု)ဒေသသည် နိုင်ငံတော်

သည့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ခရိုင်အဆင့် ဌာနဆိုင်ရာများက ကွင်းဆင်းကာ ကျေးလက်ဒေသနေ ပြည်သူများ၏ ကျန်းမာရေး၊ ပညာရေး၊ လမ်းပန်းဆက်သွယ်ရေး၊

ကွင်းဆင်းဖြည့်ဆည်း

နိုင်ငံတော်ကြီးဖွံ့ဖြိုးတိုးတက်ရန်မှာ အခြေခံအကျဆုံးဖြစ်သည့် ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးသည် အဓိကကျကြောင်း၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်မှ မြို့နယ်များ ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်သကဲ့သို့ မြို့များ ဖွံ့ဖြိုးတိုးတက်မှလည်း ခရိုင်၊ ပြည်နယ်နှင့်တိုင်းများ ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အစိုးရက နိုင်ငံတော်၏ အခြေခံအကျဆုံးဖြစ်သည့် ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ် (၅)ရပ်ကို ချမှတ်ကာ ဖိဖိစီးစီး ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နိုင်ငံတော်က အလေးထား ဆောင်ရွက်လျက်ရှိ

အတွက် အရေးပါသည့် ရေနံမြေဒေသ တစ်ခုဖြစ်ကြောင်း၊ ရေနံနှင့်သဘာဝဓာတ်ငွေ့ထုတ်လုပ်မှုသည် မင်းဘူးခရိုင် တစ်ခုလုံးအတွက်သာမက နိုင်ငံတော်အတွက် အလွန်အရေးပါသည့် ကုန်ထုတ်လုပ်မှု ဖြစ်ကြောင်း၊ ထို့ကြောင့် မြို့နယ်နှင့် ခရိုင်တို့တွင် တာဝန်ထမ်းဆောင်လျက်ရှိကြသည့် ဌာနဆိုင်ရာတာဝန်ရှိသူများအနေဖြင့် ရေနံနှင့်သဘာဝဓာတ်ငွေ့ တိုးတက်ထုတ်လုပ်ရေးလုပ်ငန်းတွင် လိုအပ်သည်များကို အပြည့်အဝ အကူအညီပေးပြီး ပါဝင်ပူးပေါင်း ဆောင်ရွက်သွားကြရန် မှာကြားသည်။

ယင်းနောက် မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မင်းဘူးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၏ Computer Application & E-mail၊ Computer Aided Instruction Room၊ Audio Visual Room၊ Language Lab နှင့် အိမ်တွင်းမှုခန်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မကွေးမြို့သို့ ပြန်လည်ရောက်ရှိကြသည်။

မကွေးတက္ကသိုလ်

ဆက်လက်၍ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မကွေးတက္ကသိုလ်သို့ ရောက်ရှိကြရာ တာဝန်ခံပါမောက္ခချုပ် ဦးတင်မောင်ဦးနှင့် ပါမောက္ခ/ဌာနမှူးများ၊တွဲဖက်ပါမောက္ခများ၊ ကထိကများ၊ လက်ထောက်ကထိကများနှင့် ဆရာ၊ ဆရာမများက ကြိုဆိုကြသည်။

အစီအစဉ်အရ တာဝန်ခံ ပါမောက္ခချုပ် ဦးတင်မောင်ဦးက တက္ကသိုလ်၏ နောက်ခံသမိုင်း၊ ဖွင့်လှစ်ထားသော သင်တန်းများ၊ သင်ကြားပို့ချသော အထူးပြုဘာသာရပ်များ၊ ဘွဲ့ကြို၊ ဂုဏ်ထူးတန်း၊ မဟာအရည်အချင်းစစ် မဟာတန်းနှင့်အဝေးသင်ကျောင်းသား ဦးရေ၊ ကွန်ပျူတာ ၁၅၂လုံး အသုံးပြုသင်ကြားနေသော IT စာသင်ခန်းများ၊ ဝန်ထမ်းဖွဲ့စည်းပုံနှင့် ခန့်ထားပြီး အင်အား၊ တည်ဆောက်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ပါမောက္ခ/ဌာနမှူးနှင့် ဆရာ၊ ဆရာမများက သင်ကြားရေး၊ ဝန်ထမ်းရေးရာကိစ္စရပ်များကို ရှင်းလင်းတင်ပြကြရာ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က တင်ပြချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာတွင် နိုင်ငံတော်အစိုးရက ပြည်ထောင်စုကြီးတစ်ရပ်လုံး ကွက်လပ်မကျန် တစ်ပြိုင်တည်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ ဖွံ့ဖြိုးရေးဒေသကြီး ၂၄ခု စီမံကိန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ် (၅)ရပ်တို့ကို အချိတ်

အမျိုးသားကျန်းမာရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ ဇွန် ၂၁ရက်က မင်းဘူးမြို့ ခရိုင်ပြည်သူ့ဆေးရုံအတွင်း ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

အတွက် အရေးပါသည့် ရေနံမြေဒေသတစ်ခုဖြစ်ကြောင်း၊ ရေနံနှင့်သဘာဝဓာတ်ငွေ့ထုတ်လုပ်မှုသည် မင်းဘူးခရိုင် တစ်ခုလုံးအတွက်သာမက နိုင်ငံတော်အတွက် အလွန်အရေးပါသည့် ကုန်ထုတ်လုပ်မှု ဖြစ်ကြောင်း၊ ထို့ကြောင့် မြို့နယ်နှင့် ခရိုင်တို့တွင် တာဝန်ထမ်းဆောင်လျက်ရှိကြသည့် ဌာနဆိုင်ရာတာဝန်ရှိသူများအနေဖြင့် ရေနံနှင့်သဘာဝဓာတ်ငွေ့ တိုးတက်ထုတ်လုပ်ရေးလုပ်ငန်းတွင် လိုအပ်သည်များကို အပြည့်အဝ အကူအညီပေးပြီး ပါဝင်ပူးပေါင်း ဆောင်ရွက်သွားကြရန် မှာကြားသည်။

ယင်းနောက် မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မင်းဘူးမြို့ အမှတ်(၁) အဆက်မိမိ ချမှတ်ပေးပြီး စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးစသည့် ကဏ္ဍအလိုက်တိုးတက်ဖြစ်ထွန်းရေးကို အလေးထားဆောင်ရွက်ပေးလျက်ရှိကြောင်း။

အေးချမ်းသာယာပြီး ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး တည်ဆောက်ရာတွင် လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးအတွက် အသိပညာရှင်များ၊ အတတ်ပညာရှင်များ အမှန်တကယ်မရှိမဖြစ် လိုအပ်ကြောင်း၊ ထို့ကြောင့် ဒေသအသီးသီးတို့တွင် တက္ကသိုလ်များ၊ ကောလိပ်များကို တိုးချဲ့ဖွင့်လှစ်ပေးလျက်ရှိရာတွင် ယင်းအသိပညာရှင်၊ အတတ်ပညာရှင်များကိုတက္ကသိုလ်၊ ကောလိပ်များကပင် မွေးထုတ်ပေးရမှာဖြစ်၍ ဆရာကြီး၊ ဆရာမကြီးများ

...းကို အဓိကထားဖြည့်ဆည်းပေးမည်
...င် စီမံချက်များချမှတ်ဆောင်ရွက်နေ

အခြေခံပညာအထက်တန်းကျောင်း၏ Computer Application & E-mail၊ Computer Aided Instruction Room၊ Audio Visual Room၊ Language Lab နှင့် အိမ်တွင်းမှုခန်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မကွေးမြို့သို့ ပြန်လည်ရောက်ရှိကြသည်။

မကွေးတက္ကသိုလ်

ဆက်လက်၍ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မကွေးတက္ကသိုလ်သို့ ရောက်ရှိကြရာ တာဝန်ခံပါမောက္ခချုပ် ဦးတင်မောင်ဦးနှင့် ပါမောက္ခ/ဌာနမှူးများ၊တွဲဖက်ပါမောက္ခများ၊ ကထိကများ၊ လက်ထောက်ကထိကများနှင့် ဆရာ၊ ဆရာမများက ကြိုဆိုကြသည်။

အစီအစဉ်အရ တာဝန်ခံ ပါမောက္ခချုပ် ဦးတင်မောင်ဦးက တက္ကသိုလ်၏ နောက်ခံသမိုင်း၊ ဖွင့်လှစ်ထားသော သင်တန်းများ၊ သင်ကြားပို့ချသော အထူးပြုဘာသာရပ်များ၊ ဘွဲ့ကြို၊ ဂုဏ်ထူးတန်း၊ မဟာအရည်အချင်းစစ် မဟာတန်းနှင့်အဝေးသင်ကျောင်းသားဦးရေ၊ ကွန်ပျူတာ ၁၅၂လုံး အသုံးပြုသင်ကြားနေသော IT စာသင်ခန်းများ၊ ဝန်ထမ်းဖွဲ့စည်းပုံနှင့် ခန့်ထားပြီးအင်အား၊ တည်ဆောက်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ပါမောက္ခ/ဌာနမှူးနှင့် ဆရာ၊ ဆရာမများက သင်ကြားရေး၊ ဝန်ထမ်းရေးရာကိစ္စရပ်များကို ရှင်းလင်းတင်ပြကြရာ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က တင်ပြချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာတွင် နိုင်ငံတော်အစိုးရက ပြည်ထောင်စုကြီးတစ်ရပ်လုံး ကွက်လပ်မကျန်တစ်ပြိုင်တည်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ ဖွံ့ဖြိုးရေးဒေသကြီး ၂၄ခု စီမံကိန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ် (၅)ရပ်တို့ကို အချိတ်အခန်းကဏ္ဍသည် လွန်စွာအရေးပါလှကြောင်း။

အလေးထားသင်ကြား

မိမိတို့ ကျောင်းသား၊ ကျောင်းသူများအား အသိပညာပိုင်းဆိုင်ရာအပြင် စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ထူးချွန်ထက်မြက်သူများဖြစ်လာအောင် အလေးထားသင်ကြားပေးရန် လိုအပ်ကြောင်း။

နိုင်ငံတော် အပိုင်းကလည်း တက္ကသိုလ်၊ ကောလိပ်များတွင် လိုအပ်သော သင်ကြားမှု၊ သင်ယူမှု အထောက်အကူပြုပစ္စည်းနှင့် ဆရာ၊ ဆရာမများ ပြည့်စုံရေးကိုလည်း စီမံချက်ဖြင့် အချိန်ကာလနှင့်လိုက်လျောညီစွာ ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

ထို့ကြောင့် လူ့အရင်းအမြစ်များ မွေးဖွားသန့်စင်ပေးသည့် တက္ကသိုလ်၊ ကောလိပ်များမှ ဆရာ၊ ဆရာမများ အနေဖြင့် မိမိတို့စွမ်းဆောင်နိုင်သမျှ အားကိုမလျှော့ဘဲ တိုးမြှင့်ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းကြောင်းဖြင့် မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မကွေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ ဆောက်လုပ်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိကြသည်။

အစီအစဉ်အရ လုပ်ငန်းခွင်ရှင်းလင်းဆောင်၌ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ခရိုင် အင်ဂျင်နီယာမှူး ဦးစန်းဝေက မကွေးတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ ဆောက်လုပ်ရေးစီမံကိန်းဆိုင်ရာ အချက်အလက်များ၊ ဘွဲ့နှင်းသဘင်ခန်းမ၏တည်နေရာ၊ အဆောက်အအုံ အရွယ်အစားနှင့် အမျိုးအစား၊ တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ပြီးစီးမှုအခြေအနေကို ဗိသုကာပုံစံကားချပ်များဖြင့် ရှင်းလင်းတင်ပြရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လိုအပ်သည်များ မှာကြားသည်။

တွေ့ဆုံ

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် မကွေးမြို့ မြို့တော်ခန်းမ၌ တိုင်း၊ ခရိုင်၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံသည်။

ပေးအပ်

မြန်မာနိုင်ငံပညာရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဇွန် ၂၁ရက်က မကွေးမြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းအတွက် ရုပ်မြင်သံကြားစက်၊ ဗီဒီယိုပြစက်နှင့် ကွန်ပျူတာတစ်စုံတို့ကို ကျောင်းအုပ်ဆရာမကြီးအား ပေးအပ်စဉ်။

(သတင်းစဉ်)

အစီအစဉ်အရ မကွေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးဇော်မင်းက မကွေးတိုင်း၏ တည်နေရာနှင့် အကျယ်အဝန်း၊ တိုင်းအတွင်း ခရိုင်၊ မြို့နယ်၊ မြို့၊ ရပ်ကွက်၊ ကျေးရွာအုပ်စုနှင့် ကျေးရွာများ ဖွဲ့စည်းမှု၊ အိမ်ထောင်စုနှင့် လူဦးရေ၊ မြေအသုံးချမှု၊ မိုးရွာသွန်းမှု၊ ဆည်မြစ်ရေတင်လုပ်ငန်းများမှ စိုက်ပျိုးရေရရှိမှု၊ ဆည်မြစ်ရေတင်လုပ်ငန်းများ စိုက်ပျိုးရေဖြင့် စပါးစိုက်ပျိုးနိုင်မှု အခြေအနေ၊ မကွေးတိုင်း ၂၀၀၄-၂၀၀၅ခုနှစ် သီးနှံစိုက်ပျိုးထုတ်လုပ်ရန် စီစဉ်ဆောင်ရွက်နေမှု၊ အဓိက သီးနှံ ၁၀မျိုး စိုက်ပျိုးပြီးစီးမှု အခြေအနေ၊ မကွေးတိုင်းအတွင်း သီးနှံစုံစိုက်ဧရိယာ တိုးတက်လာမှု၊ ဒေသဝမ်းစာ ဆန်နှင့်ဆီဖူလုံမှု အခြေအနေ၊ အဓိက သီးနှံများ၏ ပန်းတိုင် ရည်မှန်းချက်ပြည့်မီအောင် ထွက်ရှိရေး ဆောင်ရွက်နေမှု၊ မွေးမြူရေးလုပ်ငန်းအခြေအနေ၊ မကွေးတိုင်း၏ အသားတင် ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး၊ ပညာရေး၊ ကျန်းမာရေး လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေကို ရှင်းလင်းတင်ပြရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က မကွေးမြို့ အမှတ်(၁)၊ အမှတ်(၂)နှင့် အမှတ်(၃) အခြေခံပညာ ကျောင်းများအတွက် ရုပ်မြင်သံကြားစက်၊ ဗီဒီယိုပြစက်၊ ကွန်ပျူတာတစ်စုံစီတို့ကို သက်ဆိုင်ရာကျောင်းအုပ်ကြီးများအား ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကားပြောကြားရာတွင် မိမိနှင့်ဝန်ကြီးများပါဝင်သောအဖွဲ့သည် မကွေးတိုင်းအတွင်းရှိ မြို့နယ်များဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ဖွယ်ရာများ ဆောင်ရွက်ပေးရန် ရည်ရွယ်ချက်ဆန္ဒသက်သက်ဖြင့် လာရောက်ခဲ့ခြင်းဖြစ်ကြောင်း၊ ယမန်နေ့ကလည်း မြို့သစ်၊ နတ်မောက်၊ ရေနံချောင်း၊ ပွင့်ဖြူမြို့နယ်များကို သွားရောက်ပြီး မြို့နယ်များ၏ ဒေသဖွံ့ဖြိုးရေးလိုအပ်ချက်များကိုဖြည့်ဆည်းပေးခဲ့ခြင်းဖြစ်ကြောင်း။

ဖွံ့ဖြိုးရေးဒေသကြီးများ

ပြည်ထောင်စုနိုင်ငံတော်ကြီးအတွင်းရှိ ပြည်နယ်၊ တိုင်းများ၌ တိုင်းရင်းသားညီအစ်ကိုများ စုစည်းနေထိုင်နေသည့်အတွက် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးစိတ်ဓာတ်နှင့်ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်နေရန် အရေးကြီးကြောင်း၊ မိမိတို့လက်ထက်၌ နယ်စွန်နယ်ဖျား နယ်စပ်ဒေသများဖွံ့ဖြိုးရေး၊ ပြည်သူလူထု အများစုနေထိုင်ရာ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးကို အလေးထား ဆောင်ရွက်နေသကဲ့သို့ ပြည်ထောင်စုကြီး ကွက်လပ်မကျန် မျှမျှတတဖွံ့ဖြိုးရေးအတွက် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်ပေါ်မူတည်ပြီး ဖွံ့ဖြိုးရေးဒေသကြီးများ သတ်မှတ် အကောင်အထည်ဖော်လျက်ရှိကြောင်း။

နယ်စပ်ဒေသနှင့် အတွင်းပိုင်းဒေသများအကြား ကွာဟမှု၊ မြို့ပြနှင့် ကျေးလက်ဒေသအကြား ကွာဟမှု၊ ဒေသတစ်ခုနှင့် တစ်ခုအကြားကွာဟနေမှုများကို လျော့နည်းကျဆင်းပြီး ဒေသအားလုံး မျှမျှတတ ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်ထောင်စုကြီး တိုးတက်ခိုင်မာရေးအတွက် ရှေးရှုဆောင်ရွက်နေခြင်း ဖြစ်ကြောင်း၊ အထူးသဖြင့် ပညာရေး၊ ကျန်းမာရေးကဏ္ဍများကို ပိုမိုအလေးထားပြီး ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ပညာရေး၊ ကျန်းမာရေးကဏ္ဍများသည် နိုင်ငံတော်အတွက် လူသားစွမ်းရည် အရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးကို တိုက်ရိုက်အထောက်အကူပြုသည့် ကဏ္ဍများဖြစ်သည့်အတွက် ပိုမိုအလေးထားဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း။

အောင်မြင်ဖြစ်ထွန်း

ပညာရေးနှင့် ကျန်းမာရေး ကဏ္ဍများ အရေးကြီးသကဲ့သို့ အခြားသောကဏ္ဍများသည်လည်း အရေးကြီးကြောင်း၊ သို့သော်လည်း အခြားသောကဏ္ဍများဖြစ်သည့် စီးပွားရေး၊ လူမှုရေး၊ လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး ကဏ္ဍတွေကို မိမိတို့စတင်တာဝန်ယူသည့် ၁၉၈၈ ခုနှစ်ကပင် စတင်ပြီး စီမံချက်များ၊ စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်ခဲ့သဖြင့် အောင်မြင်ဖြစ်ထွန်းလျက်ရှိနေသည့် အနေအထားသို့ရောက်ရှိနေပြီဖြစ်ကြောင်း။

လူသားစွမ်းရည် အရင်းအမြစ်ဖြစ်ထွန်းရေးသည် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးဖြစ်ထွန်းရေးမှာ အဓိကအခန်းကဏ္ဍကပါဝင်လျက်ရှိသည်နှင့်အညီ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကို တစ်နိုင်ငံလုံး ဖြန့်ကြက်ပြီး မျှမျှတတဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် တက္ကသိုလ်၊ ကောလိပ်များ မရှိသေးသည့် ဒေသများတွင် တက္ကသိုလ်များ၊ ကောလိပ်များ တည်ဆောက်ဖွင့်လှစ်ပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း။

အလယ်ပိုင်းမြို့တော်

မကွေးတိုင်းကို ကြည့်မည်ဆိုပါက မြန်မာနိုင်ငံ၏ အလယ်ဗဟိုကျကျတွင် တည်ရှိနေသည့်အတွက် မြန်မာနိုင်ငံ၏ အလယ်ပိုင်းမြို့တော်ဟု ခေါ်ဆိုနိုင်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အနေဖြင့် မကွေးတိုင်းကို ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး စသည့်ကဏ္ဍတို့တွင် မြို့တော်အင်္ဂါရပ်နှင့် ညီညွတ်ရမည်ဆိုသည့်သဘောထားဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ပြည့်စုံအောင် တည်ဆောက် ဖြည့်ဆည်းပေးထားလျက်ရှိကြောင်း။

စီးပွားရေးနှင့် ပတ်သက်ပြီး တိုင်းအတွင်း စီးပွားရေးအခြေခံကောင်းများဖြစ်ထွန်းအောင် ဆည်/မြောင်းတာတမံများ၊ မြစ်ရေတင်စီမံကိန်းများ၊ လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများကို ပြည့်ပြည့်စုံစုံဖြစ်အောင် ဖန်တီးဆောင်ရွက်ပေးလျက်ရှိကြောင်း။

မကွေးတိုင်းသည် တိုင်းတစ်ခုလုံးအတိုင်းအတာနှင့် ကြည့်ပါကဒေသဝမ်းစာ ဖူလုံမှုမရှိသေးသည်ကို တွေ့ရှိရကြောင်း၊ ပြည်နယ်တစ်ခု၊ တိုင်းတစ်ခု၊ ဒေသတစ်ခုတို့သည် မိမိတို့ပြည်နယ်၊ တိုင်း၊ ဒေသအတွင်းဝမ်းစာဖူလုံမှသာလျှင် အခြားသောဒေသများကို မှီခိုအားထားရမှုမှ လွတ်ကင်းပြီး ရပ်တည်နိုင်မှာဖြစ်ကြောင်း၊ တင်ပြချက်အရ ဒေသဝမ်းစာဖူလုံမှုမှာ ၇၁ ရာခိုင်နှုန်းခန့်သာရှိသဖြင့် ဒေသဝမ်းစာဖူလုံရေးအတွက် တည်ဆောက်ပေးထားသော ဆည်/မြောင်း တာတမံများ၊ မြစ်ရေတင်စီမံကိန်းများမှ ရေများကို အကျိုးရှိရှိအသုံးချပြီး တိုးချဲ့စိုက်ပျိုးရေး၊ သီးထပ် စွမ်းအားမြင့်မားအောင် ကြိုးပမ်းဆောင်ရွက်သွားရန် လိုကြောင်း။

မကွေးတိုင်းအတွင်း ဒေသဝမ်းစာဖူလုံသွားပါက မကွေးတိုင်းအတွက် ပံ့ပိုးဖြည့်ဆည်းပေးနေရသည့် မြန်မာပြည်အောက်ပိုင်းဒေသများမှဆန်စပါးများမှာ နိုင်ငံတော်အတွက် ပိုလျှံမှုရှိလာပြီး နိုင်ငံခြားငွေရှာဖွေပေးနိုင်သည့်အနေအထားသို့ ရောက်ရှိသွားနိုင်မှာဖြစ်ကြောင်း၊ ထို့ကြောင့် ဒေသဆန် မဖူလုံသေးသည့် ပြည်နယ်နှင့်တိုင်းများအနေဖြင့် ဒေသဆန်ဖူလုံရေးကို နည်းလမ်းအသွယ်သွယ်ဖြင့် ဖိဖိစီးစီး ဆောင်ရွက်ရန် ဖြစ်ကြောင်း။

အလေးထားစီမံ

မိမိတို့၏နိုင်ငံသည် ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှုအရ ပြည်တွင်းစားသုံးမှုအတွက် ဖူလုံမှုရှိသော်လည်း ပြည်ပသို့တင်ပို့နိုင်သည်အထိ ပိုလျှံမှုမရှိသေးသည့်အတွက် ဆန်စပါးထုတ်လုပ်မှုမှ နိုင်ငံတော်အတွက် နိုင်ငံခြားသုံးငွေ ရှာဖွေပေးနိုင်ခြင်း မရှိသေးကြောင်း၊ ထို့ပြင် မိမိတို့နိုင်ငံရှိ ပြည်သူတစ်ဦးချင်း၏ ဆန်နှင့် ဆီစားသုံးမှုသည် အရှေ့တောင်အာရှတွင် အများဆုံးဖြစ်နေသည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် ဆန်၊ စပါးနှင့် ဆီထွက်သီးနှံများ တိုးချဲ့စိုက်ပျိုးထုတ်လုပ်ရေးအတွက် စိုက်ဧကတိုးချဲ့ခြင်း၊ သီးထပ်စိုက်ပျိုးခြင်း၊ တစ်ဧကအထွက်နှုန်းတိုးတက်အောင် ဆောင်ရွက်ခြင်းတို့ကို အလေးထား စီမံဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း။

မကွေးတိုင်းအနေဖြင့် စားသုံးဆီဖူလုံသည့်အပြင် ပိုလျှံမှုရှိကြောင်း တင်ပြချက်အရ သိရှိရကြောင်း၊ ပိုလျှံသည်ကို ရောင့်ရဲမနေဘဲ ပိုလျှံသည်ထက် ပိုလျှံအောင် ကြိုးစားလုပ်ဆောင်ကြရန်လိုကြောင်း၊ ထို့ပြင် မကွေးတိုင်းနှင့် စစ်ကိုင်းတိုင်းများအနေဖြင့် စားသုံးဆီများကို ပိုလျှံသည်ထက်ပိုလျှံအောင် တိုးချဲ့စိုက်ပျိုးသွားကြရန်နှင့် တစ်နိုင်ငံလုံး၏ စားသုံးဆီလိုအပ်ချက် နိုင်ငံခြားမှ နှစ်စဉ် မှာယူတင်သွင်းနေရမှုကွက်လပ်ကို ဖြည့်တင်းပေးကြရမှာဖြစ်ကြောင်း၊ သို့မှသာနိုင်ငံတော်က စားသုံးဆီအတွက် အသုံးပြုသောနိုင်ငံခြားသုံးငွေများ သက်သာလာမှာဖြစ်ပြီး ထိုစားသုံးဆီအတွက်ကုန်ကျငွေများကို အခြားနိုင်ငံတော်၏ အရေးကြီးသော တည်ဆောက်ရေးကဏ္ဍများမှာ အသုံးပြုနိုင်မှာဖြစ်ကြောင်း။

ရေနံမြေဒေသ

မကွေးတိုင်းအတွင်း နိုင်ငံတော်၏ သဘာဝအရင်းအမြစ်တစ်ခုဖြစ်သည့် ရေနံနှင့် သဘာဝဓာတ်ငွေ့ထွက်ရှိသည့် ရေနံမြေဒေသများရှိပြီး နိုင်ငံတော်၏ အားထားရသည့် စီးပွားရေးဒေသကြီးတစ်ခု ဖြစ်ကြောင်း၊ အဆိုပါဒေသရှိ ရေနံတွင်းများ အထွက်တိုးတက်ရေး၊ ရေနံတွင်းသစ်များ တူးဖော်ရေးတို့ကို နိုင်ငံတော်က စီမံချက်များ ချမှတ်ဆောင်ရွက်လျက်ရှိရာ တိုင်းအတွင်းရှိ တိုင်း၊ ခရိုင်၊ မြို့နယ် အဆင့်ဆင့်တို့မှ တာဝန်ရှိသူများအနေဖြင့် ရေနံတူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများကို မိမိတို့ အပိုင်းက ကူညီပံ့ပိုးဆောင်ရွက်နိုင်သည်များကို အင်တိုက်အားတိုက် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြရန်လိုကြောင်း။

အားပေးပံ့ပိုး

ထို့အပြင် မကွေးတိုင်းအတွင်း စက်မှုကဏ္ဍ ဖွံ့ဖြိုးရေးအခြေခံလုပ်ငန်းဖြစ်သည့် ရေနံချောင်းစက်မှုဇုန်နှင့် ပခုက္ကူစက်မှုဇုန်များရှိရာ အဆိုပါစက်မှုဇုန်များမှနေပြီး စက်မှုလုပ်ငန်းများကို အသေးစားမှ အလတ်စားအဖြစ်သို့လည်းကောင်း၊ အလတ်စားမှ အကြီးစားစက်မှုလုပ်ငန်းသို့ လည်းကောင်း တဖြည်းဖြည်း တိုးတက်ဖြစ်ထွန်းလာအောင် ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် စိုက်ပျိုးရေးကိုအခြေခံသည့်နိုင်ငံဖြစ်သော်လည်း နောင်တစ်ချိန်တွင် စက်မှုနိုင်ငံအဖြစ် ကူးပြောင်းနိုင်ရေးအတွက် စက်မှုဇုန်လုပ်ငန်းများ တဖြည်းဖြည်း တိုးတက်သည်ထက်တိုးတက်လာအောင် ဒေသရှိအုပ်ချုပ်ရေး အဖွဲ့အစည်းများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက အားပေးပံ့ပိုးဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း။

နိုင်ငံတော်၏ အနာဂတ်ခိုင်မာစေရေး၊ ပြည်ထောင်စုကြီးအစွန့်ရှည်စွာ ထည်ထည်ဝါဝါ ရပ်တည်နိုင်ရေး၊ စစ်မှန်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီစနစ် ကျင့်သုံးနိုင်ရေးတို့အတွက် မိမိနိုင်ငံ၏ အခြေအနေများနှင့် လိုက်လျောညီထွေသည့် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်ပြီးလည်းဖြစ်ကြောင်း၊ ယင်းမူဝါဒလမ်းစဉ်နှင့်အညီ အောင်မြင်စွာကျင်းပလျက်ရှိသော အမျိုးသားညီလာခံသည် ပထမဆုံးအဆင့်ဖြစ်ပြီး အရေးကြီးဆုံး အဆင့်လည်းဖြစ်ကြောင်း၊ အမျိုးသားညီလာခံ အပါအဝင် မူဝါဒလမ်းစဉ်(၇)ရပ်လုံးကို တစ်ဆင့်ပြီးတစ်ဆင့် အောင်အောင်မြင်မြင် အကောင်အထည်ဖော်နိုင်အောင် ပြည်ထောင်စုဖွား တိုင်းရင်းသား ပြည်သူများအားလုံးက တက်ညီလက်ညီ တက်တက်ကြွကြွပူးပေါင်းပါဝင်အကောင်အထည်ဖော်သွားကြရန် ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မကွေးလေဆိပ်သို့ရောက်ရှိကြပြီး ဆက်လက်ထွက်ခွာလာကြရာ ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။ (သတင်းစဉ်)

မှတ်သားဖွယ်ရာမိုးရေချိန်များ

(၂၂-၆-၂၀၀၄)

မော်ဘီ	- ၄ ဒသမ ၈၂ လက်မ
ခန္တီး	- ၄ ဒသမ ၂၁ လက်မ
ဘားအံ	- ၄ ဒသမ ၀၂ လက်မ
မချမ်းဘော	- ၃ ဒသမ ၉၀ လက်မ
ဇောင်းတူ	- ၃ ဒသမ ၃၉ လက်မ
ဟသ်ာတ	- ၂ ဒသမ ၈၀ လက်မ
သာယာဝတီ	- ၂ ဒသမ ၅၆ လက်မ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း လွိုင်ကော်မြို့ မြို့တော်ခန်းမတွင် ကယားပြည်နယ်မှ ဌာနဆိုင်ရာတာဝန်ရှိသူများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

❀ **နိုင်ငံတော်မှ**

လွိုင်ကော်ခရိုင်နှင့် လွိုင်ကော်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေး အသင်းအဖွဲ့ဝင်များ၊ မြို့မိ မြို့ဖများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ကယားပြည်နယ် စိုက်ပျိုးရေး လုပ်ငန်းညှိနှိုင်းမှုအဖွဲ့-အဖွဲ့ခေါင်းဆောင် မြန်မာ့စိုက်ပျိုးရေး လုပ်ငန်း ပြည်နယ်မန်နေဂျာ ဦးခင်မောင်လတ်က ပြည်နယ်၏ ရာသီဥတု အခြေအနေ၊ ပြည်နယ်၏ စိုက်ပျိုးမြေဧကများ၊ စပါး၊ ဆီထွက်သီးနှံ၊ စားဖိုဆောင်းသီးနှံ စသည့် သီးနှံအမျိုးမျိုး စိုက်ပျိုးဖြစ်ထွန်းမှုများ၊ ပန်းတိုင်အထွက်နှုန်းရရှိရေး ကြိုးပမ်းဆောင်ရွက်မှုများ၊ အထူးသဖြင့် ၂၀၀၄-၂၀၀၅ခုနှစ်တွင် အထွက်နှုန်းကောင်းသည့် ရွှေရင်အေးစပါးမျိုး မျိုးပွားစိုက်ပျိုးသွားရန် စီစဉ်ထားမှုများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်နယ်ပညာရေးမှူး ဦးဝင်းတင့်က ပြည်နယ်အတွင်းရှိ အခြေခံပညာကျောင်းများနှင့် ဆရာ ဆရာမ အင်အား၊ ကျောင်းသား ကျောင်းသူနှင့် ဆရာအင်အား အချိုး၊ အခြေခံပညာကျောင်းများ၌ သင်ကြားမှု သင်ယူမှု အထောက်အကူပြု စာသင်ခန်းများ တည်ဆောက်ဖွင့်လှစ်ပြီးမှု အခြေအနေများ၊ တက္ကသိုလ်ဝင်တန်း စာမေးပွဲအောင်ချက်များ၊ ကျောင်းနေအရွယ် ကလေးများ ကျောင်းနေရေး ဆောင်ရွက်နိုင်မှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်နယ်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာခင်မောင်ဝင်းက ပြည်နယ်အတွင်းရှိ ပြည်နယ်နှင့် မြို့နယ်ဆေးရုံများ၊ တိုက်နယ်ဆေးရုံများ၊ ကျေးလက်ကျန်းမာရေး ဌာနများ၏ ပြည်သူများအပေါ် ကျန်းမာရေး စောင့်ရှောက်မှုပေးနိုင်ခြင်းအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်နယ်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးမြင့်ဦးက ပြည်နယ်၏ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်ရေး၊ တယ်လီဖုန်းဆက်သွယ်မှု တိုးချဲ့အသုံးပြုနိုင်ရေး၊ မြဝတီရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံများ ရရှိရေး၊ ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ အတွင်းရေးမှူး(၁)က လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာတွင် မိမိနှင့် အဖွဲ့ဝင်များသည်ကယားပြည်နယ်၏ ဖွံ့ဖြိုးတိုးတက်မှုများကို အရှိန်အဟုန်မြင့်တင်ပေးနိုင်ရန် ရာသီဥတု အခြေအနေပေးမှုအပေါ်မူတည်၍ ပြည်နယ်အတွင်းရှိ မြို့နယ်များသို့ လှည့်လည်သွားရောက်ခဲ့ကြောင်း။

ကယားပြည်နယ်သည် လူဦးရေနည်းပြီး စိုက်ပျိုးလုပ်ကိုင်ရန် မြေသယံဇာတ ပေါများသည့် ပြည်နယ်ဖြစ်ရာ စိုက်ပျိုးရေးကုန်ထုတ်လုပ်မှုလုပ်ငန်းကို တိုးချဲ့မြှင့်တင်ရန် မြေယာအရင်းအမြစ်များစွာ ကျန်ရှိနေသည်ဟု ဆိုနိုင်ကြောင်း။

မိရိုးဖလာ အစဉ်အဆက်ကတည်းက စိုက်ပျိုးရေးလုပ်ငန်းကို အဓိက အသက်မွေးဝမ်းကြောင်း လုပ်ငန်းအဖြစ် လုပ်ကိုင်ခဲ့ခြင်း၊ ကျွမ်းကျင်မှုရှိနေခြင်း၊ မြေသယံဇာတရှိသည့်အပြင် သင့်တင့်မျှတသည့် ရာသီဥတုရှိခြင်းတို့ကြောင့် ကယားပြည်နယ်ဖွံ့ဖြိုးရေး၊ စီးပွားရေး တောင့်တင်းစေရေးတို့အတွက် စိုက်ပျိုးရေးကဏ္ဍကိုပင် အဓိကအားကိုးရမှာ ဖြစ်ကြောင်း။

အခြေပြုနေရ

အလားတူပင် ကယားပြည်နယ် အပါအဝင်ဖြစ်သည့် ပြည်ထောင်စုကြီးတစ်ရပ်လုံး၌လည်း မြေသယံဇာတ၊ ရေသယံဇာတ ပေါကြွယ်ဝပြီး ပြည်သူအများစုကလည်း လယ်ယာကဏ္ဍလုပ်ငန်းအပေါ် မှီခိုလုပ်ကိုင်နေကြသဖြင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေးကဏ္ဍအပေါ် အခြေပြုရခြင်း ဖြစ်ကြောင်း။

ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များကိုဦးစားပေးရင်းနှီးမြှုပ်နှံဆောင်ရွက်ပြီး အားပေးမြှင့်တင်နေခြင်းဖြစ်ကြောင်း။

ယခင်ကထက် တိုင်းပြည်၏ အသားတင် စိုက်ပျိုးမြေဧက တိုးတက်လာသကဲ့သို့ သီးထပ်သီးညှပ်စိုက်နိုင်သည့် မြေဧရိယာသည်လည်း သိသိသာသာ တိုးတက်လာကြောင်း၊ သီးနှံစိုက်စွမ်းအား တက်လာသည်နှင့်အမျှ လယ်ယာကဏ္ဍ အခြေခံသည့် ကျေးလက်ဒေသ စီးပွားရေးအခြေအနေများရော၊ အခြားစီးပွားရေး ကဏ္ဍများပါ ဖွံ့ဖြိုးတိုးတက်လာကြောင်း၊ ပြည်နယ်၊ တိုင်း အသီးသီး၌ နေထိုင်လျက်ရှိကြသော ပြည်သူများ၏တစ်နှစ်ပျမ်းမျှ တစ်ဦးချင်းဝင်ငွေမှာလည်း တိုးတက်မြင့်မားလာလျက်ရှိကြောင်း။

မျှမျှတတ

စီးပွားရေးဖွံ့ဖြိုးတိုးတက်လာမှုနှင့်အတူ ပြည်နယ်၊ တိုင်းဒေသတစ်ခုနှင့်တစ်ခု အကြားကွာဟမှုမရှိစေဘဲတစ်ပြိုင်တည်း မျှမျှတတ ဖွံ့ဖြိုးလာစေရေးအတွက် နယ်စပ်ဒေသ အထူးဖွံ့ဖြိုးရေးစီမံကိန်း၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များနှင့် ဖွံ့ဖြိုးရေးဒေသကြီးများဆိုင်ရာ ဖွံ့ဖြိုးရေးစီမံကိန်းများကို ချမှတ်၍ လမ်းပန်းဆက်သွယ်မှုဆိုင်ရာ အခြေခံ အဆောက်အအုံ၊ လူမှုရေးဆိုင်ရာ အခြေခံ အဆောက်အအုံများသာမက လူ့အရင်းအမြစ် ဖွံ့ဖြိုးရေးဆိုင်ရာ အခြေခံ အဆောက်အအုံများကိုလည်း အလေးထားထူထောင်နေခြင်း ဖြစ်ကြောင်း။

နိုင်ငံတော်သစ်

ယခုအခါ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသအလိုက်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် လိုအပ်သော အခြေခံ အဆောက်အအုံများကို ပြည့်စုံလုနီးပါး ထူထောင်ပေးပြီးဖြစ်ရာ နိုင်ငံတော် တစ်ဝန်းလုံး၌ တည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးမှု ကျယ်ပြန့်ခိုင်မာလာနေမှု၊ အမျိုးသားပြန်လည်စည်းလုံး

အထူးလိုအပ်

ကမ္ဘာကြီးသည် မြန်ဆန်သော အရှိန်အဟုန်ဖြင့် ပြောင်းလဲနေသည့် အချိန်၌ ကယားပြည်နယ်အပါအဝင် မိမိတို့ ပြည်ထောင်စုကြီးသည်လည်း အလျင်အမြန် ပြောင်းလဲတိုးတက်သွားရန် အထူးလိုအပ်နေပြီဖြစ်ကြောင်း။

တိုးတက်ဖွံ့ဖြိုးမှုနှင့် နယ်မြေဒေသ တည်ငြိမ်အေးချမ်းမှုသည် အပြန်အလှန်ဆက်စပ်နေကြောင်း၊နိုင်ငံတော်အစိုးရ အပိုင်းက တာဝန်ယူဆောင်ရွက်ပေးရမည့် အပိုင်းများကို စေတနာရှေ့ထား၍ နေ့မအားညမနားကြိုးစားဆောင်ရွက်ပေးလျက်ရှိသည်ကို အားလုံးအသိပင် ဖြစ်ကြောင်း။

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော အကြားအလပ်မရှိစေရအောင်ချိတ်ဆက် အကောင်အထည်ဖော်လျက်ရှိကြောင်း။

ယင်း၏အကျိုးဆက်အဖြစ် ကယားပြည်နယ်၌ တက္ကသိုလ်၊ကောလိပ်များ ပေါ်ထွက်လာခြင်းဖြစ်ကြောင်း၊ ပညာတတ် လူ့အရင်းအမြစ်များ ပေါ်ထွက်လာရေးအတွက် အဆင့်မြင့်တက္ကသိုလ်၊ ကောလိပ်များဖွင့်သကဲ့သို့ အခြေခံပညာကျောင်းများ တိုးချဲ့ဖွင့်လှစ်ခြင်း၊ အဆင့်မြှင့်ခြင်းတို့ကိုလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်နယ်အတွင်း၌ အသိပညာရှင်၊ အတတ်ပညာရှင်များ လုံလုံလောက်လောက် ရှိနေရန်လိုကြောင်း။

ထို့ကြောင့် နိုင်ငံတော်အပိုင်းက စီးပွားရေးအခြေခံ အဆောက်အအုံ၊ ညီညွတ်ရေး အရှိန်အဟုန်ရရှိနေမှုတို့နှင့် ပေါင်းစပ်၍ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်ကို တက်ညီလက်ညီထူထောင်သွားရမှာဖြစ်ကြောင်း။

ယင်းသို့သော အခြေအနေ၌ ကယားပြည်နယ်သည်လည်း အခြားပြည်နယ်၊ တိုင်းများနည်းတူ ဖွံ့ဖြိုးတိုးတက်လာအောင် ပြည်နယ်ရှိ တိုင်းရင်းသား ပြည်သူများက နိုင်ငံတော်အစိုးရနှင့်အတူ ပူးပေါင်း၍ ကြိုးပမ်းအားထုတ်ကြရန် အထူးလိုအပ်ကြောင်း။

ပြည်နယ်အတွင်း တည်ငြိမ်အေးချမ်းမှု ကျယ်ကျယ်ပြန့်ပြန့် ခိုင်မာစွာ တည်ဆောက် နိုင်မှသာ အသိပညာနှင့် အတတ်ပညာပြည့်စုံမှု အကြောင်းတရားဖြင့် ဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်သွားနိုင်မှာဖြစ်ကြောင်း။

စစ်မှန်သည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် နိုင်ငံတော် ရှေ့ဆက်သွားမည့်မူဝါဒလမ်းစဉ်(၇)ရပ်ကိုလည်း ချမှတ်ထားပြီး ယင်းမူဝါဒလမ်းစဉ်များနှင့်အညီအမျိုးသားညီလာခံကြီးကိုလည်း အောင်အောင်မြင်မြင် ကျင်းပနေပြီဖြစ်ကြောင်း။

နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ်များ တစ်ဆင့်ပြီးတစ်ဆင့် အောင်မြင်စွာ အကောင်အထည် ဖော်နိုင်ရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးကဝိုင်းဝန်း ပူးပေါင်း အကောင်အထည်ဖော်သွားကြရမှာဖြစ်ကြောင်း။

ဒီမိုကရေစီလူ့ဘောင်

တက်ညီလက်ညီ ပူးပေါင်းအကောင်အထည်ဖော်နိုင်သည်နှင့်အမျှ မိမိတို့နိုင်ငံ၏ရေမြေသဘာဝနှင့်ကိုက်ညီသည့်

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ➪

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ရှမ်းပြည်နယ် မိုင်းနောင်မြို့ အထက်တန်းကျောင်း တိုးချဲ့ကျောင်းဆောင် ဆောက်လုပ်ရန် မြေနေရာကြည့်ရှုစဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း လွိုင်ကော်မြို့ မြို့တော်ခန်းမတွင် လွိုင်ကော်မြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းအတွက် သင်ကြားမှုသင်ယူမှု အထောက်အကူပြုပစ္စည်းများကို ကျောင်းအုပ်ကြီးအားပေးအပ်စဉ်။(သတင်းစဉ်)

➪ စာမျက်နှာ ၁၀ မှ

ဒီမိုကရေစီလူ့ဘောင်အဖွဲ့အစည်းကို မှန်မှန်ကန်ကန်မြန်ဆန်စွာ ထူထောင်သွားနိုင်မှာဖြစ်ကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် လွိုင်ကော်မြို့နယ် အမှတ်(၁)၊ အမှတ်(၂)၊ အမှတ်(၃)၊ အမှတ်(၄) အခြေခံပညာ အထက်တန်းကျောင်းများနှင့် လောပိတ အထက်တန်းကျောင်းတို့အတွက် သင်ကြားမှုသင်ယူမှုအထောက်အကူပြု ပစ္စည်းများဖြစ်သည့် ရုပ်မြင်သံကြားစက်၊ ဗီဒီယိုပြစက်နှင့် ကွန်ပျူတာပစ္စည်းများကို သက်ဆိုင်ရာကျောင်းအုပ်ကြီးများအားလည်းကောင်း၊ လွိုင်ကော်မြို့နယ်အခြေခံပညာ ကျောင်းများအတွက် ဗလာစာအုပ်ဒါဇင် ၅၀၀ ကို မြို့နယ်ပညာရေးမှူးအား လည်းကောင်း ပေးအပ်သည်။

ယင်းနောက် အတွင်းရေးမှူး(၁)နှင့်အဖွဲ့ဝင်များသည် အခမ်းအနားသို့ တက်ရောက်လာကြသူများအားရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

အခမ်းအနားအပြီးတွင် အတွင်းရေးမှူး(၁)နှင့်အဖွဲ့ဝင်များသည် ရဟတ်ယာဉ်ဖြင့် ရှမ်းပြည်နယ်သို့ ထွက်ခွာခဲ့ကြရာ မိုင်းပွန်မြို့မှတစ်ဆင့် မော်တော်ယာဉ်များဖြင့် လွိုင်လင်မြို့သို့ ရောက်ရှိကြသည်။ အတွင်းရေးမှူး(၁)နှင့်အဖွဲ့ဝင်များအား လွိုင်လင်တပ်နယ်မှ ဗိုလ်မှူးကြီးသောင်းအေး၊ ပြည်နယ်မှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လွိုင်လင်ခရိုင်နှင့် လွိုင်လင်မြို့နယ်မှ ဌာနဆိုင်ရာတာဝန်ရှိသူများက ကြိုဆိုကြသည်။

မိုင်းနောင်မြို့

အတွင်းရေးမှူး(၁)နှင့်အဖွဲ့ဝင်များသည် ဇွန် ၂၁ရက် နံနက်ပိုင်းတွင် လွိုင်လင်မြို့မှ မိုင်းနောင်မြို့သို့ ရဟတ်ယာဉ်ဖြင့် ရောက်ရှိကြရာ မိုင်းနောင်တပ်နယ်မှ ဗိုလ်မှူးကြီးဟန်မြင့်၊ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များဖြစ်ကြသည့် ပြည်နယ်အုပ်ချုပ်ရေးမှူး ဦးစိန်သင်နှင့် ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးသူရတင်လှ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တပ်မတော်သားများနှင့် မိသားစုများက ကြိုဆိုကြသည်။

ယင်းနောက် အတွင်းရေးမှူး(၁)နှင့်အဖွဲ့ဝင်များသည် မိုင်းနောင်မြို့ အခြေခံပညာအထက်တန်းကျောင်းသို့သွားရောက်ကြပြီး ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆရာ ဆရာမများ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် မိုင်းနောင်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးမောင်မောင်လွင်နှင့် ဌာနအလိုက်တာဝန်ရှိသူများက မိုင်းနောင်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်မှုများနှင့် ဖြည့်ဆည်းပေးရန် လိုအပ်သည်များကို ရှင်းလင်းတင်ပြကြရာ တိုင်းမှူးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြသည့် မိုင်းနောင်မြို့၏ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ရေအားလျှပ်စစ်ထုတ်လုပ်နိုင်ရေး၊ ရုပ်မြင်သံကြားအစီအစဉ်များ ဖမ်းယူကြည့်ရှုနိုင်ရေး၊ ဌာနဆိုင်ရာ စုပေါင်းရုံး ဆောက်လုပ်ရေး၊ အားကစားကွင်းတည်ဆောက်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ အတွင်းရေးမှူး(၁)က လိုအပ်သည်များကို စီစဉ်ဆောင်ရွက်ပေးပြီး နိုင်ငံတော်၏ ကိုယ်စား ဤဒေသသို့ ရောက်ရှိတာဝန်ထမ်းဆောင်လျက်ရှိသည့် ဝန်ထမ်းများအနေဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် တက်တက်ကြွကြွဖြင့် အလုပ်လုပ်ရန် လိုသကဲ့သို့ ဒေသခံပြည်သူများကလည်း ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပုံများကို ရှင်းလင်းမှာကြားကာ အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ယင်းနောက် အတွင်းရေးမှူး(၁)နှင့်အဖွဲ့ဝင်များသည် အထက်တန်းကျောင်း တိုးချဲ့ကျောင်းဆောင်ဆောက်လုပ်ရန် လျာထားသည့်နေရာကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ပြည်သူ့ဆေးရုံနှင့် မိုင်းနောင်မြို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

မိုင်းနောင်မြို့သို့ ရောက်ရှိစဉ် အဖွဲ့ဝင်အဖြစ် လိုက်ပါလာသည့် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်နှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်းတို့သည် တာဝန်ရှိသူများလိုက်ပါလျက်သစ်တောဦးစီးဌာန မိုင်းနောင်မြို့ တာဝန်ခံရုံးသို့ သွားရောက်ကြပြီး သစ်ဆိမ့်၊ အော်ရီရှား၊ မယ်ဇလီ၊ ပနားမားငု၊ မန်ကျည်း၊ စိန်ပန်းပု၊ ရေသင်းဝင် စသည့် အပင်များ နှစ်သောင်းခွဲကျော် ပြုစုပျိုးထောင်ထားမှုများကို ကြည့်ရှုစစ်ဆေးကြသည်။

အလားတူ ဆောက်လုပ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်းနှင့် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးအောင်မျိုးမင်းတို့သည် သက်ဆိုင်ရာ ဌာနတာဝန်ခံများ၊ ဆရာ၊ ဆရာမများအား တွေ့ဆုံမှာကြားကြသည်။ အဖွဲ့ဝင်များဖြစ်သည့် ဌာနဆိုင်ရာ အကြီးအကဲများကလည်း သက်ဆိုင်ရာ ဌာနများကို လှည့်လည်ကြည့်ရှု၍လိုအပ်ချက်များကို ဖြည့်ဆည်းပေးကြသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့်အဖွဲ့ဝင်များသည် မိုင်းနောင်မြို့မှ ဟဲဟိုးလေဆိပ်သို့ ရဟတ်ယာဉ်ဖြင့် ရောက်ရှိကြပြီး ဟဲဟိုးမှ မြန်မာ့လေကြောင်း လေယာဉ်ခရီးစဉ်ဖြင့် ရန်ကုန်မြို့သို့ ထွက်ခွာခဲ့ကြရာ ညနေပိုင်းတွင် ပြန်လည်ရောက်ရှိကြသည်။

(သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း မန်ဟီးရိုးမြို့တွင်ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ဒေသခံ ရပ်မိရပ်ဖများအား တွေ့ဆုံနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ပြန်ကြားရေးဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း မူဆယ်ခရိုင်၌ လုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇွန် ၂၂

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းသည် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်၊ မြန်မာ့အသံနှင့် ရုပ်မြင် သံကြားမှ ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်အောင်နှင့် တာဝန်ရှိသူများ လိုက်ပါလျက် ရန်ကုန်မြို့မှဇွန်၁၈ရက် နံနက်ပိုင်းတွင် မန္တလေးမြို့သို့ရောက်ရှိပြီး ဆက်လက်ထွက်ခွာရာ ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့သို့ ညနေပိုင်းတွင် ရောက်ရှိသည်။ ထိုမှတစ်ဆင့် မူဆယ်ခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးစိုးဝင်းနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ဆက်လက်ထွက်ခွာရာ မူဆယ်မြို့နယ် မန်ဟီးရိုးမြို့သို့ ညဦးပိုင်းတွင်ရောက်ရှိပြီး မန်ဟီးရိုးမြို့ စုပေါင်းရုံးနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံရပ်မိရပ်ဖများနှင့်တွေ့ဆုံ၍ တင်ပြချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး စုပေါင်းရုံးအား ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ဇွန် ၁၉ရက် နံနက်ပိုင်းတွင် မူဆယ်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးကို ကြည့်ရှုစစ်ဆေး၍ ဝန်ထမ်းများအား တွေ့ဆုံမှာကြားပြီး မူဆယ်ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံနှင့် FM ရေဒီယို တပ်ဆင်ထုတ်လွှင့်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

တွေ့ဆုံမှာကြား

ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် မူဆယ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးစိုးဝင်းနှင့် တာဝန်ရှိသူများလိုက်ပါလျက် မူဆယ်မြို့မှ ဆက်လက်ထွက်ခွာရာ ကွတ်ခိုင်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးသို့ နံနက်ပိုင်းတွင်ရောက်ရှိပြီး ဝန်ထမ်းများနှင့်တွေ့ဆုံမှာကြားသည်။ ယင်းမှတစ်ဆင့်ကွတ်ခိုင်တပ်နယ်မှ ဗိုလ်မှူးကြီး စံရွှေသာ လိုက်ပါလျက် ဆက်လက်ထွက်ခွာရာ ကွတ်ခိုင်မြို့နယ် တာမိုးညဲမြို့သို့ မွန်းလွဲပိုင်းတွင် ရောက်ရှိပြီး တိုင်းရင်းသားခန်းမ၌ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ဒေသခံရပ်မိရပ်ဖများ၊ တိုင်းရင်းသားများနှင့် တွေ့ဆုံ၍ တင်ပြချက်များပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး စုပေါင်းရုံးကို ကြည့်ရှုစစ်ဆေးသည်။

မန်ဟီးရိုးမြို့နှင့် တာမိုးညဲမြို့တို့မှ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံရပ်မိရပ်ဖများ၊ တိုင်းရင်းသားများနှင့်တွေ့ဆုံရာတွင် ဝန်ထမ်းများ အနေဖြင့် မိမိ၏မွေးရပ်ဇာတိမြေကို ရောက်ရှိနေသည်ဟုခံယူပြီး ဒေသခံရပ်မိရပ်ဖများအနေဖြင့်လည်း ဝန်ထမ်းများအပေါ် နှစ်ပေါင်းများစွာ ခွဲခွာနေသော မိမိတို့ဆွေမျိုးသားချင်းများ ပြန်လည်ရောက်ရှိလာသည်ဟု ခံယူလျက် အတူတကွ လက်တွဲဆောင်ရွက်ပါက မလွဲမသွေ ဒေသဖွံ့ဖြိုးမှု ဖြစ်ထွန်းလာမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

(သတင်းစဉ်)

သီလရှင်စာသင်တိုက်ကြီးများသို့ အာဂုံဆောင်စာအုပ်များလှူဒါန်း

ရန်ကုန် ဇွန် ၂၂

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ဓမ္မသုခကျောင်းတိုက် အောင်သိဒ္ဓိကျောင်းစာချကထိကအာဂုံဆောင်ကျမ်းများကျမ်းပြု အရှင်စန္ဒဓောတိ(ပါဠိပါရဂူ ပိဋကတ်တစ်ပုံဆောင်)အရှင်မြတ်ရေးသားပြုစုသော အာဂုံဆောင်ငယ်ဇာတ်၊ အာဂုံဆောင်လတ်ဇာတ်နှင့် အာဂုံဆောင်ကြီးဇာတ်အပါအဝင် အစိုးရပါဠိပထမ ပြန်စာမေးပွဲ၊ ဓမ္မာစရိယစာမေးပွဲနှင့် နိကာယ်စာမေးပွဲပြဌာန်းကျမ်းစာများကို ဇွန် ၂၁ရက်က ရန်ကုန်၊ မြစ်ကြီးနားနှင့် ဟိုပင်မြို့များရှိ သမိဒ္ဓေါဒယ မြန်အောင်သီလရှင်စာသင်တိုက်ကြီးများသို့ ပေးပို့လှူဒါန်းရာ ပဓာနနာယကဆရာကြီးများကိုယ်စား ဟိုပင်မြို့ သမိဒ္ဓေါဒယမြန်အောင် သီလရှင်စာသင်တိုက် ပဓာနနာယကဆရာကြီး ဒေါ်ဉာဏသီ(ပထမကျော်၊ ဓမ္မာစရိယ၊ မဟာဂန္ထဝါစကပဏ္ဍိတ B.Ed.)နှင့် မနှစ်နှစ်ဆွေတို့က လက်ခံရယူသည်။

(က-ပ)

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများအား အမျိုးသမီးရေးရာအဖွဲ့လုပ်ငန်းစဉ်များ ရှင်းလင်းပြောကြား

ရန်ကုန် ဇွန် ၂၂

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အထွေထွေ အတွင်းရေးမှူး ပါမောက္ခ ဒေါက်တာ ဒေါ်ခင်အေးဝင်းသည် အတွင်းရေးမှူးအဖွဲ့ဝင် ပါမောက္ခ ဒေါက်တာ ဒေါ်ခင်မာထွန်းနှင့်အတူ ဇွန်၂၀ရက် မွန်းလွဲ ၁နာရီတွင် မြန်မာ့မီးရထား(ရုံးချုပ်) မြေညီထပ်ခန်းမ၌ ရထားပို့ဆောင်ရေး ဝန်ကြီးဌာန၏ အမျိုးသမီးဝန်ထမ်း မိသားစုများအား မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့၏ လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ရှင်းလင်းပွဲသို့ ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ဝန်ကြီး၏ ဇနီး၊ ဒုတိယဝန်ကြီးများ၏ ဇနီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၏ဇနီးများ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၏ဇနီးများ၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာနနှင့် ဝန်ကြီးဌာနအောက်ရှိ ဌာနအဖွဲ့အစည်းများမှ အမျိုးသမီးဝန်ထမ်းများ စုစုပေါင်း ၈၇၇ ဦးတို့ တက်ရောက်ကြသည်။

- ရှင်းလင်းပြောကြား -

ရှေးဦးစွာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ အထွေထွေအတွင်းရေးမှူး ပါမောက္ခဒေါက်တာ ဒေါ်ခင်အေးဝင်းက မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ ပေါ်ပေါက်လာပုံ၊ အမျိုးသမီးရေးရာအဖွဲ့၏ ရည်ရွယ်ချက်များ၊ အမျိုးသမီးရေးရာလုပ်ငန်းများ အောင်မြင်ဖွံ့ဖြိုးရေးအတွက်အဆင့်ဆင့်ဖွဲ့စည်းဆောင်ရွက်ပုံ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်အဖြစ် မိမိဆန္ဒအလျောက် အဆိုပြုလျှောက်ထားနိုင်ပုံနှင့် လျှောက်လွှာများ စိစစ်လက်ခံဆောင်ရွက်နေမှု အဆင့်ဆင့်တို့ကို ရှင်းလင်းပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

အိုလံပစ်နေ့ ကြက်တောင်ရိုက်ပြိုင်

ရန်ကုန် ဇွန် ၂၂

မြန်မာနိုင်ငံကြက်တောင်အဖွဲ့ချုပ်မှ ကြီးမှူးကျင်းပသည့် ၂၀၀၄ခုနှစ် အိုလံပစ်နေ့အထိမ်းအမှတ် ကြက်တောင်ရိုက်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကိုယနေ့ညနေ ၄နာရီက ဝိုင်အမ်စီအေခန်းမ၌ ကျင်းပသည်။

လူသစ်တန်းနှင့် အလွတ်တန်းနှစ်ယောက်တွဲ ပြိုင်ပွဲ ဗိုလ်လုပွဲများကို ကျင်းပပြီး ဆုရရှိသူများကို မြန်မာနိုင်ငံကြက်တောင်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမောင်မောင်ဆွေ၊ အမှုဆောင် ဦးမြသောင်း(Jewel Hotel)တို့က ဆုချီးမြှင့်ကြသည်။ ထို့နောက်ဥက္ကဋ္ဌဦးမောင်မောင်ဆွေနှင့် တာဝန်ရှိသူများ၊ ဆုရအားကစားသမားများ စုပေါင်းဓာတ်ပုံရိုက်ကြသည်။ (ကြေးမုံ)

မြန်မာနိုင်ငံ ကြက်တောင်အဖွဲ့ချုပ် အမှုဆောင် ဦးမြသောင်း(Jewel Hotel) လူသစ်တန်း နှစ်ယောက်တွဲပြိုင်ပွဲ ဆုရရှိသူများအား ဆုချီးမြှင့်စဉ်။ (ကြေးမုံ)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၃-၆-၂၀၀၄ (ဗုဒ္ဓဟူးနေ့)

၁၃၆၆ ခုနှစ်၊ ပထမဝါဆိုလဆန်း(၇)ရက် (အဖိတ်နေ့)

နံနက်ပိုင်း

၇း၀၀	၁။	**အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
၇း၂၅	၂။	ကျန်းမာဖို့အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	သံသာချိုအေးမင်္ဂလာတေး
၇း၅၅	၅။	မြူးမြူးကြွကြွယဉ်ကျေးမှုအက
၈း၁၀	၆။	အဆိုပြိုင်ပွဲ
၈း၂၀	၇။	ကချင်ပြည်နယ် မိုးကောင်းတံတား
၈း၃၀	၈။	International News.
၈း၄၅	၉။	Learning English the Easy and Happy Way for Children and Beginners.
၉း၀၀	၁၀။	အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀	၁။	စစ်ချီတေး၊စစ်သည်တေး
၄း၀၅	၂။	**EURO 2004 ဘောလုံးပွဲ ထုတ်လွှင့်မှု အစီအစဉ် (ဒိန်းမတ် နှင့် ဆွီဒင်)**
၅း၃၀	၃။	မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၅း၄၅	၄။	အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - တတိယနှစ် (ရက္ခဗေဒအထူးပြု)(ရက္ခဗေဒ)
၆း၀၀	၅။	အိမ်တွင်းမှုသိပ္ပံတိုင်းရင်းသားရိုးရာအစားအစာ (ကယား)
၆း၀၅	၆။	ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
၆း၁၅	၇။	Discovery
၆း၃၀	၈။	ညနေခင်းသတင်း
၇း၀၀	၉။	မိုးလေဝသအခြေအနေ
၇း၀၅	၁၀။	ကြံ့ခိုင်ကျန်းမာပြည်မြန်မာ
၇း၁၅	၁၁။	တေးဂီတအစီအစဉ်
၇း၃၀	၁၂။	သစ်သီးဝလံ ပေါပြည့်ဝေဆာ ဥယျာဉ်ခြံမှာ (ဒူးရင်း၊ ကြက်မောက်)
၇း၄၀	၁၃။	ကျေးလက်ဒေသတစ်ခွင် အလှဆင်
၈း၀၀	၁၄။	ပြည်တွင်းသတင်း
	၁၅။	နိုင်ငံတကာသတင်းများ
	၁၆။	မိုးလေဝသအခြေအနေ
	၁၇။	နိုင်ငံခြားဇာတ်လမ်းတွဲ **"အချစ်ဆိုသည်မှာ"(အပိုင်း-၅၂)**

နံနက်ပိုင်း

၀၁း၁၅	၁၈။	**EURO 2004 ဘောလုံးပွဲ တိုက်ရိုက် ထုတ်လွှင့်မှု အစီအစဉ် (ဂျာမနီ နှင့် ချက်)**
	၁၉။	နောက်တစ်နေ့အစီအစဉ်
	၂၀။	အစီအစဉ်ပြီး၏။

မန္တလေးမိုး

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း(၆၀)ဖြစ်သည်။

မြန်မာအမျိုးသမီးများနေ့ကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေ ၂၀၀၄ခုနှစ် ဇူလိုင် ၃ရက်တွင်ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ ကျင်းပရေးညှိနှိုင်း အစည်းအဝေးတွင် အဖွင့်အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

မြန်မာအမျိုးသမီးများနေ့ကျင်းပရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

ရန်ကုန် ဇွန် ၂၂

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် ၂၀၀၄ ခုနှစ် ဇူလိုင် ၃ရက် မြန်မာအမျိုးသမီးများနေ့ကျင်းပရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ သံလွင်လမ်း အမှတ်(၁၃၂)ရှိ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တက်ရောက်

အစည်းအဝေးသို့ မြန်မာအမျိုးသမီးများနေ့ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ခင်ဝင်းရွှေ၊ ဒုတိယဥက္ကဋ္ဌများ ဖြစ်ကြသော ပါမောက္ခ ဒေါက်တာ ဒေါ်မေမေရီ၊ ဒေါ်ခင်လေးသက်၊ ဒေါ်သန်းသန်းနွဲ့၊ ဒေါ်ခင်ခင်ဝင်း၊ အထွေထွေ အတွင်းရေးမှူး ပါမောက္ခဒေါက်တာဒေါ်ခင်အေးဝင်း၊ လုပ်ငန်းကော်မတီဝင်များ၊ လုပ်ငန်းကော်မတီ အကြံပေးပုဂ္ဂိုလ်များ၊ အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အဖွင့်အမှာစကား

အစည်းအဝေးတွင် ရှေးဦးစွာ မြန်မာအမျိုးသမီးများနေ့ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ခင်ဝင်းရွှေက အဖွင့်အမှာစကား ပြောကြားသည်။

အကြိုလှုပ်ရှားမှု

ထို့နောက် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် အကြိုလှုပ်ရှားမှုအဖွဲ့များဖြစ်ကြသည့် သစ်ပင်စိုက်ပျိုးရေးလုပ်ငန်းအဖွဲ့၊ ၂၀၀၄ခုနှစ် အမျိုးသမီးရေးရာ နှစ်ပတ်လည်မဂ္ဂဇင်း ထုတ်ဝေရေးအဖွဲ့၊ အမျိုးသမီးများ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြပွဲ ကျင်းပရေးအဖွဲ့၊ တေးသီချင်းများ၊ ပညာပေးရုပ်မြင်သံကြား ဇာတ်လမ်းများ ထုတ်လွှင့်ရေးအဖွဲ့တို့မှ အဖွဲ့ခေါင်းဆောင်များက လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ တက်ရောက်လာကြသည့် လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများနှင့် လုပ်ငန်းကော်မတီဝင်များက ဖြည့်စွက်ဆွေးနွေးတင်ပြကြသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ မြန်မာအမျိုးသမီးများနေ့အခမ်းအနားကျင်းပရေး အထောက်အကူပြုအဖွဲ့များဖြစ်ကြသည့် ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေးအဖွဲ့၊ အခမ်းအနားပြင်ဆင်ရေးအဖွဲ့၊ ပြန်ကြားရေးအဖွဲ့၊ ဧည့်ခံကျွေးမွေးရေးနှင့် သယ်ယူပို့ဆောင်ရေးအဖွဲ့၊ ရန်ပုံငွေနှင့် ဘဏ္ဍာရေးအဖွဲ့၊ ဓာတ်ပုံပြကွက်ခင်းကျင်းပြသရေးအဖွဲ့တို့မှ အဖွဲ့ခေါင်းဆောင်များက လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ဝိုင်းဝန်းဆွေးနွေး

ထို့နောက်အစည်းအဝေးသို့ တက်ရောက်လာကြသူများက ဝိုင်းဝန်းဆွေးနွေးအကြံပြု၍ ဆုံးဖြတ်အတည်ပြုကြကာ မြန်မာအမျိုးသမီးများနေ့ ကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေက လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

မြစည်းခုံကျောင်းတိုက် ဝါဆိုသင်္ကန်းဆက်ကပ်မည်

ရန်ကုန် ဇွန် ၂၂

ရန်ကုန်တိုင်း တောင်ဥက္ကလာပမြို့နယ် ပါရမီလမ်း (၅)ရပ်ကွက် အမှတ်(၃)ဝိုင်းရှိ ဆရာတော် ဘဒ္ဒန္တပဏ္ဍိတသာရ(မဟာဂန္ထဝါစကပဏ္ဍိတ) အမှူးပြုသော မြစည်းခုံကျောင်းတိုက် ပထမအကြိမ် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ဒုတိယဝါဆိုလပြည့်ကျော် ၁ရက်၊ ဩဂုတ် ၁ရက်နေ့တွင် ကျင်းပမည်ဖြစ်ရာ သင်္ကန်းတစ်စုံလျှင် ကျပ် ၂၀၀၀ နှုန်းဖြစ်စေ၊ ဆွမ်း၊ ထီး၊ ဖိနပ်၊ ဆေးဝါးအတွက်ကျပ်၁၀၀၀ နှုန်းဖြစ်စေ လှူဒါန်းလိုသူများသည် ဖုန်း-၅၆၁၀၈၀ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (၅၂၉)

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား မလေးရှားနိုင်ငံ Binariang Satellite Systems မှ Advisor, Mr. Dato Ainuddin Noordin လာရောက် တွေ့ဆုံစဉ်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား မလေးရှားနိုင်ငံ Binariang Satellite Systems မှ Advisor, Mr.Dato Ainuddin Noordin လာရောက်တွေ့ဆုံ

ရန်ကုန် ဇွန် ၂၂

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား မလေးရှားနိုင်ငံ Binariang Satellite Systems မှ Advisor, Mr.Dato Ainuddin Noordin သည် ဇွန် ၂၀ ရက် ညနေ ၃နာရီခွဲတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံသည်။

တက်ရောက်

ထိုသို့တွေ့ဆုံရာတွင် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့်အတူ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေး၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးစိုးဝင်း၊ မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဘိုကြည်၊ ပြန်ကြားရေးဝန်ကြီးဌာနရုံးအဖွဲ့မှူး ဗိုလ်မှူးရဲတင့်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)



အမျိုးသားညီလာခံ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ အစုအဖွဲ့အစည်းအဝေးတွင် အလှည့်ကျသဘာပတိ ဦးကိုကိုကျော် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

❒ နိုင်ငံ့ဝန်ထမ်းမှ

အစည်းအဝေးတွင် အလှည့်ကျ သဘာပတိအဖြစ် နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဦးကိုကိုကျော်ကဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် ပြည်ထဲရေးဝန်ကြီးဌာနမှ ဦးမြတ်ကိုနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဦးလှတင်တို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ လုပ်ငန်းအဖွဲ့(၉)မှ ဒုတိယညွှန်ကြားရေးမှူး ဦးဌေးဝင်းနှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဦးထိန်မင်းတို့က ဆောင်ရွက်ကြသည်။

အစည်းအဝေးအထမြောက်

ရှေးဦးစွာ အခမ်းအနားမှူးက အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ညီလာခံကိုယ်စားလှယ် ၁၀၉ ဦးရှိသည့်အနက် ၁၀၇ ဦးတက်ရောက်သည့်အတွက် ရာခိုင်နှုန်းအားဖြင့် ၉၈ ဒသမ ၁၇ ရှိသဖြင့် အစည်းအဝေးအထမြောက်ကြောင်းနှင့် သဘာပတိ၏ခွင့်ပြုချက်အရ အစည်းအဝေး စတင်ကြောင်း ကြေညာသည်။

ထို့နောက်အလှည့်ကျသဘာပတိ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဦးကိုကိုကျော်က အဖွင့်အမှာစကားပြောကြားသည်။

ဖတ်ကြားတင်ပြ

ဆက်လက်၍ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင်ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့တင်ပြမည့် နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့၏ အကြံပြုစာတမ်းကို ဖတ်ကြားတင်ပြရာ ကာကွယ်ရေး၊ လုံခြုံရေးနှင့် နိုင်ငံခြားရေးကဏ္ဍကို အားကစားဝန်ကြီးဌာနမှ ဦးသောင်းထိုက်ကလည်းကောင်း၊ ဘဏ္ဍာရေးနှင့် စီမံကိန်းကဏ္ဍကို ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနမှ ဦးသန်းညွန့်ကလည်းကောင်း ဖတ်ကြားတင်ပြကြပြီး အစည်းအဝေးကို နံနက် ၁၀ နာရီတွင် ခေတ္တရပ်နားသည်။

ဆက်လက်ကျင်းပ

ယင်းနောက် နံနက် ၁၀နာရီ ၁၅မိနစ်တွင် အစည်းအဝေးကို ဆက်လက် ကျင်းပရာ စီးပွားရေး၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍကို ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနမှ ဦးရန်နိုင်ကလည်းကောင်း၊ စွမ်းအင်၊ လျှပ်စစ်၊ သတ္တု၊ သစ်တောကဏ္ဍနှင့် စက်မှုကဏ္ဍကို သတ္တုတွင်းဝန်ကြီးဌာနမှ ဦးလှသိန်းကလည်းကောင်း ဖတ်ကြားတင်ပြကြသည်။

ထို့နောက် သဘာပတိက နိဂုံးချုပ် အမှာစကားပြောကြားကာ အစည်းအဝေးကို နံနက် ၁၁နာရီ ၅၅မိနစ်တွင် ရပ်နားလိုက်သည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၃-၆-၂၀၀၄ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၁၅ ၁၀။ အပိတ်နှုတ်ဆက်စကား
- ၈:၁၆ ၁၁။ ပြီးပါပြီ။

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၄:၁၅ ၄။ လက်စွမ်းပြဟန်ဂီတသံ
- ၄:၂၀ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄:၃၀ ၆။ မျိုးချစ်တပ်မတော်
- ၄:၄၀ ၇။ ကျန်းမာကြံ့ခိုင်တို့နိုင်ငံ
- ၄:၅၀ ၈။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၅:၀၀ ၉။ **အဝေးသင်ပညာရေးပို့ချမှု အစီအစဉ်**
  - (က) မြန်မာစာ(အထူးပြုအားလုံး)
  - (ခ) ဝတ်လုံတော်ရမောင်သောင်းဖေ
- ၅:၃၀ ၁၀။ မြတ်နိုးကြစေ အမျိုးသားအမွေ
- ၅:၄၅ ၁၁။ သာယာသီကြွေးခေတ်ဆန်းတေး
- ၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၃။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၄။ မိုးလေဝသသတင်း
- ၆:၂၀ ၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆:၃၀ ၁၆။ မြန်မာ့ရှုခင်း
- ၆:၄၀ ၁၇။ လျှပ်တစ်ပြက်ရိုက်ချက်
- ၇:၀၀ ၁၈။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ရတနာရွှေအိုး" (အပိုင်း-၇)**
- ၈:၀၀ ၁၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၂၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၂၁။ လျှပ်တစ်ပြက်ရိုက်ချက်
- ၂၂။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
- ၂၃။ ယနေ့ညအတွက်တေးလက်ဆောင်
- ၂၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "သိုင်းမင်းသားလေးနှင့်ရွှေမင်းသမီး" ဒုတိယတွဲ (အပိုင်း-၂၉)**
- ၂၅။ သင့်အတွက်မနက်ဖြန်
- ၂၆။ အပိတ်နှုတ်ဆက်စကား
- ၂၇။ ပြီးပါပြီ။

ကြည့်ရှုအားပေး

သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်တားဆီးရေး လူထုလှုပ်ရှားမှုဖြင့် စုပေါင်း ဆောင်ရွက်မှုကို ဇွန် ၂၂ရက်က တောင်ဥက္ကလာပမြို့နယ် (၆)ရပ်ကွက်၌ ကျင်းပရာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၊ ရန်ကုန် မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြည့်ရှုအားပေးကြစဉ်။ (၁၉)

❒ **အုပ်စု(ဃ)မှ**

တတိယ၊ စတုတ္ထကွာတားဖိုင်နယ် ပွဲစဉ်များအတွက် ကျန်အုပ်စုပွဲစဉ်များ မပြီးပြတ်သေးဘဲရှိရာ ဆက်လက်ယှဉ်ပြိုင်ရဦးမည်ဖြစ်သည်။ သို့ဖြစ်၍ အုပ်စု(ဃ) နောက်ဆုံးပွဲစဉ်များကို မနက်ဖြန်နံနက်တွင် ဆက်လက်ယှဉ်ပြိုင်မည်။

ဇွန် ၂၄ရက်
ကြာသပတေးနေ့
နံနက် ၁း၁၅ နာရီ
ချက်–ဂျာမနီ

"ချက်အသင်းကတော့ အံ့သြဖို့ကောင်းတယ်။ ဘောလုံးဝေဖန်သူတွေ၊ ကျွမ်းကျင်သူတွေ၊ ပရိသတ်တွေကို ကျွမ်းထိုးမှောက်ခုံဖြစ်အောင် လုပ်ပစ်နိုင်စွမ်းရှိတဲ့ အသင်းပဲဗျာ။ ချက်တွေရဲ့ စိတ်ဓာတ်ကတော့ အံ့မခန်းပဲ။ ကစားခဲ့တဲ့နှစ်ပွဲစလုံး ရှုံးနေရာက အနိုင်ရအောင် ပြန်ကစားနိုင်တဲ့ ချက်တွေရဲ့ စိတ်ဓာတ်တွေထဲမှာ ဘယ်လိုအစွမ်းသတ္တိတွေများ ပါနေသလဲမသိဘူး။ ခွဲခြမ်းစိတ်ဖြာကြည့်ဖို့ကောင်းတယ်။ ဒါကြောင့်မို့လည်း (ဃ)အုပ်စုမှာ (၆)မှတ်နဲ့ ထိပ်ဆုံးက အေးအေးဆေးဆေး ရပ်နေနိုင်တာပဲ။ အခုကစားမယ့် ဂျာမနီနဲ့ပွဲဟာ ချက်အသင်းအဖို့ ပြိုင်ပွဲဝင် ခြေစမ်းပွဲတစ်ပွဲလို ဖြစ်နေပါတယ်"ဟု လူငယ်အားကစား အယ်ဒီတာတစ်ယောက်က စာရေးသူကို ပြောပြသည်။

ချက်အသင်းသည် တစ်ဦးကောင်းထက် စုစည်းညီညွတ်မှုအားအပေါ်မှာ တည်ဆောက်ထားသည်။ ဤသို့တည်ဆောက်နိုင်ခြင်းမှာ နည်းပြဆရာကာရယ်လ်ဘရွတ်ခ်နာ၏ စွမ်းရည်တစ်ရပ်ဟု ဆိုနိုင်သည်။ ၂၀၀၂ခုနှစ် ကမ္ဘာ့ဖလားပြီးသည့်နောက် ချက်အသင်းကို ပြန်လည်အသက်ဝင်လာစေသူမှာ ဘရွတ်ခ်နာ ဖြစ်သည်။ အသက်(၂၁)နှစ်အောက်၊ (၂၃)နှစ်အောက် ချက်အသင်းများကို ကိုင်တွယ်ခဲ့သည်။ ၂၀၀၂ ခုနှစ် အသက်(၂၁)နှစ်အောက် ဥရောပဖိုလ်လုပွဲတွင် ပြင်သစ်အသင်းကို ၃–၁ဖြင့် အနိုင်ရအောင် ဦးဆောင်မှုပေးနိုင်သော နည်းပြဆရာဖြစ်သည်။ သူသည် ၂၀၀၀ပြည့်နှစ် ယူရိုပြိုင်ပွဲမှ နာမည်ကြီးကစားသမားများကို ဖြုတ်ပစ်ခဲ့ပြီး လူငယ်သွေးသစ်များကို သတ္တိရှိရှိဖြင့် အစားထိုးကာ ချက်အသင်းအား တည်ဆောက်ခဲ့သည်။ ထိုကဲ့သို့ လူငယ်သွေးသစ်များနှင့် အစားထိုးတည်ဆောက်ခဲ့သောကြောင့် ချက်အသင်းမှာ လျင်မြန်ဖျတ်လတ်ပြီး မြန်ဆန်သွက်လက်နေသည်။ ပြင်သစ်၊ ပေါ်တူဂီ၊ နယ်သာလန် စသည့် အသင်းများမှာလို တစ်ဦးချင်းထူးချွန်သော ကစားသမားများ ချက်မှာ မပါဝင်ချေ။ စုပေါင်းအားဖြင့် တစ်သင်းလုံး တက်ညီလက်ညီဖြင့် အလုပ်လုပ်ကြသည်။ မခိုမကတ်ဘဲ ကစားကြသည်။ ရုတ်တရက်ကြည့်လျှင် ချက်အသင်း အလုံးစုံပြည့်စုံသည်ဟု ထင်ရသည်။ သို့သော် နောက်တန်းမှာ အားနည်းချက်အနည်းငယ်ရှိသည်။ ပထမအချက်မှာ ပြိုင်ဘက်ရှေ့တန်းမှ မရပ်မနား ထိုးဖောက်ခံရသည့်အချိန်မှာ ပျာယာခတ်တတ်သည်။ နောက်တစ်ချက်မှာ ဘယ်အစွန်မှာ အားပျော့သည်။ ရှေ့တန်းမှာ ယန်ခိုလာနှင့် ဘားရို့စ်တို့သည် ဂိုးသွင်းခြေရှိသူများမဟုတ်။ သို့သော် တွန်းတွန်း တိုက်တိုက် ကစားနိုင်ကြသည်။ အဓိကမှာ အလယ်တန်း ဖြစ်သည်။ ချက်နှင့် ကစားမည့် ဂျာမနီအသင်းမှာ နယ်သာလန်လောက် ခြေစွမ်းကောင်းသည့် အသင်းတစ်သင်း မဟုတ်ပါ။ သို့သော် လျှော့တွက်၍ မရချေ။

ဂျာမနီသည် ကမ္ဘာ့ဖလားပြိုင်ခဲ့သောအသင်းနှင့်မတူ။ လူငယ်သွေးသစ်များနှင့် တည်ဆောက်လာသည်။ ကမ္ဘာ့ဖလားအသင်းလောက် ခြေစွမ်းမပြနိုင်သေးသော်လည်း ကစားဟန်၊ ကစားပုံတို့သည် များစွာ ပြောင်းလဲလာသည်။ နေရာစုံမှ လှုပ်ရှားကစားလာနိုင်သည်။ မြန်ဆန်သွက်လက်မှုသည် ကမ္ဘာ့ဖလားအသင်းထက်ပိုကောင်းသည်။ နောက်တန်း အနည်းငယ်လေးသော်လည်း ကောင်းသည်။ လုံသည်။ နယ်သာလန်နှင့် ကစားစဉ်က ပေးလိုက်ရသော တစ်လုံးတည်း သောဂိုးသည် ဖရီးကစ်မှ တစ်ဆင့် ရသွားခြင်းဖြစ်သည်။ ကွင်းလယ်အားလည်းကောင်းသည်။ ရှေ့တန်းမှ ကူရာညီနှင့် ဘိုဘစ်တို့ လှုပ်ကစားနိုင်သည်။

"ပွဲကောင်းတစ်ပွဲဖြစ်မှာပါ။ နှစ်သင်းခြေလည်းညီကြတယ်။ ဂျာမနီကငြိမ်ပြီး အမှားစောင့်ကစားတတ်တယ်။ နောက်တန်း လေးတာ တစ်ခုပဲ ပြောစရာရှိတယ်။ သူ့နေရာနဲ့သူ တာဝန်ကျေအောင်ကစားတတ်တယ်။ နှစ်သင်းစလုံးက စုပေါင်းပြီး ညီညီညွတ်ညွတ်နဲ့ ကစားတဲ့အသင်းတွေပဲ။ ရှေ့ပွဲတွေမှာ ဂျာမနီအနိုင်မရပေမယ့် ဒီတစ်ပွဲတော့ ဂျာမနီအနိုင်ရ လိမ့်မယ်လို့ ကျွန်တော်တွက်ထားတယ်။ နိုင်မှပဲ အုပ်စုတက်ခွင့်ရမယ်။ သရေဆိုရင် နယ်သာလန်တက်သွားနိုင်တယ်"ဟု စာရေးသူက ပြန်ပြောမိသည်။

ဇွန် ၂၄ရက်
ကြာသပတေးနေ့
နံနက် ၁း၁၅နာရီ
လတ်ဗီးယား–နယ်သာလန်

"ဂျာမနီနဲ့ပွဲမှာ ဒိုင်လူကြီးကသာ တရားမျှမျှတတ လုပ်မယ်ဆိုရင် လတ်ဗီးယားအခုဆိုရင် သုံးမှတ်ရထားပြီး အုပ်စုတက်ဖို့ အလားအလာလည်း ကောင်းနေပြီ။ အခုတော့ ထိုက်သင့်တဲ့ အရည်အသွေးရှိပေမယ့် အိမ်ပြန်ရတော့မယ်။ ဒါပေမယ့် လတ်ဗီးယားတွေ အိမ်အပြန် မျက်နှာပန်းလှပါတယ်။ နောက်ပြီး လတ်ဗီးယားက ရူဘင်စ်၊ ဘလီဒီလစ်၊ ဗာပါကော့ဗ် စကီး၊ ပရိုဟိုရင်ကော့ဗ်တို့နောက်ကို ဥရောပ ထိပ်တန်းအသင်းကြီးတွေ ကောက်ကောက်ပါအောင် လိုက်တော့မယ်။ လတ်ဗီးယား အမြတ်ထွက်ပါတယ်။ လတ်ဗီးယားဆိုတာ အဝန်းငယ်ပေမယ့် ထူးချွန်တဲ့ ဘောလုံးသမားကောင်းတွေနဲ့ ဘောလုံးအဆင့်အတန်းရှိတယ်ဆိုတာ တစ်ကမ္ဘာလုံးက လက်ခံသွားပြီဖြစ်ပါတယ်။ နယ်သာလန်နဲ့ပွဲမှာ သူတို့ခြေစွမ်းကို ထပ်ကြည့်ရှုခွင့်ရပါဦးမယ်"ဟု ဘောလုံးလေ့လာသူတစ်ဦးက မှတ်ချက်ပေးသည်။

ချက်နှင့် ဂျာမနီတို့ပွဲများတွင် လတ်ဗီးယား၏ ကစားအားကောင်းသည်။ ချက်ပွဲထက် ဂျာမနီနှင့်ပွဲတွင် ပိုကောင်းသည်။ ဂျာမနီနှင့်ပွဲတွင် ကွင်းလယ်ကစားကွက် လှုပ်ကစားနိုင်သည်။ သူတို့၏ တန်ပြန်ထိုးဖောက်ချက်က အလွန်ကောင်းသည်။ အထူးသဖြင့် ဘယ်ခြမ်းမှ ထိုးဖောက်ကစားသည်။ နယ်သာလန်၏ နောက်ညာခြမ်းမှာ ရိုင်ဇီဂါနှင့် ဂျက်စတမ်းတို့ ရှိသည်။ ရိုင်ဇီဂါသည် ဘာစီလိုနာမှာ ခြေစွမ်းပျောက်နေသောသူ ဖြစ်သည်။ နှေးလည်းနှေး နေပြီဖြစ်သည်။ ဂျက်စတမ်းလည်း ရိုင်ဇီဂါကဲ့သို့ပင် နှေးနေပြီ။ ဒါကြောင့် လတ်ဗီးယားရှေ့တန်းမှ ဗာပါကော့ဗ် စကီးနှင့် ပရိုဟိုရန်ကော့ဗ်တို့ကို ထိန်းဖို့ခက်လိမ့်မည်။

နယ်သာလန်က ခံစစ်ထက်တိုက်စစ်ကို ပိုပြီးအားပြုသည့်အသင်းဖြစ်သည်။ သူ၏နောက်တန်းမှာ သမ္မာဖြင့် ထိန်းကစားနေခြင်းဖြစ်သည်။ ဘယ်ခြမ်းမှ ဗန်ဘရွန်ခရော့ဇ် (၂၉)နှစ်မှလွဲ၍ ကျန်လူများသည် အသက် ၃၀ကျော်ချည်းဖြစ်သည်။ ချက်နှင့်ပွဲတွင် နယ်သာလန်တို့ ပြန်ပေးလိုက်ရသော ဂိုးများသည် နောက်တန်းအထနှေးသောကြောင့် ဖြစ်သည်။ အကယ်၍ နယ်သာလန်နည်းပြဆရာသည် လူငယ်သွေးသစ်များကို နောက်တန်းတွင် သတ္တိရှိရှိ ထည့်သုံးရဲမည်ဆိုလျှင် အနေအထားတစ်မျိုး ဖြစ်သွားနိုင်သည်။ သို့သော် နည်းပြဆရာသည် သုံးရဲမည့် အနေအထား မရှိချေ။ ချက်နှင့်ပွဲ၌ ကွင်းလယ်မှ မွေနှောက်ကစားနေသော ရော့ဘင်ကို ထုတ်လိုက်ခြင်းကိုကြည့်လျှင် နည်းပြဆရာ အက်ဗိုကတ်၏ အရည်အသွေးကို သိနိုင်သည်။

"ဘာပဲပြောပြော ဒီပွဲကိုတော့ နယ်သာလန်နိုင်အောင် ကန်ရမှာပဲ။ ချက်နဲ့ ပွဲတုန်းက ၂–၁နဲ့ ကိုယ်က ဦးဆောင် နေရာကနေ ခံစစ်ကို ရုတ်တရက် ပြောင်းလဲတဲ့နည်းဗျူဟာမျိုးကိုတော့ နည်းပြ အက်ဗိုကတ် ထပ်လုပ်ဦးမယ် မထင်ပါဘူး။

လတ်ဗီးယားရဲ့တန်ပြန်တိုက်စစ်တွေကိုနယ်သာလန်နောက်တန်းက ကောင်းကောင်းထိန်းနိုင်ရင်တော့ နယ်သာလန်အနိုင်ရမှာပဲ။ နယ်သာလန်ရဲ့ အလယ်တန်းနဲ့ ရှေ့တန်းက လတ်ဗီးယားရဲ့ နောက်တန်းကို ကောင်းကောင်း လှည့်စားကစား နိုင်စွမ်းရှိပါတယ်။ တကယ်လို့ နည်းပြဆရာက ရော့ဘင်ကို သုံးမယ်။ ဗန်ဒါဗတ်ကလေးကိုလည်း သုံးမယ်ဆိုရင် နစ္စတယ်လ်ရွိုင်း နောက်ကနေ လှစ်ခနဲပြေးထွက်ပြီး ဂိုးတွေ သွင်းနိုင်ပါတယ်။

ဗန်ဒါဗတ်ရော ဗန်ဒါမေဒီ နှစ်ဦးစလုံး ကောင်းပါတယ်။ အချုပ်ကိုပြောရရင် နယ်သာလန် နိုင်မယ့်ပွဲပါပဲ" ဟု ပရိသတ်တစ်ဦးက စာရေးသူကို ပြောပြသည်။ ။



ဇွန် ၁၉ရက်က အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်းတွင် ကျင်းပသည့် သတ္တမအကြိမ်မြောက် အရှေ့တောင်အာရှကာယဗလပြိုင်ပွဲ၌ (၈၅)ကီလိုတန်း၌ ရွှေတံဆိပ်ဆုရရှိသည့်အပြင် အကောင်းဆုံး ကာယဗလသမား (Best Bodybuilder) ဆုနှင့် မစ္စတာယဘာလီ ၂၀၀၄ (Mr. Bali-2004) ဆုများ ဆွတ်ခူးရရှိသော မင်းဇော်ဦး။
(သတင်းဖော်ပြပြီး) (သတင်းစဉ်)

ရွှေတံဆိပ်ဆု

ဇွန် ၁၉ရက်က အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်းတွင် ကျင်းပသည့် သတ္တမအကြိမ်မြောက် အရှေ့တောင် အာရှကာယဗလပြိုင်ပွဲ၌ ကီလို (၇၀) တန်းတွင် ရွှေတံဆိပ် ရရှိသော အောင်ခိုင်ဝင်း။
(သတင်းဖော်ပြပြီး)
(သတင်းစဉ်)

ပြင်သစ်နှင့်အင်္ဂလန် ကွာတားဖိုင်နယ်တက် အင်္ဂလန်နှင့် ပေါ်တူဂီ၊ ပြင်သစ်နှင့် ဂရိ တွေ့မည်

ရန်ကုန် ဇွန် ၂၂

ယူရို–၂၀၀၄ ဘောလုံးပြိုင်ပွဲ အုပ်စု(ခ)နောက်ဆုံးပွဲစဉ်များကို ယနေ့နံနက် ဝ၁နာရီ ၁၅မိနစ်က ပေါ်တူဂီနိုင်ငံတွင်ကျင်းပရာ ပြင်သစ်က ဆွစ်ဇာလန်ကို သုံးဂိုး–တစ်ဂိုးဖြင့်လည်းကောင်း၊ အင်္ဂလန်က ခရိအေးရှားကို လေးဂိုး–နှစ်ဂိုးဖြင့်လည်းကောင်း အသီးသီးအနိုင်ရရှိကာ ကွာတားဖိုင်နယ်သို့ တက်ရောက်သွားသည်။

အုပ်စု(ခ)တွင် ပြင်သစ်အသင်းက နှစ်ပွဲနိုင်၊ တစ်ပွဲသရေ ခုနစ်မှတ်ဖြင့်အုပ်စုပထမရရှိပြီး အင်္ဂလန်အသင်းက နှစ်ပွဲနိုင်၊ တစ်ပွဲရှုံးခြောက်မှတ်ဖြင့် အုပ်စုဒုတိယရရှိသည်။

ထို့ကြောင့် ကွာတားဖိုင်နယ် ရှုံးထွက်ပွဲစဉ်တွင် အုပ်စု(က) ပထမအိမ်ရှင် ပေါ်တူဂီနှင့် အုပ်စု(ခ) ဒုတိယ အင်္ဂလန်၊ အုပ်စု(ခ) ပထမ ပြင်သစ်နှင့် အုပ်စု(က) ဒုတိယ ဂရိတို့ ယှဉ်ပြိုင်ကစားကြရမည် ဖြစ်သည်။ (ကြေးမုံ)

တတိယဂိုး

ယူရို – ၂၀၀၄ အုပ်စု(ခ)မှ အင်္ဂလန်နှင့် ခရိအေးရှားတို့ပွဲတွင် အင်္ဂလန်အသင်းမှ ဝိန်းရွန်နေး (နံပါတ်–၉)က ၆၈မိနစ်တွင် အင်္ဂလန် အသင်းအတွက် တတိယဂိုးကို သွင်းယူစဉ်။
(ဝိန်းရွန်နေးသည် ထိုပွဲတွင် နှစ်ဂိုးသွင်းခဲ့သည်။)
(ဓာတ်ပုံ–အင်တာနက်)

ပွဲစဉ်များပြီးဆုံးသွားသည့် အုပ်စု(ခ)မှ အသင်းများ၏အခြေအနေ

အုပ်စု(ခ)	ကစားပြီး	နိုင်	သရေ	ရှုံး	ရဂိုး	ပေးဂိုး	ရမှတ်
ပြင်သစ်	၃	၂	၁	၀	၇	၄	၇
အင်္ဂလန်	၃	၂	၀	၁	၈	၄	၆
ခရိအေးရှား	၃	၀	၂	၁	၄	၆	၂
ဆွစ်ဇာလန်	၃	၀	၁	၂	၁	၆	၁

MMBox

MYANMAR MEDIA BOX
RICH MEDIA IN ONE BOX

Euro 2004

အုပ်စုနောက်ဆုံး ဘောလုံးပွဲစဉ်များအားလုံးကို MMBox မှ နေ့စဉ် ၂ ပွဲစလုံး

တစ်ပြိုင်နက် တိုက်ရိုက် (Live)

ထုတ်လွှင့်ခြင်းမှ ကြိုက်နှစ်သက်ရာ ကြည့်ရှုနိုင်မည့် အစီအစဉ်များ

ရက်စွဲ	ပွဲစဉ်	အချိန်
၂၀-၆-၀၄	စပိန် - ပေါ်တူဂီ	၁၉:၄၅ (ဥရောပစံတော်ချိန်) နံနက် ၁:၁၅ (မြန်မာစံတော်ချိန်)
	ရုရှား - ဂရိ	၁၉:၄၅ (ဥရောပစံတော်ချိန်) နံနက် ၁:၁၅ (မြန်မာစံတော်ချိန်)
၂၁-၆-၀၄	ခရိုအေးရှား - အင်္ဂလန်	၁၉:၄၅ (ဥရောပစံတော်ချိန်) နံနက် ၁:၁၅ (မြန်မာစံတော်ချိန်)
	ဆွစ်ဇာလန် - ပြင်သစ်	၁၉:၄၅ (ဥရောပစံတော်ချိန်) နံနက် ၁:၁၅ (မြန်မာစံတော်ချိန်)
၂၂-၆-၀၄	အီတလီ - ဘူလ်ဂေးရီးယား	၁၉:၄၅ (ဥရောပစံတော်ချိန်) နံနက် ၁:၁၅ (မြန်မာစံတော်ချိန်)
	ဒိန်းမတ် - ဆွီဒင်	၁၉:၄၅ (ဥရောပစံတော်ချိန်) နံနက် ၁:၁၅ (မြန်မာစံတော်ချိန်)
၂၃-၆-၀၄	ဂျာမနီ - ချက်	၁၉:၄၅ (ဥရောပစံတော်ချိန်) နံနက် ၁:၁၅ (မြန်မာစံတော်ချိန်)
	ဟော်လန် - လတ်ဗီးယား	၁၉:၄၅ (ဥရောပစံတော်ချိန်) နံနက် ၁:၁၅ (မြန်မာစံတော်ချိန်)

အရည်အသွေးမှာ ထိပ်တန်း

ကြာဒါးခိုင် ဝါဆိုသက်နှုံး

ကြာဒါးခိုင် သက်နှုံးတိုက်

ဦးလှမြင့် + ဒေါ်ခိုင်ဘာမှု

အမှတ် (၁၃) ... ရန်ကုန်မြို့ ဖုန်း - ...

အမှတ် (၅၅) ... ရန်ကုန်မြို့ ဖုန်း - ...

အမှတ် (၇၉) ... ရန်ကုန်မြို့ ဖုန်း - ...

အမှတ် (၁၅၅) ... ရန်ကုန်မြို့ ဖုန်း - ...

CHINA Chongqing Sichuan EXPORT COMMODITIES EXHIBITION 2004

တရုတ်နိုင်ငံ ချုံကျင်း ဆီချွမ် ပြည်ပပို့ကုန်ပစ္စည်းပြပွဲ - ၂၀၀၄

နေ့ရက်။ (၂၉-၆-၂၀၀၄) မှ (၁-၇-၂၀၀၄) အထိ အချိန်။ နေ့စဉ် နံနက် ၉ နာရီ မှ ညနေ ၅ နာရီ

နေရာ။ ရန်ကုန် ကုန်သွယ်မှုပြခန်းဝင်း

EXHIBITS: Locomotive, Motorcycle, Light Truck; Electric Equipment, Machine Facilities, Paper Equipment, Textile Equipment, Farming Apparatus and Accessories (Gas Engine, Diesel Engine, Generator, Water Pump); Laminate Flooring and Hardwood Purchasing, Household Appliances, Electric Products, Electric Cable, Telecommunication Facilities, Project Contract, Medicine, Chemical Industry, Agriculture, Fertilizer, Pesticide, Vegetable Seed and Technology, Light Industry, Food, Condiment, etc.

Main Activity:	Business Matching Session
Date:	June 29, 2004 (15:00 hrs.)
Venue:	SEDONA Hotel, Yangon

Sponsors:
Chongqing Municipal People's Government
Sichuan Provincial People's Government

Organizers:
China Council for the Promotion of International Trade, Chongqing Sub-council
China Council for the Promotion of International Trade, Sichuan Council
MPRC-Yangon Associates (C & M Trading Co., Ltd.)

Supporters:
Ministry of Commerce, Union of Myanmar
Embassy of the People's Republic of China, Yangon
Union of Myanmar Federation of Chambers of Commerce & Industry

မြစ်ရေကြီးခြင်း သတိပေးချက်ထုတ်ပြန်

ရန်ကုန် ဇွန် ၂၂

ချင်းတွင်းမြစ်ရေသည် ယနေ့ နံနက်ပိုင်း ဂနာရီအချိန်တိုင်းတာ ချက်များအရ ရွှေဘိုမြို့တွင် ၁၁၃၀ စင်တီမီတာသို့ ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် ယနေ့ မွန်းတည့်မှ နောက် ၄၈နာရီ အတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ် ၁၁၆၀ စင်တီမီတာသို့ ရောက်ရှိ နိုင်သည်ဟု မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာန ဦးစီးဌာန က ထုတ်ပြန်သည်။

Job Vacancy

INTERGRAPH

Myanmar Intergraph, the market leader providing GIS, Mapping, Civil Engineering, Photogrammetry, and Remote Sensing Solutions for various Industries such as Municipal, Government, Construction, Mining, Utilities, Defense, Agriculture, Irrigation, Transportation, Environmental Conservation, etc., has the following vacancy;

1 Application Engineer (Civil Engineering)

For this challenging position, you are expected to have

- Bachelor Degree in Civil Engineering
- Experience in Surveying with modern surveying equipment and Civil Engineering Applications such as Digital Mapping, CAD and Road Design Software
- Fluency in English and PC Skills
- Good interpersonal and presentation skills
- Diligence, self-motivation and innovation.

Interested candidates can apply with full resume, recent photo, and labor registration card within 2 weeks from now to Myanmar INGR Trading Co., Ltd.; Unit 7, Building 1, Myanmar ICT Park, Hlaing Township, Yangon, Myanmar.

Only short-listed candidates will be notified. Local Service Only.

English for Business (စီးပွားရေးလုပ်ငန်းသုံး အင်္ဂလိပ်စာ)

စီးပွားရေးနည်းစနစ်များ... Business Knowledge နဲ့ Vocabulary တွေ မြန်မာလိုအသေးစိတ် ...

MENTOR ... ၂၆-ဇွန်-၂၀၀၄ ...

TODAY ENGINEERING SERVICE & TRAINING

Air-con, Refrigerator, Freezer, Chiller, Cold-store, Ice plant & Wash Machine ... Repairing, Installation, Servicing & Maintenance Service ...

Air Con & Refrigeration Skill Course ... Theory & Practical ...

Just Call 220016

No. 41, G/F, 7th St, Lanmadaw Tsp, Yangon.

ရန်ကုန်မိုး

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့် အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း (၈၀)ဖြစ်သည်။

ဦးကျော်ဝေယျ

ပြစ်မှုဆိုင်ရာဥပဒေ

(ရာဇသတ်ကြီး)

အဘိဓါန်

(စာအုပ်ဆိုင်ကြီးများတွင် မေးပါ)

(U-9) မြေကွက် (ဓာတ်လှေကားစား)

(U-9) ... + 09-80 34015

ပန်းဘီတို

UKMH

E-4 Skills & Grammar Special

(Pre-inter; Inter; Upper-inter Levels)

TOEFL ... IELTS ...

Ruby ☎ 725317, 650823

MOTHER LANDဆောက်လုပ်ရေး နှင့် YADANAR MYAINGဆောက်လုပ်ရေးတို့မှ မူးပေါင်းဆောက်လုပ်ပြီးစီးသည့် တိုက်ခန်းများကို ညှိနှိုင်းစနစ်ဖြင့် ရောင်းချပေးနေပါသည်။

12½'×60'	12½'×60'	13½'×50'	13½'×50'	25'×50'	25'×50'	19'×94'	15'×50'	15'×50'	20'×50'

- လှည်းတန်း (BCC)ကျောင်း
- အထက်ရန်ကင်း
- ဗြူဟာလမ်းဆုံ

ဆက်သွယ်ရန် - ...

Phone : 245029, 248912, 204058, 290810.
Fax : 204058.
E-mail : stm@whitecloud.com.mm
Website : www.motherlandconstruction.com

အိုလံပစ်နေ့အထိမ်းအမှတ် မြန်မာ-ထိုင်း ချစ်ကြည်ရေး အပြေးပြိုင်ပွဲနှင့် လမ်းလျှောက်ပြိုင်ပွဲ ကျင်းပ

ရန်ကုန် ဇွန် ၂၂

၂၀၀၄ခုနှစ် အိုလံပစ်နေ့အထိမ်းအမှတ်အဖြစ် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီနှင့် ထိုင်းနိုင်ငံ အိုလံပစ်ကော်မတီတို့ မြန်မာ-ထိုင်း ချစ်ကြည်ရေးအဖြစ် ပူးပေါင်းကျင်းပသည့် ၁၁ ဒသမ ၅ ကီလို(ခြောက် မိုင်) အပြေးပြိုင်ပွဲနှင့် လမ်းလျှောက် ပြိုင်ပွဲများကို ဇွန် ၂၀ ရက် နံနက် ၆ နာရီတွင် နှစ်နိုင်ငံ နယ်စပ်မြို့များဖြစ်သည့် တာချီလိတ်မြို့နှင့် မယ်ဆိုင်မြို့များ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပကြသည်။

နှစ်နိုင်ငံပြည်သူ

အဆိုပါ အခမ်းအနားသို့ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရ အေးမြင့်၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဝင် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူနှင့် မြန်မာနိုင်ငံ ရွက်လှေအဖွဲ့ချုပ် အတွင်းရေးမှူး ဦးမိုးမြင့်၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ တွဲဖက်အတွင်းရေးမှူး၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသန်းဇော်၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဆေးဘက်ဆိုင်ရာ အထွေထွေ အတွင်းရေးမှူး ဒေါက်တာသန်းတိုး၊ အားကစားနှင့် ကာယပညာဦးစီးဌာန၊ အားကစား ကလောင်ရှင်များအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာတင်ထွန်းဦး၊ အားကစားအဖွဲ့ချုပ်များမှ ပုဂ္ဂိုလ်များ၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ တာချီလိတ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဇော်အေးနှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးယုထဆမ်ဆရီရဖား၊ ထိုင်းနိုင်ငံ ခရီးသွားလုပ်ငန်းနှင့် အားကစားဝန်ကြီးဌာန အတွင်းဝန် နိုင်းဂျဒေ့ဂျ်အင်းစဝမ်နှင့် တာဝန်ရှိသူများ နှစ်နိုင်ငံပြည်သူများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က နှစ်နိုင်ငံ ချစ်ကြည်ရေးအတွက် အပြေးပြိုင်ပွဲနှင့် လမ်းလျှောက်ပြိုင်ပွဲ ပူးပေါင်းကျင်းပရခြင်း အကြောင်းကို အမှာစကားပြောကြားသည်။ ထို့နောက် ထိုင်းနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး ယုထဆမ်ဆရီရဖားက အမှာစကားပြောကြားပြီး နှစ်နိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌများဖြစ်သည့် ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်နှင့် ဗိုလ်ချုပ်ကြီး ယုထဆမ်ဆရီရဖားတို့က အာရှအိုလံပစ်ကောင်စီအလံနှင့် နှစ်နိုင်ငံ အိုလံပစ်ကော်မတီ အလံများကို အမှတ်(၁)ချစ်ကြည်ရေးတံတားအလယ်တွင် အပြန်အလှန် လဲလှယ်ကြသည်။

၈၀၀၀ ကျော်

ဆက်လက်၍ ထိုင်းနိုင်ငံ မယ်ဆိုင်ရဲစခန်းရှေ့ အထွက်မှခ်ဦးတွင် အိုလံပစ်နေ့ အထိမ်းအမှတ် ချစ်ကြည်ရေး အပြေးပြိုင်ပွဲနှင့် လမ်းလျှောက်ပြိုင်ပွဲတွင် ပါဝင်ဆင်နွှဲကြမည့် နှစ်နိုင်ငံမှ ပြည်သူ ၈၀၀၀ ကျော်တို့အား မောင်းထု၍ တာလွှတ်ပေးလိုက်ရာ နှစ်နိုင်ငံ ချစ်ကြည်ရေး တံတားအမှတ်(၁)ကို ကျော်ဖြတ်၍ မြန်မာနိုင်ငံ တာချီလိတ်မြို့တွင်းသို့ ဝင်ရောက်ပြီး ဗိုလ်ချုပ်လမ်း၊ အမှတ်(၂) ချစ်ကြည်ရေးတံတား ချဉ်းကပ်လမ်း၊ မယ်ဆိုင်လမ်းကွေ့တို့ကို ဖြတ်သန်းကြပြီး မယ်ဆိုင်မြို့တွင်းသို့ ပြန်လည်ဝင်ရောက်ကာ မြို့ပိုင်ရုံးရှေ့ရှိ မှခ်ဦးတွင် ပန်းဝင်ကြသည်။

နှစ်နိုင်ငံချစ်ကြည်ရေး အပြေးပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ အောင်သီဟက ၃၄ မိနစ် ၄၃ စက္ကန့်ဖြင့် ပထမရရှိပြီး အမျိုးသမီးပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ပပက ၄၀ မိနစ် ၁၀ စက္ကန့်ဖြင့် ပထမ ရရှိသည်။

မြန်မာ-ထိုင်း ချစ်ကြည်ရေးအဖြစ် ၂၀၀၄ ခုနှစ် အိုလံပစ်နေ့ အထိမ်းအမှတ် ပူးပေါင်းကျင်းပသော အပြေးပြိုင်ပွဲနှင့် လမ်းလျှောက်ပြိုင်ပွဲကို ဇွန် ၂၀ ရက် နံနက်ကကျင်းပရာ နှစ်နိုင်ငံ အိုလံပစ်ကော်မတီအလံများ လဲလှယ်ကြရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်နှင့် ထိုင်းနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး ယုထဆမ်ဆရီရဖားတို့ အပြန်အလှန် လဲလှယ်ကြစဉ်။
(သတင်းစဉ်)

ပါဝင်ဆင်နွှဲ

၂၀၀၄ ခုနှစ် အိုလံပစ်နေ့ အထိမ်းအမှတ် ချစ်ကြည်ရေး အထိမ်းအမှတ် အပြေးပြိုင်ပွဲ အထိမ်းအမှတ် ရိုက်နှိပ်ထားသော တီရှပ်အဖြူရောင်ကို မြန်မာနိုင်ငံဘက်မှဝတ်ဆင်ပြီး အပြေးပြိုင်ပွဲအတွက် ပြည်သူ ၁၀၀၀နှင့် လမ်းလျှောက်ပြိုင်ပွဲ ၃၀၀၀ စုစုပေါင်း ၄၀၀၀နှင့် အပြာရောင်ဝတ်ဆင်ထားသော ထိုင်းနိုင်ငံမှ အပြေး ပြိုင်ပွဲဝင် ၁၀၀၀နှင့် လမ်းလျှောက် ပြိုင်ပွဲဝင် ၃၀၀၀ စုစုပေါင်း ၄၀၀၀တို့ ပါဝင်ဆင်နွှဲကြကြောင်းသိရသည်။ (သတင်းစဉ်)

သတင်းဆောင်းပါး-ညီညီစိုးညွန့် ဓာတ်ပုံ-စိုးညွန့်(ကြေးမုံ)

ရန်ကုန် ဇွန် ၂၂

မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ဇွန် ၁၈ရက်မှ ၂၁ ရက်အထိကျင်းပခဲ့သော ၂၀၀၄ခုနှစ် ဒုတိယအကြိမ် အာရှပတ်လည် မြားပစ်ပြိုင်ပွဲတွင် မြန်မာမြားပစ်အဖွဲ့သည် ရွှေတံဆိပ်တစ်ခု၊ ကြေးတံဆိပ်နှစ်ခု ဆွတ်ခူးရရှိခဲ့ပြီး အမိနိုင်ငံတော်၏ ဂုဏ်ကိုမြှင့်တင်နိုင်ခဲ့သည်။

မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ်သည် အဖွဲ့ချုပ်တည်ထောင်ချိန်မှစ၍ ယခုပြိုင်ပွဲအထိ ရွှေတံဆိပ် ၁၃ခု၊ ငွေတံဆိပ် ၁၂ခု၊ ကြေးတံဆိပ် ၁၄ခု စုစုပေါင်း ဆုတံဆိပ် ၃၉ခု နိုင်ငံတော်အတွက် ဆွတ်ခူးရယူပေးပြီးဖြစ်သည်။

ယခုအာရှပတ်လည်မြားပစ်ပြိုင်ပွဲတွင်လည်း မြန်မာမြားပစ် အားကစားမောင်မယ်များသည် ကမ္ဘာ့အဆင့်ရှိ အိန္ဒိယအပါအဝင် အိမ်ရှင်မလေးရှား၊ သြစတြေးလျ၊ ထိုင်း၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှား၊ မွန်ဂိုလီးယား၊ ဆော်ဒီအာရေဗျ၊ ကာတာ၊ အီရန်၊ စင်ကာပူ၊ ဗီယက်နမ်၊ ဟောင်ကောင် စုစုပေါင်း ၁၃ သင်းတို့နှင့်အတူ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။

မြန်မာမြားပစ်အဖွဲ့အတွက် ရွှေတံဆိပ်ဆုကို သင်းသင်းခိုင်က အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲတွင် ဆွတ်ခူး ရယူနိုင်ခဲ့သည်။ ညီညီထွန်း၊ ထွန်းလင်းအောင်၊ ဇော်မင်းထွန်းတို့ ပါဝင်သော မြန်မာအမျိုးသားအသင်းက အသင်းလိုက်ပြိုင်ပွဲ

မြန်မာ မြားပစ်အားကစားအဖွဲ့အတွက် ရွှေတံဆိပ်ဆုကို အမျိုးသမီးတစ်ဦးချင်း ပြိုင်ပွဲတွင် ဆွတ်ခူးပေးခဲ့သော သင်းသင်းခိုင်။
ဓာတ်ပုံ-စိုးညွန့်(ကြေးမုံ)

ဒုတိယအကြိမ် အာရှပတ်လည် မြားပစ်ပြိုင်ပွဲ ငါးဦးသွားရောက်ယှဉ်ပြိုင်ပြီး လေးဦး ဆုတံဆိပ်ဆွတ်ခူး သင်းသင်းခိုင်က ကမ္ဘာ့အဆင့်ရှိ အိန္ဒိယကိုနိုင်ပြီး ရွှေရရှိ

အောင်ပွဲရ မြန်မာမြားပစ်အားကစားအဖွဲ့အား ကြိုဆိုသူများနှင့်အတူ တွေ့ရစဉ်။ ဓာတ်ပုံ-စိုးညွန့်(ကြေးမုံ)

တွင် ကြေးတံဆိပ်တစ်ခု၊ ညီညီထွန်းက အမျိုးသားတစ်ဦးချင်း ပြိုင်ပွဲတွင် ကြေးတံဆိပ်တစ်ခုတို့ ရရှိခဲ့သည်။ မြန်မာမြားပစ်အားကစားအဖွဲ့သည် စုစုပေါင်းငါးဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ လေးဦးက ဆုတံဆိပ်များရရှိခဲ့ပြီး ပေါ်ဦးမှာလည်း အဆင့်(၅) ရရှိခဲ့၍ မြန်မာမြားပစ်အားကစားသမားအားလုံး ထိပ်တန်းစာရင်းဝင်နိုင်ခဲ့ကြသည်။

မြန်မာ မြားပစ်အားကစားအဖွဲ့သည် ဇွန် ၂၂ရက် မွန်းတည့် ၁၂နာရီတွင် လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိလာရာ အားကစားနှင့်ကာယပညာဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီးမောင်ကို၊ မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးတင့်ဆန်း၊ အမှုဆောင်များ၊ တာဝန်ရှိသူများနှင့် ဆွေမျိုးမိတ်သင်္ဂဟများက သောင်းသောင်းဖြဖြ ကြိုဆိုနှုတ်ဆက်ခဲ့ကြသည်။

အောင်ပွဲနှင့်အတူ ပြန်လည်ရောက်ရှိလာသော မြန်မာမြားပစ်အားကစားအဖွဲ့အား ကြေးမုံက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် သွားရောက်တွေ့ဆုံမေးမြန်းခဲ့သည်။

ရှေးဦးစွာ အဖွဲ့ခေါင်းဆောင်အဖြစ် လိုက်ပါသွားသော မြန်မာမြားပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာ ဇော်ထွန်းအား တွေ့ဆုံမေးမြန်းခဲ့သည်။ ဒေါက်တာဇော်ထွန်းက "မိမိ အဖွဲ့ခေါင်းဆောင်အဖြစ်လိုက်ပါသွားသော ယခုပြိုင်ပွဲတွင် အတိုင်းအတာတစ်ခုအထိ အောင်မြင်မှုရရှိခဲ့၍ ဝမ်းသာဂုဏ်ယူမိပါကြောင်း၊ ပြိုင်ပွဲမဝင်ခင်မှာ ကလေးတွေကို ရဲရဲတင်းတင်းယှဉ်ပြိုင်ရန်ပြောကြားခဲ့ကြောင်း၊ မိမိတို့သည် ယခုပြိုင်ပွဲတွင် ငါးဦးသွားရောက်ယှဉ်ပြိုင်သည့်အနက် လေးဦးက ဆုတံဆိပ်များ ရယူနိုင်ခဲ့ကြောင်း၊ ဆုရသည့်ကစားသမားများရော အဆင့်(၅)ရသည့်ပေါ်ဦးပါ ကောင်းကြောင်း၊ မိမိတို့အဖွဲ့ချုပ်အနေဖြင့် ရှေ့လာမည့်ပြိုင်ပွဲများတွင်လည်း ရလဒ်ကောင်းများရရှိအောင် ဆက်လက်ကြိုးစားသွားမည်ဖြစ်ကြောင်း" ပြောကြားသွားသည်။

ဆက်လက်၍ အုပ်ချုပ်သူအဖြစ် လိုက်ပါသွားသည့် ဦးကျော်ဦးက ပြိုင်ပွဲအနေအထားနှင့် ရှေ့ယှဉ်ပြိုင်ရမည့် ပြိုင်ပွဲအနေအထားများနှင့်ပတ်သက်၍ ပြောကြားရာတွင် "မိမိတို့မြားပစ်အဖွဲ့အနေဖြင့် ယခု အာရှပတ်လည်ပြိုင်ပွဲတွင် ရွှေ(၁)၊ ကြေး(၂) ဆွတ်ခူးရယူနိုင်ခဲ့၍ ဝမ်းသာအားရမိပါကြောင်း၊ မိမိတို့အနေဖြင့် ယခုပြိုင်ပွဲကို ယမန်နှစ်ကဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာတွင် ရွှေ(၁)၊ ငွေ(၃) ဆွတ်ခူးရရှိခဲ့ကြောင်း၊ ရွှေတံဆိပ်ရသည့် သင်းသင်းခိုင်က စုစုပေါင်း ၇၂ချောင်း ပစ်ခတ်ရာတွင် ၆၁၈မှတ်ဖြင့် အနိုင်ရခဲ့ခြင်းဖြစ်ကြောင်း၊ အိန္ဒိယမှအားကစားသမားက ၆၁၂မှတ်ဖြင့် ဒုတိယဆုသာရရှိခဲ့ကြောင်း၊ သင်းသင်းခိုင်က ကမ္ဘာ့အဆင့်ရှိအိန္ဒိယကို အနိုင်ရကျော်ဖြတ်ပြီး ရွှေတံဆိပ်ရရှိခဲ့ခြင်းဖြစ်၍ အလွန်ဂုဏ်ယူဖို့ကောင်းကြောင်း၊ သင်းသင်းခိုင်မှာ အိုလံပစ်လက်ရည်စစ်ပွဲ ဝင်ခွင့်ရထားသူဖြစ်ကြောင်း။

အမျိုးသားအသင်းလိုက်ပြိုင်ပွဲတွင်လည်း မိမိတို့ကစားသမားများအနေဖြင့် စိတ်လှုပ်ရှားခဲ့၍ ကြေးတံဆိပ်ဖြင့်သာ ကျေနပ်ခဲ့ရကြောင်း၊ အကြိုဗိုလ်လုပွဲတွင် အိန္ဒိယအသင်းကို ရှုံးနိမ့်ခဲ့ခြင်းဖြစ်ကြောင်း၊ ပွဲအစတွင် ကစားသမားများ မျှော်မှန်းသလောက် အမှတ်မရဘဲ နောက်ပိုင်းမှ အိန္ဒိယကစားသမားများနှင့် တန်းတူရည်တူပစ်နိုင်သော်လည်း အစ၌အမှတ်ကွာခဲ့၍ ဗိုလ်လုပွဲနှင့် ဝေးခဲ့ရကြောင်း၊ အကြိုဗိုလ်လုပွဲ၌ မြားခြောက်ချောင်းပစ်ပြီးချိန်တွင် မိုးသည်းထန်စွာရွာပြီး လေများပါ တိုက်ခတ်လာ၍ ပွဲကိုနာရီဝက်ကြာနားခဲ့ရကြောင်း၊ ထွန်းလင်းအောင်နှင့် ဇော်မင်းထွန်းတို့ အမှတ်များထင်သလောက် မရရှိခဲ့ကြောင်း၊ ညီညီထွန်းက အမျိုးသားတစ်ဦးချင်းပြိုင်ပွဲတွင် ကြေးတံဆိပ်တစ်ခုထပ်မံရရှိအောင် ကြိုးစားခဲ့ကြောင်း၊ ယခုပြိုင်ပွဲတွင် အိန္ဒိယအသင်းကို အတော်ပင် ခက်ခက်ခဲခဲ ယှဉ်ပြိုင်ခဲ့ရကြောင်း၊ ယခုပြိုင်ပွဲတွင် နိုင်ငံတကာပွဲဦးထွက်ဖြစ်သည့် ပေါ်ဦးမှာ တိုးတက်မှုရှိပါကြောင်း၊ ယခုပြိုင်ပွဲအပြီးတွင် မိမိတို့ ကလေးများ၏ အနေအထားကို ပြန်လည်သုံးသပ်ရလျှင် စိတ်တည်ငြိမ်ရန်လိုသေးကြောင်း၊ ယခုထက်ပို၍ အောင်မြင်မှုရအောင် ကြိုးစားသွားကြရန်လိုကြောင်း" ပြောကြားသွားသည်။

ရွှေတံဆိပ်ဆုရှင် သင်းသင်းခိုင်က "မိမိဘဝအတွက် အဌမမြောက် ရွှေတံဆိပ်ဆုကို ယခုပြိုင်ပွဲတွင် ဆွတ်ခူးရယူနိုင်ခဲ့၍ ဖော်မပြနိုင်လောက်အောင် ဝမ်းသာမိပါကြောင်း၊ မိမိရွှေရသည့်ပြိုင်ပွဲတွင် အိန္ဒိယက ဒုတိယ ငွေတံဆိပ်ရရှိကြောင်း၊ ပြိုင်ပွဲတွင် မိုးရွာသည့်အတွက် အခက်အခဲများရှိခဲ့ကြောင်း၊ မိမိအား အောင်မြင်မှုရအောင် စနစ်တကျ ပြုစုပျိုးထောင်ပေးခဲ့သော အဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် သင်ဆရာ၊ မြင်ဆရာ အားလုံးကို ကျေးဇူးတင်ရှိပါကြောင်း၊ သမီးက မြားပစ်လောကသို့ ၁၉၉၈ခုနှစ်တွင် စတင်ဝင်ရောက်ခဲ့ကြောင်း၊ ယခုပြိုင်ပွဲအပြီးအထိ ရွှေရှစ်၊ ငွေတစ်၊ ကြေးသုံး နိုင်ငံအတွက် ရယူပေးပြီးဖြစ်ကြောင်း၊ ရှေ့ဆက်၍လည်း နိုင်ငံ့ဂုဏ် ဆောင်နိုင်အောင် ကြိုးစားသွားမည်ဖြစ်ကြောင်း" ပြောကြားသည်။

အောင်ပွဲရမြန်မာ မြားပစ်အဖွဲ့တွင် အဖွဲ့ခေါင်းဆောင် ဒေါက်တာဇော်ထွန်း၊ အုပ်ချုပ်သူ ဦးကျော်ဦး၊ နည်းပြ Mr. An Seung Bum၊ အားကစားသမားများအဖြစ် ညီညီထွန်း၊ ထွန်းလင်းအောင်၊ ဇော်မင်းထွန်း၊ ပေါ်ဦးနှင့် သင်းသင်းခိုင်တို့ပါဝင်ကြသည်။ (ကြေးမုံ)

တာချီလိတ်မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းနှင့် ခရိုင်/မြို့နယ် အမျိုးသမီးရေးရာအဖွဲ့တို့ပူးပေါင်း၍ ကျောင်းအပ်နှံရေးနေ့ကို ရန်အောင်မြေအမကတွင် မေ ၃၁ရက်ကကျင်းပရာ ခရိုင်မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်သင်းသင်းရည်နှင့် မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းနာယက ဒေါ်သူသူမင်းစံတို့က ကျောင်းသားကလေးများအား ကျောင်းသုံးစာရေးကိရိယာများအား ပေးအပ်စဉ်။ (ခရိုင်ပြန်/ဆက်)

လယ်ယာ(၁၆)လက်တွန်းထွန်စက် စွမ်းရည်သရုပ်ပြ မိုင်းဖြတ်မြို့နယ်မှ တောင်သူများ ကြည့်ရှုလေ့လာ

မိုင်းဖြတ် ဇွန် ၁၅

မိုင်းဖြတ်မြို့ စက်မှုလယ်ယာ ဦးစီးဌာနက ကြီးမှူးကျင်းပသော လယ်ယာ(၁၆) လက်တွန်းထွန်စက် စွမ်းရည်သရုပ်ပြပွဲကို ဇွန် ၇ ရက် နံနက် ၈ နာရီက ကွင်းအမှတ် (၈) ဒေါ်နန်းရှန်း၏လယ်၌ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီး မျိုးညွန့်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးနိုင်ဝင်းဇော်၊ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဖိတ်ကြားထားသူများ၊ ရပ်ကွက်နှင့်ကျေးရွာအုပ်စုများမှ ဒေသခံတောင်သူများတက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးနိုင်ဝင်းဇော်က အမှာစကားပြောကြားပြီး မြို့နယ်စက်မှုလယ်ယာဦးစီးဌာန ဦးစီးအရာရှိ ဦးနေမိုးကြည်က လယ်ယာ(၁၆) လက်တွန်းထွန်စက်၏ စွမ်းရည်နှင့် ရောင်းချပေးမည့် နည်းစနစ်တို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် လယ်ယာ(၁၆) လက်တွန်းထွန်စက် စွမ်းရည်သရုပ်ပြပွဲ ဆက်လက်ကျင်းပရာ အခမ်းအနား တက်ရောက်လာကြသူ ဒေသခံတောင်သူများက ကြည့်ရှုလေ့လာကြသည်။

(ခရိုင်ပြန်/ဆက်)

အမြင့်တက်မီးသတ်ယာဉ် မီးငြိမ်းသတ် သရုပ်ပြ ပေ ၂၀၀ ကျော်မြင့် အဆောက်အအုံများ မီးငြိမ်းသတ်နိုင်

မန္တလေး ဇွန် ၁၀

မန္တလေးတိုင်း မီးသတ်ဦးစီးဌာနသို့ ရောက်ရှိလာသော အမြင့်တက် မီးသတ်ယာဉ် (ISUZU WATER TOWER) လက်တွေ့အသုံးချ အသုံးပြုနည်း သရုပ်ပြသခြင်းကို ၂၉ လမ်း မီးသတ် ဦးစီးဌာနရှေ့တွင် ဇွန် ၆ ရက် နံနက်က ပြုလုပ်သည်။

ခုနစ်မြို့နယ်

အဆိုပါ အမြင့်တက်ယာဉ်ဖြင့် သရုပ်ပြသခြင်းကို မန္တလေးတိုင်း မီးသတ်ဦးစီးဌာန တိုင်းဦးစီးမှူး ရဲကျော်သူရဲသူရသန်းကျော်ကျော်၊ ခရိုင်မီးသတ်ဦးစီးအရာရှိ ဦးဇော်ဝင်းနှင့် မန္တလေး ခုနစ်မြို့နယ် မီးသတ်ဦးစီးမှူးများ၊ ခုနစ်မြို့နယ် အရန်မီးသတ် ကြီးကြပ်မှု ကော်မတီဝင်များ တက်ရောက်ကြသည်။

ထို့နောက် အမြင့်တက် မီးသတ်ယာဉ်ဖြင့် အမြင့်ပေ ၂၀၀ ကျော်ရှိ အဆောက်အအုံများ၊ လူနေခန်းများ မီးလောင်မှုဖြစ်ပွားပါက မီးငြိမ်းသတ်မှုကို လက်တွေ့ သရုပ်ပြသသည်။

(၃၈၇)

ဝါးခယ်မမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းသားသမီးများအား ၂၀၀၄-၂၀၀၅ ခုနှစ် ပညာသင်စရိတ် ထောက်ပံ့ကြေးပေးအပ်ပွဲကို ဇွန်၃ရက်က ရွှေခယ်သီရိအားကစားခန်းမ၌ပြုလုပ်ရာ ဝန်ထမ်းမိသားစု စည်းကမ်း ထိန်းသိမ်းရေးကော်မတီ ဥက္ကဋ္ဌ ဒေါ်မော်မော်သန်းက ကျောင်းသုံးဗလာစာအုပ်နှင့် စာရေးကိရိယာများကို ဝန်ထမ်းသားသမီးများကိုယ်စား အကြီးတန်းစာရေး ဒေါ်သန်းနုသို့ ပေးအပ်စဉ်။ (၁၈၂)

ကျေးရွာလူထုနှင့် မြို့နယ်စည်ပင် ပူးပေါင်းဆောင်ရွက် နတ်အင်းကျေးရွာ၌ စက်ရေတွင်းဖွင့်လှစ်

ကန့်ဘလူ ဇွန် ၇

ကျေးရွာလူထုနှင့် မြို့နယ်စည်ပင်သာယာအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် သန့်ရှင်းသောသောက်သုံးရေ နှစ်လက်မ ဒိုင်ယာမီတာစက်ရေတွင်းဖွင့်ပွဲကို ကန့်ဘလူမြို့နယ် နတ်အင်းကျေးရွာတွင် မေ ၂၆ ရက် နံနက် ၉ နာရီက ပြုလုပ်သည်။

အဆိုပါ စက်ရေတွင်းဖွင့်ပွဲသို့ မြို့နယ်ဥက္ကဋ္ဌ ဦးတင်ထွန်း၊ စည်ပင်အမှုဆောင်အရာရှိ ဦးအောင်ကိုလတ်နှင့် ကျေးရွာဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး အထိမ်းအမှတ်များ ပေးအပ်ကြသည်။

ထို့နောက် မြို့နယ်စည်ပင်သာယာ အမှုဆောင်အရာရှိက အမှာစကားပြောကြားပြီး ကျေးရွာလူထုကိုယ်စား ကျေးရွာသား တစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။ အခမ်းအနားသို့ ဌာနဆိုင်ရာများ၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ ကြက်ခြေနီ၊ မီးသတ် တပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။

(မြို့နယ်ပြန်/ဆက်)

ဗလငါးတန်အသင်းသို့ မော်တော်ယာဉ်လှူဒါန်း

မလှိုင် ဇွန် ၁၅

မလှိုင်မြို့ ဗလငါးတန် ဖွံ့ဖြိုးတိုးတက်ရေးအသင်းသို့ မလှိုင်မြို့ အမှတ်(၅)ရပ်နေ ဦးမောင်မောင်တင်-ဒေါ်ပြုံးကြည် မိသားစုတို့က ဗလငါးတန် ဖွံ့ဖြိုးရေးအသင်း လုပ်ငန်းများ ဆောင်ရွက်ရာတွင် လွယ်ကူ အဆင်ပြေရေးအတွက် တိုယိုတာဟိုက်လပ်ကားတစ်စီးကို ဇွန် ၁၀ ရက်က လှူဒါန်းကြောင်း သိရသည်။

(က-ပ)

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့ ပန်းချီ၊ ကာတွန်းနှင့် ပိုစတာပြိုင်ပွဲများ ကျင်းပ

ဟားခါး ဇွန် ၈

ချင်းပြည်နယ် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့မှ ကြီးမှူးကျင်းပသော ၂၀၀၄ ခုနှစ် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ပန်းချီ၊ ကာတွန်း၊ ပိုစတာနှင့် ကွန်ပျူတာ ပန်းချီပြိုင်ပွဲများကို မေ ၂၉ ရက် နံနက် ၉ နာရီတွင် ချင်းပြည်နယ် ဟားခါးမြို့ အမှတ် (၁)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ပြိုင်ပွဲတွင် ချင်းပြည်နယ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့မှ တာဝန်ရှိသူများ၊ ပြည်နယ်အမျိုးသမီးရေးရာ အဖွဲ့ဝင်များက ပြိုင်ပွဲဝင်များ၏ ပန်းချီ၊ ကာတွန်း၊ ပိုစတာနှင့် ကွန်ပျူတာပန်းချီများယှဉ်ပြိုင်နေမှုကို လိုက်လံကြည့်ရှု အားပေးကြကြောင်း သိရသည်။

(ခရိုင်ပြန်/ဆက်)

ရှမ်းပြည်နယ် အင်းလေးကန် မိုင် ၂၀ ဝန်းကျင် သစ်တော၊ ရေ၊ မြေ၊ သားငှက် ကာကွယ်ထိန်းသိမ်းရေး စီမံချက်အရ ဆီဆိုင်မြို့နယ်သစ်တောဦးစီးဌာနမှ အသင့်စိုက်ပျိုးနိုင်သော ပျိုးပင်ပေါက်များကို မြို့နယ်ဥက္ကဋ္ဌ ဦးယဉ်ထွေးက စိုက်ပျိုးကြီးကြပ် တာဝန်ခံများအား လွှဲပြောင်းပေးအပ်စဉ်။ (မြို့နယ်ပြန်/ဆက်)

ရှမ်းပြည်နယ်မြောက်ပိုင်းသီပေါမြို့နယ်တွင် မြို့လယ်ချောင်း သန့်ရှင်းသာယာရေးနှင့် ရေစီးရေလာ ကောင်းမွန်ရေးတို့အတွက် မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးသန့်ဇင် ဦးဆောင်သော မြို့နယ်စည်ပင် ဝန်ထမ်းများ ဇွန် ၁၆ ရက်က လမ်းမတော်လမ်းဈေးကြီးအနီးရှိ တံတားတွင် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။ (၂၄၇)

သုံးမြွာပူးမိခင် ငွေနှင့်ပစ္စည်းများ ထောက်ပံ့

တောင်ငူ ဇွန် ၁၅

တောင်ငူမြို့ အထွေထွေရောဂါကု ဆေးရုံကြီးတွင် ယောကျ်ားလေးသုံးမြွာ မွေးဖွားသည့် မိခင်နှင့်ကလေးများအား အုတ်တွင်းမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက ကျပ်တစ်သိန်းတန်ဖိုးရှိ ငွေ၊အဝတ်အထည်များနှင့် ဆေးပစ္စည်းများ ထောက်ပံ့ပေးအပ်ခြင်း အခမ်းအနားကို ဇွန် ၁ ရက် မွန်းလွဲပိုင်းက အထွေထွေရောဂါကု ဆေးရုံကြီး ကလေးကုသဆောင်တွင် ကျင်းပသည်။

အခမ်းအနားသို့ အုတ်တွင်းမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း နာယက ဒေါ်သန်းသန်းနွဲ့နှင့် အသင်း အမှုဆောင်များ၊ ဆေးရုံမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး နာယက ဒေါ်သန်းသန်းနွဲ့နှင့် အမှုဆောင်များကထောက်ပံ့ငွေကျပ်၅၀၀၀၀ နှင့် ငွေကျပ် ၅၀၀၀၀ တန်ဖိုးရှိ ကလေးစောင်၊ အင်္ကျီ၊ အနီးပိတ်၊ နို့မှုန့်ဘူး၊ အာဟာရဘူးများနှင့် မိခင်အတွက် အဝတ်အထည်နှင့် အားဆေးများကို သုံးမြွာပူးမွေးဖွားသည့် အုတ်တွင်းမြို့နယ် ကျွဲပွဲရွာမှ ဇောဆာဖော-နော်ဆာအယ်တို့အား ပေးအပ်လိုက်သည်။

(၁၂၉)

ကြေးမုံ The Mirror မြို့နယ်သတင်းများ

ခင်ဦးမြို့နယ်၌ နွေစပါးစံကွက်ရိတ်သိမ်းပွဲ ကျင်းပ

ခင်ဦး ဇွန် ၉

ခင်ဦးမြို့နယ်၊ စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီက စီစဉ်ဆောင်ရွက်သည့် နွေစပါးစံကွက် ရိတ်သိမ်းပွဲကို ဇွန် ၃ ရက် နံနက် ၁၀ နာရီက ဝေးကုန်းကျေးရွာအုပ်စု ကွင်းအမှတ်(၂၄၀၇) ဦးတင်မောင်၏ (၇၄၇)စပါးမျိုးသန့်စိုက်ပျိုးသည့် လယ်မြေတွင်ကျင်းပသည်။

စံကွက်ရိတ်သိမ်းပွဲသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးနိုင်ဝင်း၊ အတွင်းရေးမှူး ဦးမြင့်ထွန်း၊ မြို့နယ်စီမံကိန်းဦးစီးအရာရှိ ဦးကျော်ဆွေ၊ မြို့နယ်စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီဝင်များ ဌာနဆိုင်ရာများ၊ ကျေးရွာဥက္ကဋ္ဌနှင့် တောင်သူများတက်ရောက်ကြသည်။

အဆိုပါ တောင်သူဦးတင်မောင်၏ (၇၄၇)စပါးစံကွက်ရိတ်သိမ်းရာ တစ်ဧကေ ၁၁၉ ဒသမ ၄၉ တင်းထွက်ရှိကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ပဲခူးတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း နာယက စက်ချုပ်သင်တန်းနှင့် ဝင်ငွေတိုးလုပ်ငန်း ကြည့်ရှုအားပေး

ဒိုက်ဦး ဇွန် ၁၈

ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ကိုကို၏ဇနီး၊ ပဲခူးတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း နာယက ဒေါ်စဝ်နွန်းခွန်ဆမ်နှင့် အဖွဲ့သည် ဇွန် ၁၄ ရက် မွန်းတည့် ၁၂ နာရီက ဒိုက်ဦးမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း စက်ချုပ်သင်တန်းနှင့် ဝင်ငွေတိုး လုပ်ငန်းများ ဆောင်ရွက်နေမှုများကို လာရောက်ကြည့်ရှုအားပေးသည်။

ရှေးဦးစွာ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းခန်းမ၌ တိုင်းမှူး၏ ဇနီး ဒေါ်စဝ်နွန်းခွန်ဆမ်သည် မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းအမှုဆောင်များနှင့် တွေ့ဆုံရာ ပဲခူးတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒေါက်တာ မောင်မောင်မြင့်၊ တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်း အတွင်းရေးမှူး ဒေါက်တာ တင်တင်ဝင်း၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်တင်တင်တို့က လုပ်ငန်းစီမံချက်များနှင့် ရှေ့လုပ်ငန်းစဉ်များကို တင်ပြဆွေးနွေးကြသည်။

ထို့နောက် ဒိုက်ဦးမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက ကြီးမှူးဖွင့်လှစ်ထားသည့် စက်ချုပ်သင်တန်းနှင့် ဝင်ငွေတိုး ဇာခြည်ထိုး ပန်းထိုး၊ အလှပြင်လုပ်ငန်းနှင့် မုန့်လုပ်ငန်းများကို တိုင်းမှူး၏ ဇနီးက ကြည့်ရှုအားပေးရာ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်တင်တင်က အသေးစိတ် ရှင်းလင်းတင်ပြသည်။ **(ယာပုံ)** (၁၃၀)

လှိုင်သာယာမြို့နယ်၌ စီမံကိန်းတာဝန်များ ပေးအပ်

လှိုင်သာယာ ဇွန် ၂၀

ရန်ကုန်တိုင်း ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ်၏ ၂၀၀၄–၂၀၀၅ ခုနှစ် နှစ်စဉ် စီမံကိန်းရည်မှန်းချက်များ ပြည့်မီကျော်လွန်စွာအကောင်အထည်ဖော်နိုင်ရေး စီမံကိန်းတာဝန်ပေးအပ်ပွဲကို ဇွန် ၁၅ ရက်က မြို့နယ်ခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးခင်သိန်းမောင်က အမှာစကားပြောကြားပြီး လှိုင်သာယာမြို့နယ် စီမံကိန်း ဦးစီးရုံးမှ ဦးစီးအရာရှိ ဒေါ်ခင်မျိုးကြည်နှင့် မြို့နယ်မန်နေဂျာ ဦးခင်ဇော်ဝင်းတို့က ၂၀၀၄–၂၀၀၅ ခုနှစ် နှစ်စဉ် စီမံကိန်းရည်မှန်းချက်များအား ရှင်းလင်းတင်ပြသည်။

ထို့နောက် မြို့နယ်ဥက္ကဋ္ဌ ဦးခင်သိန်းမောင်က ၂၀၀၄–၂၀၀၅ ခုနှစ် နှစ်စဉ် စီမံကိန်းများအား ဌာနဆိုင်ရာများနှင့် ရပ်ကွက်/ကျေးရွာဥက္ကဋ္ဌများသို့ စီမံကိန်းတာဝန်များပေးအပ်လိုက်ကြောင်း သိရသည်။ **(အောက်ပုံ)** (၄၉)

မြို့နယ်သတင်းများ

ကျောက်တန်းကျေးရွာ၌ စက်ရေတွင်းဖွင့်

ပဲခူး မေ ၃၁

ကျေးလက်ဒေသများ သန့်ရှင်းသော သောက်သုံးရေ ရရှိရေးအတွက် ပဲခူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိရာ ၂၀၀၄–၂၀၀၅ ခု ဘဏ္ဍာရေးနှစ်အတွက် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သော ကျောက်တန်းကျေးရွာ နှစ်လက်မ စက်ရေတွင်းဖွင့်ပွဲအခမ်းအနားကို မေ ၂၉ ရက်က အဆိုပါစက်ရေတွင်း နေရာတွင် ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်တာဝန်ခံအရာရှိ (လက်ထောက်ညွှန်ကြားရေးမှူး) ဦးမြင့်လွင်နှင့် ကျောက်တန်းကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့သည်။ အဆိုပါစက်ရေတွင်းသည် အနက် ပေ ၂၀၀ဖြစ်ပြီး ရေထွက်နှုန်းမှာ တစ်နာရီ ဂါလန် ၁၂၀၀ ထွက်ရှိ၍ စည်ပင်သာယာရေးအဖွဲ့မှ ထည့်ဝင်ငွေကျပ် ၁၃၀၀၀၀၀ဖြင့် တူးဖော်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ (၁၃၂)

အမျိုးသမီး စက်ချုပ်သင်တန်းဆင်းပွဲ ကျင်းပ

ကောလင်း ဇွန် ၉

ကောလင်းမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက ကြီးမှူး၍ အမျိုးသမီး စက်ချုပ်သင်တန်း အမှတ်စဉ်(၁/၂၀၀၄) သင်တန်းဆင်းပွဲကို မေ ၂၄ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစည်းအဝေးခန်းမဆောင်တွင် ကျင်းပသည်။

—— ဆုများချီးမြှင့် ——

သင်တန်းဆင်းပွဲတွင် အသင်းနာယက ဒေါ်မာမာလွင်က အမှာစကား ပြောကြားပြီး သင်တန်းတွင် ထူးချွန်သူများအား အသင်းဥက္ကဋ္ဌ ဒေါ်လင်းကြည်က ဆုများပေးအပ် ချီးမြှင့်သည်။ သင်တန်းသို့ သင်တန်းသူ ၃၀ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ နှစ်လကြာမြင့်ခဲ့ကြောင်း သိရသည်။ (၂၁၄)

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံးကိုခဥပဒေအမိန့်–၅၊ နည်းဥပဒေ–၁နှင့်၅)

ရန်ကုန်တိုင်းတရားရုံး၌

၂၀၀၄ခုနှစ် တရားမကြီးမှုအမှတ်–၉၅၇

ဒေါ်အေးအေးမေ
အမှတ်(၂)၊ ရွာမကျောင်းလမ်း၊
(၁)ရပ်ကွက်၊ လှိုင်မြို့နယ်၊ နှင့်
ရန်ကုန်တိုင်း။

၁။ ဦးကြင်ရုံ
၂။ ဒေါ်နီ
၃။ ဒေါ်ကြင်မြင့်
၄။ မခင်မြင့်
၅။ ဦးကျော်စိုးထွန်း
၆။ ဒေါ်စိန်သန်း
၇။ ဦးမြင့်သိန်း
၈။ ဒေါ်သန်းသန်းမူ
အမှတ်–၄၀၂၊ ကမ်းနားလမ်း၊
သရက်တော(တောင်)ရပ်ကွက်၊
ကြည့်မြင်တိုင်မြို့နယ်၊
ရန်ကုန်တိုင်း။
၉။ ဦးစိန်ဝင်း (ခ) ဦးစိန်မင်း
အမှတ်–၉၀၊ သရက်တော(၄)
လမ်း၊ သရက်တော(တောင်)
ရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊
ရန်ကုန်တိုင်း။

တရားလို **တရားပြိုင်များ**

ရန်ကုန်တိုင်း၊ လှိုင်မြို့နယ်၊ (၁)ရပ်ကွက်၊ ရွာမကျောင်းလမ်း၊ ခြံအမှတ်(၂)နေ ဒေါ်အေးအေးမေက (ယခုနေရပ်လိပ်စာမသိသူ) အထက်အမည်ပါ တရားပြိုင်များ (၁)ဦးကြင်ရုံ၊ (၂)ဒေါ်နီ၊ (၃)ဒေါ်ကြင်မြင့်၊ (၄)မခင်မြင့်၊ (၅)ဦးကျော်စိုးထွန်း၊ (၆)ဒေါ်စိန်သန်း၊ (၇)ဦးမြင့်သိန်း၊ (၈)ဒေါ်သန်းသန်းမူတို့ အပေါ် ၁၂–၇–၂၀၀၂ရက်စွဲပါ အိမ်မြေစရန်ပေးကတိစာချုပ်အရ အရောင်းအဝယ်ပဋိညာဉ်အတိုင်း ကျန်ငွေကို လက်ခံ၍ အရောင်းအဝယ်စာချုပ်ကို မှတ်ပုံတင်ပေးစေရန်နှင့် လက်ရောက်ရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၀၄ခုနှစ် ဇူလိုင်လ ၁၅ရက် (၁၃၆၆ခုနှစ် ပထမဝါဆိုလပြည့်ကျော် ၁၄ရက်)နေ့ မွန်းမတည့်မီ (၁၀)နာရီအချိန်တွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် တရားပြိုင်များ ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၀၄ခုနှစ် ဇွန်လ ၁၀ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ဦးတင်အောင်
တွဲဖက်တိုင်းတရားသူကြီး(၁၁)
ရန်ကုန်တိုင်းတရားရုံး။

မင်္ဂလာဒုံမြို့နယ်၊ ခရေပင်ရိပ်မွန်အိမ်ရာစီမံကိန်းနှင့် ပတ်သက်သောကြော်ငြာစာ

၁။ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနသည် မင်္ဂလာဒုံမြို့နယ်တွင် နှစ်ထပ်လုံးချင်းတိုက်(၄၆)လုံးပါဝင်သော ခရေပင်ရိပ်မွန်အိမ်ရာ စီမံကိန်းကိုတည်ဆောက်ခဲ့ရာ ၎င်းလုံးချင်းတိုက်များအားလုံး တည်ဆောက်ပြီးဖြစ်သဖြင့် ဌာနမှ တာဝန်ရှိသူများကိုယ်တိုင် ဝယ်ယူထားသူပိုင်ရှင်များအား လွှဲပြောင်းလက်ခံဆောင်ရွက်ပေးလျက် ရှိပါသည်။

၂။ စီမံကိန်းလုပ်ငန်းများပြီးစီးပြီဖြစ်သဖြင့် ဌာနမှတာဝန်ရှိသူများ အားလုံးသည် ၃၀–၆–၂၀၀၄ရက်နေ့တွင် စီမံကိန်းနယ်မြေမှ ပြန်လည်ထွက်ခွာတော့မည်ဖြစ်သဖြင့် ဝယ်ယူထားသူ တိုက်ပိုင်ရှင်များသည် ၃၀–၆–၂၀၀၄ရက်နေ့ နောက်ဆုံးထားပြီး စီမံကိန်းရုံး၌ လာရောက်လွှဲပြောင်းလက်ခံဆောင်ရွက်ကြရန်နှင့် ၃၀–၆–၂၀၀၄ ရက်နေ့နောက်ပိုင်းတွင် အထက်ပါလုံးချင်းတိုက်များနှင့်ပတ်သက်သော ကိစ္စရပ်များအား တာဝန်ယူတော့မည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန
စီမံကိန်းဌာနခွဲ။

ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန(ဝန်ထမ်းသက်သာ)လက်ဝယ်ရှိ အသုံးမလိုတော့သည့် အောက်ဖော်ပြပါ မော်တော်ယာဉ်အကောင်း/အဟောင်း (၇)စီးကို မျက်မြင်အခြေအနေအတိုင်း ချိပ်ပိတ်တင်ဒါစနစ်ဖြင့် ထုခွဲရောင်းချသွားမည်ဖြစ်သည်။

(က) ရောင်းချမည့်ယာဉ်များ တီအီး(၁၁)ယာဉ် (၁) စီး
မာဇဒါဂျစ်ယာဉ် (၂) စီး
ဟွန်ဒါအက်ကော့ယာဉ် (၁) စီး
တိုရိုတာဒိုင်နာယာဉ် (၁) စီး

(ခ) **တင်ဒါတင်သွင်းရမည့်နေ့** – ၂၃–၆–၂၀၀၄(ဗုဒ္ဓဟူးနေ့)
အချိန် – နံနက်၁၀နာရီမှညနေ၄နာရီအတွင်း

(ဂ) **တင်ဒါပိတ်မည့်နေ့** – ၂၉–၆–၂၀၀၄(အင်္ဂါနေ့)
အချိန် – မွန်းလွဲ (၂)နာရီ

(ဃ) **တင်ဒါဖွင့်မည့်နေ့** – ၂၉–၆–၂၀၀၄(အင်္ဂါနေ့)
အချိန် – ညနေ (၄)နာရီ

(င) **တင်ဒါတင်သွင်းရမည့်နေရာ** – အမှတ်(၂၂၈/၂၄၀)ကမ်းနားလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန။

၂။ တင်ဒါစည်းကမ်းနှင့် တင်ဒါပုံစံ တစ်စုံလျှင် ၅၀၀၀/– (ငါးထောင်ကျပ်တိတိ)နှုန်းဖြင့် အထက်ပါ တင်ဒါတင်သွင်းရမည့်နေရာတွင် ၂၃–၆–၂၀၀၄ နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်သည်။

၃။ အသေးစိတ် အချက်အလက်များ သိရှိလိုပါက တင်ဒါတင်သွင်းရမည့်နေရာသို့ လူကိုယ်တိုင် ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ချိပ်ပိတ်တင်ဒါစနစ်ဖြင့်ရောင်းချရေးအဖွဲ့
ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန
ဝန်ထမ်းသက်သာကော်မတီ။



ဝန်ထမ်းအလိုရှိသည်

(ပြည်တွင်း၌ မြန်မာကျပ်ငွေဖြင့် ခန့်ထားရန်)

၁။ စာရင်းစစ် (ဘွဲ့ရ စာရင်းအင်းကျွမ်းကျင်) မ (၁) ဦး
၂။ အထွေထွေလုပ်သား (အခြေခံပညာအထက်တန်း) ကျား/မ (၂၀) ဦး
၃။ လက်ထောက်စက်ပြင် [A.G.T.I (M.P), (E.P)] ကျား (၂) ဦး

အထက်ပါ လျှောက်ထားသူအားလုံးသည် ကိုယ်ရေးရာဇဝင် ဓါတ်ပုံ(၂)ပုံ၊ အလုပ်သမား မှတ်ပုံတင်မိတ္တူ၊ ရပ်ကွက်နေထိုင်ကြောင်း ထောက်ခံစာ၊ ရဲစခန်း ထောက်ခံစာ၊ ... ဖုန်းနံပါတ် – ၅၁၄၄၄၈၁ သို့ မနက် (၈၀၀) မှ ညနေ (၅၀၀) နာရီအတွင်း လူကိုယ်တိုင် လာရောက်လျှောက်ထားနိုင်ပါသည်။

FAME

HEPATEC®

သဘာဝဆေးသည်းအားဆေး

MAY Int'l Education & Training Center

New Classes for June/July

- TOEFL, IELTS, SAT, GCE, LCCI
- General English
- Tourism English
- English Language Speaking

ITP/TOEFL TEST

TOEFL Test Date - 25-7-2004

Dead Line Date - 29-6-2004

ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
1.	EPABX Internal Telephone Exchange (Extension 80 & Incoming CO8)	1 Set
2.	Terminals (Operator Set with Display)	1 Set
3.	Installation Materials below	
	- MDF C/W IDC Punch Type Modules	
	- Lightening Arrestor Protection for CO lines	1 Set
	- Power Stabalizer	
	- Battery Back Up	
4.	Cable Lines	
	- Rewiring and clearning of the existing cable for 3 Buildings	1 lot
	- Punch type distribution boxes for all function areas	
5.	- Technical Assistance Installation, Testing & Commissioning	1 Set
	- Staff training	1 Set
6.	Telephone Set (Unit price)	-

စာရင်းစစ်ချုပ်ရုံး၊ စီမံ(ပစ္စည်း)ဌာနစု အမှတ်(၃၅/၈၇)အောက်ကြည့်မြင်တိုင်လမ်း၊ အလုံမြို့နယ်၊ ရန်ကုန်တွင် ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းပြီး တင်ဒါပုံစံများကို လာရောက်ဝယ်ယူနိုင်ပါသည်။

တင်ဒါပုံစံဝယ်ယူရမည့်ရက်မှာ(၂၃-၆-၂၀၀၄)မှ (၅-၇-၂၀၀၄)ထိဖြစ်ပြီး တင်ဒါ ပိတ်မည့်ရက်မှာ (၁၂-၇-၂၀၀၄)ဖြစ်ပါသည်။

တင်ဒါပုံစံတရားဝင်ဝယ်ယူသူများထံမှ တင်ဒါကိုသာလက်ခံပါမည်။

(အသေးစိတ်သိရှိလိုပါက စုံစမ်းရန် တယ်လီဖုန်းအမှတ်-၂၁၂၅၁၆၊ ၂၂၁၂၉၇)

စာရင်းစစ်ချုပ်ရုံး။

ဒေါ်ခင်နှင်းခင်ဝေး

(၂၃)နှစ်မြောက် လွမ်းဆွတ်သတိရခြင်း

(၂၃-၆-၂၀၀၄)

"၂၃နှစ် ပြည့်မြောက်သည့်တိုင် မေ့မပါနိုင်ဘဲ လွမ်းနေဆဲ"

ချစ်သမီး-တင်တင်မ

ကျေးဇူးတင်ရှိခြင်း

[illegible]

အမည်ပြောင်းခြင်း

ဦးအောင်ကြည် (ISN/188852)၏သမီး အထက(၁) နဝမတန်း(I)မှ မနန္ဒာလင်းအား မနန္ဒာအောင်ဟု ပြောင်းလဲခေါ်ပါရန်။

မနန္ဒာအောင်။

အမည်ပြောင်းခြင်း

ဦးကျော်ရွှေ၏သမီး အထက(၂) ရန်ကင်း ပဥ္စမတန်း(A)မှ မမီမီကျော်အား ယနေ့မှစ၍ မဆုစန္ဒီရွှေဟု ပြောင်းလဲခေါ်ပါရန်။

မဆုစန္ဒီရွှေ။

MT&K Tourism Co.,Ltd

09-5002127, 09-5016937

အခြေခံပညာ အလယ်တန်း၊ အထက်တန်း စာသင်သားများအတွက်

Student's Companion စာစဉ်ထုတ်ဝေမည်

နယူးလိုက်အော့ဖ်မြန်မာသတင်းစာ စာတည်းအဖွဲ့က သင်ရိုးညွှန်းတမ်းများနှင့်အညီ ပြုစုထားသည့် အခြေခံပညာ အလယ်တန်းနှင့် အထက်တန်း ကျောင်းသူ/သားများ အတွက် အင်္ဂလိပ်စာအထောက်အကူပြု Student's Companion စာစဉ်များကို ၂၀၀၄ ခုနှစ်၊ ဇူလိုင်လဆန်းမှ စတင်၍ ပြန်လည်ထုတ်ဝေပါမည်။

ယခင်နှစ်များနည်းတူဇူလိုင်လမှ ဒီဇင်ဘာလအထိ(၆)လတာ ကာလအတွင်း အလယ်တန်း (၅၊၆၊၇၊၈-တန်း)၊ အတွက် တစ်စောင်၊ အထက်တန်း(၉၊၁၀-တန်း)အတွက် တစ်စောင်၊ တစ်လလျှင်တစ်ကြိမ် နှုန်းဖြင့် (၆)ကြိမ် ပုံမှန်ထုတ်ဝေပါမည်။ စောင်ရေအကန့်အသတ်ဖြင့် ရိုက်နှိပ်ဖြန့်ချိမည်ဖြစ်ပါ၍ တစ်စောင်လျှင် လက်ကားဈေး ကျပ် ၅၀ နှုန်းဖြင့် နယူးလိုက်အော့ဖ်မြန်မာ သတင်းစာတိုက်၊ ဖြန့်ချိရေးဌာန၊ အမှတ်၂၂/၃၀၊ ကမ်းနားလမ်း၊ ရန်ကုန်မြို့၊ ဖုန်း ၂၈၇၀၈၃ သို့ ဆက်သွယ်မှာယူနိုင်ပါပြီ။

၁၀%လစဉ်အရစ်ကျငွေချေစနစ်

SCCD - Introduction to Hotel Industry

Course includes:
* Basic Knowledge of Front Office Operation
* Basic Knowledge of Food and Beverage Services
* Basic Knowledge of Housekeeping

Course Duration
Two-months-Course
Time : 9:00am to 11:00am
Day : Mon - Tue - Wed

Enroll Now
Only 30,000 Kyats

Opening Date : 1st July 2004
Place : Summit Parkview Hotel
Phone : 211 888, 211 966
Ext : 188,189

ဆေးဝါးစက်ရုံများအတွက် စက်ပစ္စည်းများ ဝယ်ယူရန်တင်ဒါခေါ်ယူခြင်း

၁။ ဆေးဝါးစက်ရုံများအတွက် လိုအပ်သော စက်ပစ္စည်းများကို ဝယ်ယူလိုပါသည်။

၂။ တင်ဒါအသေးစိတ် အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက် ကြည့်ရှုဝယ်ယူနိုင်ပါသည်။

မြန်မာ့ဆေးဝါးနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း
အမှတ်(၁) စက်မှုဝန်ကြီးဌာန
၁၉၂၊ ကမ္ဘာအေးစေတီလမ်း၊ ရန်ကုန်မြို့။
ဖုန်း-၅၆၆၇၂၀၊ ၅၆၆၇၅၀။

အမည်ပြောင်းခြင်း

ဦးဝင်းနိုင်၏သားဖြစ်သူ အမက(၁၂)အင်းစိန် စတုတ္ထတန်း(က)မှ မောင်ထွဋ်အောင်လှိုင်အား မောင်ဇေယျာမင်းဟု ပြောင်းလဲခေါ်ပါရန်။

မောင်ဇေယျာမင်း။

ကျေးဇူးဆပ်ပါမည်

ဦးအောင်ဝင်းနိုင်၏ နိုင်ငံကူးလက်မှတ်အမှတ် ၃၂၈၅၄၁သည် ရုံးသွားစဉ် ပျောက်ဆုံးသွားပါသဖြင့် အောက်ပါ ဖုန်းနံပါတ်အတိုင်း ပြန်လည်ပေးပို့ရန်။ **ဖုန်း-၃၇၇၄၉၃။**

ဝန်ထမ်းအလိုရှိသည်

(ပြည်တွင်း၌ကျပ်ငွေဖြင့်သာခန့်ထားရန်)

၁။ ဗိသုကာအင်ဂျင်နီယာ B.Arch ကျား/မ (၂) ဦး

Auto CAD, Autodesk Architectural Desktop, 3ds max and Photoshop ကို ကျွမ်းကျွမ်းကျင်ကျင် အသုံးပြုတတ်သူဖြစ်ရမည်။

လုပ်ငန်းအတွေ့အကြုံ(၁)နှစ်ရှိရမည်။

လျှောက်ထားသူများသည် ပတ်စပို့ဓာတ်ပုံ(၂)ပုံ၊ ပညာအရည်အချင်းမိတ္တူ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ ကိုယ်ရေးရာဇဝင်အကျဉ်းနှင့် အကျင့်စာရိတ္တ ကောင်းမွန်ကြောင်း ထောက်ခံစာနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း အောက်ပါဖုန်းနံပါတ်များသို့ လာရောက်ဆက်သွယ်လျှောက်ထားနိုင်ပါသည်။

Ph: 252347, 252348

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ်ကက/၆၇၁၆ မော်တော်ယာဉ်လက်ဝယ်ရှိသူမှ မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ကညန၊ တိုင်းရုံး (ရန်ကုန်)သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

ကညန၊ ရန်ကုန်တိုင်း။

ပြင်ဆင်ဖတ်ရှုပါရန်

၁၈-၆-၂၀၀၄ရက်နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ (၁၆)တွင် ပါရှိသော ကြေညာစာ လျှောက်ထားသူ ဒေါက်တာသန်းဝင်း ကြော်ငြာတွင် **"ရန်ကုန်တိုင်းတွဲဖက် တိုင်းတရားသူကြီး အမှတ်(၄)ရုံးတော်၌"** အစား **"ရန်ကုန်တိုင်း တွဲဖက်တိုင်းတရားသူကြီး အမှတ်(၂) ရုံးတော်၌"**ဟု ပြင်ဆင်ဖတ်ရှုပါရန်။

ပိုင်ရှင်ကိုယ်တိုင်အမြန်ရောင်း

(၁၂½x ၅၀)ပေ မြေညီ၊ ထပ်ခိုးပါ၊ ရေ၊ မီးစုံ၊ အရှေ့လှည့်၊ ကျောက်တံတားမြို့နယ်။

ဖုန်း-၇၀၅၃၆၆။

Yan Aung

256790, 380291
242967

ဦးစံသွင် (မင်းသံလွင် - စတိုး)

ဘုရား၊ ရဟန်း၊ ကျောင်းဒါယကာကြီး

ဆံတော်ရှင်ဇိနမာန်အောင်စေတီတော်ဥက္ကဋ္ဌ

အစားထိုးမရတဲ့ ဆုံးရှုံးမှုများကို တသသခံစားရင်း ဘဝ၏နောက်ဆုံးချိန်ထိ မိသားစုအပေါ် တာဝန်ကျေသွားသော အနန္တကျေးဇူးရှင်ဖေဖေ မမျှော်လင့်ဘဲ ချစ်သော မိသားစုနှင့်ခွဲခွာသွားတာ ၂၃-၆-၂၀၀၄မှာ (၆)လပြည့်ခဲ့ပါပြီ။ ပေးဆပ်၍ မကုန်နိုင်တဲ့ ဖေဖေရဲ့ မေတ္တာတရားများကို ရည်စူးပြီး ကုသိုလ်ကောင်းမှုများကို စဉ်ဆက်မပြတ် ပြုလုပ်တာတွေအားလုံး ဖေဖေ အေးချမ်းတဲ့ ဘုံဘဝမှ သာဓုခေါ်ဆိုနိုင်ပါစေ။

ချစ်ဇနီး - ဒေါ်သန်းမြင့် (မင်းသံလွင်-စတိုး)

ချစ်သားသမီးများ - မသီတာစိုး-ကိုဝင်းနိုင်၊ မဥမ္မာစိုး-ကိုမြတ်ထွန်းအောင် မခင်နန်းစိုး-ဗိုလ်ကြီးထွန်းထွန်းဝင်း၊ မသီဂီစိုး(Eco)၊ မမေသန့်ဇင် J-Seco

ချစ်မြေးများ - မောင်စိုးထက်အောင်(မေရီချက်ပ်မင်း)၊ မသဇင်ထက် (လ-၁)ဒဂုံ၊ မောင်ထက်ဝေအောင်(စံပြမူကြို)၊ မောင်အေးကိုသက်၊ မောင်ဝေယံမင်း၊ တုန်တုန်။

ဝန်ထမ်းအလိုရှိသည် (ပြည်တွင်း၌ခန့်ထားရန်)

ဆံပင်ညှပ်	မ	(၅) ဦး
ဆံထုံး၊ မိတ်ကပ်	ကျား/မ	(၂) ဦး
ခေါင်းလျှော်	မ	(၅) ဦး
ထမင်းချက်	မ	(၂) ဦး

(လစာကောင်းကောင်းပေးမည်)

မှတ်ချက် - အလုပ်သမားမှတ်ပုံတင်မိတ္တူ ယူဆောင်လာရမည်။

တိုက်(၄)၊ အခန်း-၂၀၇၊ မင်္ဂလာဆင်မင်းအိမ်ရာ၊ ကမ်းနားလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၂၂၆၈၅၅(လိုင်းခွဲ-၁၈၂)။

သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ အမှတ်(၇၈)၊ အနော်ရထာလမ်း၊ ကျောက်တံတားမြို့နယ်နေ ဦးထိန်ဝင်း [၁၂/ကတတ(နိုင်) ၀၂၃၀၈၇]၊ ဒေါ်ဟာလီမာန် [၁၂/ကတတ(နိုင်) ၀၁၉၃၉၁]တို့၏ သမီးဖြစ်သူ မခင်ချိုဝင်း [၁၂/ကတတ(နိုင်)၀၁၉၃၈၉]သည် မိဘ၏ဆိုဆုံးမမှုကို နာခံခြင်းမရှိဘဲ အုပ်ထိန်းသူ၏ ဂုဏ်သိက္ခာကျဆင်းအောင် အကြိမ်ကြိမ် ပြုလုပ်သွားပါသဖြင့် အမွေစားအမွေခံသမီးအဖြစ်မှ စွန့်လွှတ်ပါသည်။

နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို လုံးဝတာဝန်မယူပါ။

စုံစမ်းမေးမြန်းခြင်းသည်းခံပါ။

မိဘများ-
ဦးထိန်ဝင်း-ဒေါ်ဟာလီမာန်။

စားပွဲနှင့်ကုလားထိုင်များငှားရန်

အလှူ၊ ထိမ်းမြားမင်္ဂလာ၊ အစည်းအဝေး အခမ်းအနားများတွင် ခေတ်မီပလတ်စတစ် စားပွဲနှင့်ကုလားထိုင်များဈေးနှုန်းသက်သာစွာဖြင့် ငှားရမ်းနေပါသည်။ နံနက် ၉း၃၀နာရီမှ ညနေ ၄း၃၀နာရီအတွင်း ဆက်သွယ်နိုင်ပါသည်။

၂၂၈၊ သိမ်ဖြူလမ်း၊
ဗိုလ်တထောင်မြို့နယ်၊
ဖုန်း-၂၄၅၆၄၅။

ကန့်ကွက်ရန်ကြော်ငြာ

အောက်ပါ လျှောက်ထားသူအား နှစ်လက်မအဝီစိတွင်းတစ်တွင်း တူးဖော်ခွင့်လိုင်စင်ထုတ်ပေးခြင်းကို မည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ ၁၄ရက် ရုံးချိန်အတွင်း မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန (ရုံးချုပ်) မြေအောက်ရေ ကြီးကြပ်မှုအရာရှိရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **လျှောက်ထားသူအမည်နှင့် နေရပ်လိပ်စာ**-ဦးကျော်ကျော်၊ အမှတ်(၂၃၉/အေ) သာယာအေးလမ်း၊ (၁၁)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။ **တူးဖော်မည့်နေရာ**-မြေကွက်အမှတ်(၂၃၉/အေ)၊ ၁၁ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။

သန်းသန်းစိုး
မြေအောက်ရေကြီးကြပ်မှုအရာရှိ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)

ဝမ်းနည်းကြေကွဲခြင်း

ဤအသင်းဝင် "မြစည်သူ" စက်လှေပိုင်ရှင် ဦးတင့်လွင်နှင့် ဦးစောတင်ဝင်း(ခ) ဦးမောင်မောင်တို့၏ဖခင် ဦးစောရွှေယုံ အသက်(၉၀)နှစ်သည် ၁၆-၆-၂၀၀၄နေ့တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ကြေကွဲဝမ်းနည်းပါသည်။ **မြန်မာ့ကမ်းရိုးတန်းသွားကုန်တင်ရေယာဉ်များအသင်း အမှတ်(၆၇)၊ လမ်း၃၀၊ ရန်ကုန်မြို့။**



ဝမ်းနည်းကြေကွဲခြင်း

ဗိုလ်ကြီးခင်မောင်ရွှေ(ငြိမ်း) (၇၂)နှစ်သည် ၂၀-၆-၂၀၀၄ရက်တွင် ကွယ်လွန်ကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

Morning & Evening Star Tennis Clubs

ဝမ်းနည်းကြေကွဲခြင်း

မအိအိသက်ပိုင်ကျော်(ခ)မဂူး (၁၇)နှစ်သည် ၉-၆-၂၀၀၄ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ နှမြောတသ ဝမ်းနည်းကြေကွဲရပါကြောင်း။

မဂူးလေးကောင်းရာသုဂတိလားပါစေ-

အန်တီလင်းလင်း(တောင်ကြီး)။

ဦးခင်မောင်ထွေး
အသက်(၄၃)နှစ်
CDC-17156
(စစ်တွေ/ဖျာပုံ)

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ၅၁လမ်း၊ အမှတ်(၁၈၅)နေ ဦးထွန်းလှအောင်-ဒေါ်ကျော့မေ (အခွန်ဦးစီး-ငြိမ်း)တို့၏ သား၊ ဖျာပုံမြို့၊ အမှတ်(၇)၊ မဟာဗန္ဓုလလမ်း၊(၆)ရပ်ကွက်နေဦးခင်မြင့်-ဒေါ်လှမြင့်တို့၏ သားသမက်၊ ဒေါ်အေးအေးခိုင်(အလပြ၊ အမက-၁၊ တပ်မြေ)၏ခင်ပွန်း၊ မောင်ဉာဏ်လင်းထက်အောင် (တတိယတန်း၊ အမက-၇၊ တောင်ပိုင်း)၏မွေးသဖခင်၊ ဦးတင်ကိုကိုဇော်-ဒေါ်စိုးစိုးယဉ်၊ ဒေါက်တာဦးကြည်ရွှင်-ဒေါ်မြတ်မြတ်စိုး၊ ဗိုလ်မှူးအောင်ဇော်-ဒေါ်ဝါဝါရွှေ၊ ဦးကျော်မျိုးခိုင် - ဒေါ်ဆွေဆွေမြင့်၊ ဦးအောင်မျိုးထွန်း-ဒေါက်တာဒေါ်ခင်မျိုးရီ(လ/ထ ဆရာဝန်၊ ပြည်သူ့ဆေးရုံ၊ ဖျာပုံမြို့)၊ ဒေါ်ခင်မျိုးသန့်တို့၏ အစ်ကို၊ တူ၊ တူမခြောက်ယောက်တို့၏ဘကြီးသည် ၂၁-၆-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၂၅-၆-၂၀၀၄ရက် မွန်းလွဲ ၁နာရီတွင် ဖျာပုံမြို့၊ လိပ်ဥကုန်းသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်းဒါယကာကြီး
ဦးအောင်ဘော်(ခ)
ဦးအောင်သက်ထွန်း
အသက်(၇၈)နှစ်
မြန်မာ့သစ်လုပ်ငန်း၊ အငြိမ်းစားဖိုမင်
(အုံကြီးအရှေ့၊ ဒလမြို့)

ရန်ကုန်တိုင်း၊ ဒလမြို့၊ အုံကြီးအရှေ့ရပ်ကွက်၊ မင်းရဲကျော်စွာလမ်း၊ အမှတ်(၁၉၈)နေ (ဦးချစ်မောင်- ဒေါ်ဖွားရှင်)တို့၏သား၊ (ဒေါ်ခင်ခင်)၊ ဒေါ်စန်းမြင့်၏ ခင်ပွန်း၊ ဦးမျိုးသိန်း-ဒေါ်နုနုဌေး၊ ဦးနိုင်ဝင်း-ဒေါ်အေးမြင့်၊ မခင်မိမိ(သစ်တောဖက်စပ်)၊ ကိုနိုင်ကို-မဥမ္မာစိုး၊ မခင်မိုးမိုး၊ မမိုးမိုးစုတို့၏ မွေးသဖခင် ၊ မြေးငါးယောက်တို့၏ အဘိုးသည် ၂၂-၆-၂၀၀၄ရက် နံနက် ၄း၄၅နာရီတွင် ကွယ်လွန်သွားပါ၍ ၂၄-၆-၂၀၀၄ (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် အထက်ပါနေအိမ်မှအုံကြီးအရှေ့သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားသိစေအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ကိုစိုးဦး(ခ)ကိုပေါက်စ
အသက်(၃၈)နှစ်
(ဘိုကလေး)

ဧရာဝတီတိုင်း၊ ဘိုကလေးမြို့၊ ကမ်းနားလမ်းနှင့် အမှတ်(၄၄)၊ ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ၈လမ်း၊ အမှတ်(၆၉)ပထမထပ်နေ ဦးရီစိန်(ခ)ဦးအောင်မြင့်-ဒေါ်ကြင်အေးတို့၏ သားလတ်၊ ဒေါ်ကြင်လှိုင်၏ တူ၊ ကိုတင်ဦး-ဒေါ်တင်တင်နွဲ့၊ ဦးစိုးရ(2/E)-ဒေါ်သန်းသန်းမြင့်၊ ဦးဆန်းဦးတို့၏ ညီ/မောင်၊ ကိုသန်းလှိုင်၊ မကြည်ကြည်မြင့်၊ ကိုကျော်ကျော်ဦးတို့၏အစ်ကို၊ မောင်ဖြိုးမြတ်သူ၊ မအောကစ်တို့၏ ချစ်လှစွာသော ဦးလေးသည် ၂၂-၆-၂၀၀၄ (အင်္ဂါနေ့) နံနက် ၁၀း၀၄နာရီတွင် ဗဟိုရ်စည်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၂၄-၆-၂၀၀၄ (ကြာသပတေးနေ့) နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
ဦးထန်ဆောမ်းပြောင်(ခ)
ဦးစိန်ဝင်း (၂၉)နှစ်
RTC ကလေးစခန်းခွဲ

ကလေးမြို့၊ ပင်လုံ(၇)နေ ဦးထန်ဇခုပ် (RTC၊ ငြိမ်း)-ဒေါ်ဝုန်ဇင်းတို့၏ ပဌမမြောက်သား၊ တီးတိန်မြို့၊ စကောလ်လိုင်းရပ်နေ ဦးထွားလျှန်းပေါင်-ဒေါ်ကျိန်ဇခေါလ်တို့၏သားသမက်၊ ဒေါ်ကျင်းဒွန်နိမ်၏ချစ်လှစွာသောခင်ပွန်း၊ ဒေါ်ဇင်ဟောက်ဒိမ်း-ဦးနန်ဆွမ်မုန်၊ ဒေါ်ကျိန်ဇင်းမန်း-ဦးကမ်းဇပေါင်၊ ဒေါ်မန်းဟောက်ညောင်-ဦးဟန်ဝင်းအောင်တို့၏ မောင်၊ ဦးကျင့်တူးလ်ကိမ်း(ခ)တူးတူးမောင်-ဒေါ်သီတာမြင့်တို့၏ ညီ/မောင်၊ မောင်ထန်ဂိုးလ်တွောလ်၊ မထန်ဒိတ်လွန်း၊ မောင်တွောလ်နိုင်းဆင့်ခွာလ်၊မောင်ဟောက်လမ်းမုန်၊ မကျိန်လွမ့်ဒိမ်းတို့၏အစ်ကို ဦးထန်ဆောမ်းပြောင် (ခ) ဦးစိန်ဝင်းသည် ၂၂-၆-၂၀၀၄ရက် နံနက် ၁၀း၅၀နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွား၍ ၂၃-၆-၂၀၀၄ရက် ညနေ ၄နာရီတွင် နေအိမ်မှ စံသာသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

မိုးရွာစဉ် ယာဉ်မောင်းလျှင်
အောက်ပါအချက်အလက်များသတိပြုပါ

၁။ လမ်းပေါ်တွင် စက်ဆီ၊ ချောဆီများ ဖိတ်စဉ်နေလျှင် လမ်းချော်နိုင်သည်။
၂။ မော်တော်ယာဉ်ဘီးများ ပန်းမရှိလျှင် လမ်းချော်နိုင်သည်။
၃။ မော်တော်ယာဉ်များ လေပေါင်ချိန် များလွန်းလျှင် လမ်းချော်နိုင်သည်။
၄။ လမ်းပေါ်တွင် ရွှံ့၊နွံများရှိလျှင် လမ်းချော်နိုင်သည်။
၅။ အရှိန်ပြင်းစွာ မမောင်းပါနှင့်။
၆။ ဘရိတ်ကို ရုတ်တရက် မနင်းပါနှင့်။
၇။ ကုန်တင်ယာဉ်များ ဟန်ချက်ညီမျှရန် ဂရုပြုပါ။
၈။ ရေသုတ်တံပါ ရှိရမည်၊ ကောင်းမွန်ရမည်။
၉။ မိုးသည်းထန်စွာရွာသွန်း၍ မြင်ကွင်းမကောင်းလျှင် ရှေ့မီးကြီးကို ဖွင့်မောင်းပါ။
၁၀။ မြေသယ်ယာဉ်၊ အုတ်၊ သဲ၊ ကျောက်သယ်ယာဉ်များ ဖိတ်စဉ်မှုမရှိစေရန် လုံခြုံစွာတင်ဆောင်ပါ။

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

ဒေါ်အင်မြိုင်
အသက်(၈၉)နှစ်
စာတိုက်မှူး(ငြိမ်း)
(ထားဝယ်)

ထားဝယ်မြို့၊ ပိန္နဲတောရပ်နေ (ဦးအေး-ဒေါ်ဖွားခင်)တို့၏ သမီး၊ (ဦးဘာဘာ)၊ (ဒေါ်ရွှေတင်)တို့၏ ညီမ၊ ဒေါ်တင်လှိုင်၊ (ဒေါ်အင်ကြည်)တို့၏အစ်မ၊ ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ အမှတ်-၂၀၀(ဒု-ထပ်)ပန်းဆိုးတန်းလမ်းနေ (ဦးလှိုင်ပို)၏ဇနီး၊ ဒေါက်တာဦးသက်တင် (ခြသေ့်ညီနောင်ဆေးခန်း)-ဒေါ်ခင်အေးသန်း၊ [ဒေါ်တင်စိန်(စိမ်း)၊ တွဲဖက်ပါမောက္ခ-ဓာတုဗေဒဌာန]၊ ဦးဂျော်စိန် (ရေကြောင်းအင်ဂျင်နီယာချုပ်၊ငြိမ်း)-ဒေါ်ခင်မမ၊ဦးအောင်နိုင်ဦး-ဒေါ်ညာကြည် (တွဲဖက်ပါမောက္ခ၊ ပုသိမ်တက္ကသိုလ်)၊ ဦးဘွန်သိန်း(ဒု-ညွှန်မှူး၊ စိုက်/စီ)-ဒေါ်အေးအေးသွင်၊ ဒေါက်တာဦးတင်ဝင်း(ထိပ်တန်းဆေးခန်း) - ဒေါ်စန်းစန်းရီ(အထပြ-ငြိမ်း၊လ/၄၊သဃ်ာန်းကျွန်း)၊ဦးအေးကြူ-ဒေါ်ရီရီထွေး(အထပြ၊ ပုဇွန်တောင်-၄)၊ ဒေါ်ရီရီလှ(အာရှတော်ဝင်ဆေးခန်း)တို့၏ ချစ်လှစွာသောမိခင်၊ မြေး၁၁ယောက်၊ မြစ်သုံးယောက်တို့၏အဘွားသည် ၂၁-၆-၂၀၀၄ရက် နံနက် ၁း၅၅နာရီတွင်နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၆-၂၀၀၄(ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ထားဝယ်အသင်း
ဒေါ်အင်မြိုင် (၈၉)နှစ်
သက်ကြီးပူဇော်ခံ
စာတိုက်မှူး(ငြိမ်း)
(ထားဝယ်)

ရန်ကုန်မြို့၊ အမှတ်(၂၀၀)၊ ဒု-ထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်နေ (ဦးလှိုင်ပို)၏ ချစ်လှစွာသောဇနီး၊ အသင်းဝင်အမှတ်(၈၀၆)သည် ၂၁-၆-၂၀၀၄ ရက်တွင် ကွယ်လွန်သွားပါ၍ ၂၃-၆-၂၀၀၄(ဗုဒ္ဓဟူးနေ့) မွန်းတည့်၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ ထားဝယ်အသင်းသူ၊ အသင်းသားများလိုက်ပါပို့ဆောင်ကြပါရန်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ပါမည်။) အမှုဆောင်အဖွဲ့။

ဒေါ်အင်မြိုင်
အသက်(၈၉)နှစ်
စာတိုက်မှူး(ငြိမ်း)
(ထားဝယ်)

ရန်ကုန်မြို့၊ အမှတ်(၂၀၀)၊ (ဒုထပ်)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်နေ (ဦးလှိုင်ပို)၏ ဇနီး၊ ကိုဇင်မောင်ဦး-မချိုသွယ်ဆန်း၊ ကိုကြည်မင်းထွဋ်-မအိချောခင်၊ ကိုဇော်နိုင်ဝင်း-မစန်းအိထွေးစန်း၊မခိုင်နှင်းဖြူ၊ကိုဖြိုးမင်းသက်၊ ကိုမျိုးမင်းသိန်း-မအေးစန္ဒာ၊မမို့မို့မြတ်၊ ကိုဖြိုးမင်းထက်၊ မောင်သန်းနိုင်ထွန်း(ပ-ဆေး-၂)၊မောင်စိုးပြည်ဖြိုးထွန်း(ထ-၄၊ ပုဇွန်တောင်)တို့၏ ချစ်လှစွာသော ဘွားဘွား၊ မောင်ကြည်ဇေစိုး၊ မရွှေပြည့်ပြည့်၊ မောင်အံ့ဘုန်းကိုတို့၏ အဘွားသည် ၂၁-၆-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၂၃-၆-၂၀၀၄ရက် မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမြေး၊မြစ်များ။

ဦးကံမြင့်
အသက်(၆၆)နှစ်
လက်ထောက်မန်နေဂျာ(ငြိမ်း)
(MEIS)

ရန်ကုန်တိုင်း၊ သာကေတမြို့နယ်၊ (၄)တောင်ရပ်ကွက်၊ အောင်သစ္စာ(၈)လမ်း၊ အမှတ်(၇၁၄)နေ (ဦးညီငယ်-ဒေါ်ခင်ဆင့်)တို့၏ သားကြီး၊ ဦးထွန်းကြည်-ဒေါ်အုန်းကြူ၊ အရာခံဗိုလ်စိုးမြင့်(ငြိမ်း၊ တပ်မတော်-လေ)-ဒေါ်သိန်းရီ၊ ဦးစန်းမြင့်-ဒေါ်ခင်စန်းစန်း၊ (ဦးဌေးအောင်)၊ ဦးစန်းကိုကို(ဒုအရာခံဗိုလ် တပ်မတော်-လေ)-ဒေါ်တိုးတိုးထွန်း၊ ဒေါ်ယုယုခင်(နယ်စပ်ကုန်သွယ်ရေး)တို့၏ ကျေးဇူးရှင်အစ်ကိုကြီး၊ တူ၊ တူမ ၁၁ယောက်တို့၏ ချစ်လှစွာသော ဦးဦးကြီး၊ မြေး ငါးယောက်တို့၏ဘိုးဘိုးကြီး ဦးကံမြင့်သည် ၂၂-၆-၂၀၀၄ (အင်္ဂါနေ့) နံနက် ၆း၄၀နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၂၄-၆-၂၀၀၄ (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ရန်ကုန်ဆေးရုံကြီးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒိုက်ဦးမြို့နယ်အသင်း(ရန်ကုန်)
ဦးမောင်မောင်မြင့်
အသက်(၅၈)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ သီရိလမ်း၊ အမှတ်(၁၂၅၄/၁၂၅၆)၊ မြေညီထပ်နေ ဒိုက်ဦးမြို့နယ်အသင်း(ရန်ကုန်)၏ အလုပ်အမှုဆောင် ဒေါ်တင်တင်မော်၏ ခင်ပွန်း ဦးမောင်မောင်မြင့်သည် ၂၀-၆-၂၀၀၄ရက် ည ၁၀း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ကွယ်လွန်သူ၏ဆန္ဒအရ ၂၁-၆-၂၀၀၄ ရက် ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ အမှုဆောင်အဖွဲ့။

ဦးအောင်ကျော်ဦး
အသက်(၄၈)နှစ်
CDC 164991
RICH FIELD Co., Ltd.
အထက(၄)အလုံကျောင်းသားဟောင်း

ရန်ကုန်တိုင်း၊ အလုံမြို့နယ်၊ စောရန်ပိုင်အရှေ့ရပ်ကွက်အေးလမ်း၊ အမှတ်(၁၇)နေ (ဦးကြည်အေး)-ဒေါ်အေးရှင်တို့၏သား၊ (ဦးအောင်မြင့်-ဒေါ်ညွန့်တင်)တို့၏သားသမက်၊ ဒေါ်တင်တင်ဝင်း၊ ဦးအောင်စိုး-ဒေါ်မြင့်မြင့်စိန်တို့၏ မောင် ဦးသိန်းမောင်-ဒေါ်တူးတို့၏ အစ်ကို၊ မောင်သန့်ဇင်ဦး၊ မအိမွန်သန့်တို့၏ဖခင် ဒေါ်ကြည်ကြည်မာ၏ ချစ်လှစွာသောခင်ပွန်းသည် ၂၂-၆-၂၀၀၄ နံနက် ၀၀း၃၀နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ၂၄-၆-၂၀၀၄ (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ရဟန်း၊ ကျောင်း
ဆွမ်းအလှူရှင်ဒါယကာကြီး
ဦးချစ်မောင်
အသက်(၈၀)
ကုလားချောင်းရွာ (သာရဝေါ)

ကုလားချောင်းရွာနေ (ဦးဘိုးရင်-ဒေါ်ဖွားရှင်)တို့၏သား၊ (ဦးအောင်ငြိမ်း-ဒေါ်မယ်တွေ)တို့၏ သားသမက်၊ (ဒေါ်တင်ညွန့်)၏ ခင်ပွန်း၊ ရန်ကုန်မြို့၊ အမှတ်(၂၇၃)၊ ဘုမ္မာ(၈)လမ်း၊ (ည)ရပ်ကွက်၊ မြောက်ဥက္ကလာပနေ ဒေါ်မြသိန်း၏ ခဲအိုကြီး ဦးချစ်မောင်သည် ၂၀-၆-၂၀၀၄ရက် နံနက် ၂း၁၅နာရီတွင် ကွယ်လွန်သွားပါ၍ ယင်းနေ့ညနေ ၃း၃၀နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းအား အကြောင်းကြားပါသည်။ ကျန်ရစ်သူမိသားစု။

ဘုရား၊ ကျောင်းဒါယကာကြီး
ဦးအောင်ကျော်
အသက်(၇၁)နှစ်
(စာရေးဆရာတက္ကသိုလ်တင့်လွင်ဦး)

သံတွဲမြို့နေ (ဦးမောင်တုတ်-ဒေါ်ကျင်ဥ)တို့၏သား၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ကျိုက္ကစံရပ်ကွက်၊ပုလဲလမ်း၊အမှတ်-၁၇ (တတိယထပ်)နေ(ဒေါ်တင်ရီ)၏ခင်ပွန်း၊ ကိုဝေဇော်ဦး-မတင်တင်ဝင်း၊ ကိုဌေးအောင်ဦး၊ မအေးသီဂီဦး-ကိုကျော်ဝင်းထွန်းတို့၏ ကျေးဇူးရှင်မွေးသဖခင်၊ မခင်ရတနာဇော်၊ မောင်ကောင်းမြတ်ထက်၊ မောင်ထက်အာကာကျော်တို့၏ အဘိုးသည် ၂၁-၆-၂၀၀၄ (တနင်္လာနေ့) နံနက် ၁၀း၃၀နာရီတွင် နေအိမ်၌ ကွယ်လွန်ပါ၍၂၃-၆-၂၀၀၄(ဗုဒ္ဓဟူးနေ့) ညနေ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှ ကားများ မွန်းလွဲ ၁း၄၅နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးသော်ဇင်ဦး
အသက်(၄၀)
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
အလုံမြို့နယ်

ရန်ကုန်မြို့နေ ဦးငြိမ်းလှိုင်-ဒေါ်စန်းတို့၏ သားကြီး၊ [ဦးချိန်ကီး(ခ) ဦးပါ]-ဒေါ်အေးကြည်တို့၏ သားသမက်၊ ရန်ကုန်မြို့၊ အမှတ်(၈)၊ (၃)ရပ်ကွက်၊ သီတာဓာတ်အားခွဲရုံဝင်း၊ ပုဇွန်တောင်မြို့နယ်နေ ဒေါ်သီတာဆွေ၏ခင်ပွန်း၊ မခင်မျိုးထက်၊မဖူးဖူးသော်ဇင်တို့၏ ဖခင် ဦးသော်ဇင်ဦးသည် ၂၁-၆-၂၀၀၄ရက် ည၈း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၆-၂၀၀၄ရက် မွန်းလွဲ ၁နာရီတွင်ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများနံနက် ၁၁း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယိကာမကြီး
ဒေါ်ပိုး
အသက်(၉၇)နှစ်
(ဒေးဒရဲ-ပန်းမဇ္ဈူ)

ဒေးဒရဲမြို့၊ အမှတ်(၃)၊ သဇင်လမ်းနေ (ဦးခွမ်းနား)၏ ဇနီး၊ (ဦးမြ)-ဒေါ်ရွှေဝါ၊ ဦးကျော်စိန်၊ ဦးကျော်မြင့်-ဒေါ်နန်းအဲစော၊ ဦးမင်းလွင်-ဒေါ်တင်ကြည်၊ ဒေါ်သန်းသန်းဌေး(ဒေါ်ဖြူ)တို့၏ မိခင်၊ ဒေါ်ဌေးဌေးဝင်း၊ ဦးတင်နွယ်-ဒေါ်ကြည်ကြည်မြင့်၊ ဦးသိန်းဇံ-ဒေါ်ခင်လှ၊ ဦးသိန်းဇော်၊ ဒေါ်မြင့်မြင့်သန်း(ပန်းမဇ္ဈူ အလှပြုပြင်ရေး)၊ တက္ကသိုလ်ဟန်မင်းဦး (မြန်မာနိုင်ငံဓာတ်ပုံအသင်း၊ စာကြည့်တိုက်မှူး)၊ ဦးမျိုးမင်းလတ်၊ ဦးသက်မောင်-ဒေါ်သန်းသန်းဝင်း၊ ဦးသိန်းရွှေ-ဒေါ်အေးအေးသန်း၊ ဒေါ်ချိုချိုဝင်းတို့၏ အဘွား၊မောင်ဇေယျာဦး(ဆေးတက္ကသိုလ်၊ မကွေး)၊ မျိုးမင်းအောင်၊ မြမျက်ခြယ်၊ နှင်းနန္ဒာဦး၊ဖူးပြည့်ပြည့်ဖြိုးတို့၏ ဘွားဘွားကြီးသည် ၂၁-၆-၂၀၀၄(တနင်္လာနေ့) နံနက် ၂း၁၅နာရီတွင် ကွယ်လွန်သွားပါ၍ ၂၃-၆-၂၀၀၄(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် နေအိမ်မှ ဒေးဒရဲသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဒေါ်ကျင်အေး(ခ)ဖွာအွေ့ကြုံး
အသက်(၆၁)နှစ်
(မော်လမြိုင်)

မော်လမြိုင်မြို့နေ (ဦးစိန်တင်)-ဒေါ်တင်ကြည်(ခ)ဒေါ်ဖွန်တို့၏ သမီး၊ ရန်ကုန်မြို့၊ အမှတ်(၈)၊ ကမ္ဘောဇလမ်း၊ ဗဟန်းမြို့နယ်နေ (ဦးချစ်ဆုံ-ဒေါ်တင်) (ချယ်ရီဖိနပ်ဆိုင်)၊ (ပန်းချယ်ရီဖိနပ်ဆိုင်၊ ဗိုလ်ချုပ်ဈေး)တို့၏ သမီးချွေးမ၊ ဦးတင်လှ-ဒေါ်မြင့်မြင့်စီ(ဝင်းကမ္ဘာပလတ်စတစ်၊ မော်လမြိုင်)၊ ဦးသိန်းဝင်း-ဒေါ်ကျင်မေတို့၏ အစ်မ၊ အမှတ်(၈၁၃)၊ မဟာဗန္ဓုလလမ်း၊ လမ်းမတော်မြို့နယ်နေ ဦးနေစိုး၏ ဇနီး၊မခင်လတ်လတ်ကျော်(ခ)မသောဘီစိုး (B.Sc Chemistry)၊ မခိုင် ဆွေငြိမ်းအေး(ခ)မပုံ့ပုံ့(B.C.Sc)(Hons)၊မောင်စစ်ပိုင်စိုးတို့၏ ကျေးဇူးရှင်မွေးသမိခင်သည် ၂၁-၆-၂၀၀၄(တနင်္လာနေ့) နံနက် ၇း၄၀နာရီတွင် အာရှတော်ဝင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၂၃-၆-၂၀၀၄ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၉း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

အလှူသျှင်မြတ်အမိန့်တော်ခံယူခြင်း
ဒေါ်ဝါဝါအေး
အသက်(၅၁)နှစ်
(သုဝဏ္ဏ)

ရန်ကုန်တိုင်း၊ သဃ်ာန်းကျွန်းမြို့နယ်၊ သုဝဏ္ဏမြို့၊ (၂၉)ရပ်ကွက်၊ မင်းဒင်လမ်း၊ တိုက်(၃၇/၃)နေ ဦးချစ်အေး-(ဒေါ်ရွှေတင်)တို့၏သမီး၊ မန္တလေးတိုင်း၊ စိန်ပန်းရပ်နေ(ဦးသောင်းညွန့်)-ဒေါ်သောင်းတို့၏ ချွေးမ၊ ဦးမြင့်ဖေ(Seaman-Navigation Co-BKK)၏ ဇနီး၊ မခိုင်သီရိဖေ B.Sc (Bot)၊ မောင်ပြည့်ဖြိုးဖေ 3rd Year (Chem) ဒဂုံတက္ကသိုလ်တို့၏ မိခင်၊ ဦးအေးမင်းသူ-ဒေါ်စမ်းစမ်းအေး၊ ဦးအေးမင်းအောင်-မအေးအေးမြင့်၊ ဦးအေးမင်းဇော်-ဒေါ်ခင်စိုးငြိမ်း၊ ဦးသန်းထွန်းဦး - မဝင့်ဝင့်အေးတို့၏ အစ်မကြီးသည် ၂၀-၆-၂၀၀၄ရက် နံနက်၀၀း၄၅နာရီတွင် အလှူသျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ယင်းနေ့တွင် ရေဝေးအစ္စလာမ်သင်္ချိုင်း၌ ဒါဖနာပြီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဒေါ်စန်းစန်းဝေ(ခ)ပုပု
B.A(Hist)
အသက် (၄၄)နှစ်
(စစ်တွေ)

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ သစ်တောလမ်း၊ အမှတ်(၂၄)နေ (ဦးကျော်ဇံလှ)-ဒေါ်ညွန့်တို့၏သမီး၊ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ တိုက်(၁၃၅)၊ အခန်း(၄)နေ ဦးဘဌေး-ဒေါ်လှရီတို့၏ သမီးချွေးမ၊ ရန်ကုန်မြို့၊တောင်ဥက္ကလာပမြို့နယ်၊ (၁၂)ရပ်ကွက်၊ မာဃ(၁၃)လမ်း၊ အမှတ်(၄၇၂)နေ ဦးတင်မောင်ဌေး၏ဇနီး၊ ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ ၃၁လမ်း၊ အမှတ်(၆၀)နေ (ဦးဖြူမောင်)-ဒေါ်ဦးရီ၊ ဒေါ်သန်းယဉ်(အထက-၄၊ အလုံ၊ ငြိမ်း)၊ ဦးမောင်ရွှေ-ဒေါ်လှသိန်း(အထက-၁၊ သန်လျင်၊ ငြိမ်း)၊ (ဦးမောင်မောင်လတ်)-ဒေါ်ယဉ်မေ၊ ဦးမြသာ(ဆည်မြောင်း)၊ ဦးမောင်မောင်မြင့်(ဘခရ)-ဒေါ်တင်နု (အလည)၊ ဦးခင်စိုး-ဒေါ်သန်းသန်းနုတို့၏ ညီမ၊ တူ၊ တူမ ၁၁ယောက်တို့၏အဒေါ်သည် ၂၁-၆-၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၂၃-၆-၂၀၀၄ (ဗုဒ္ဓဟူးနေ့)ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဆရာတော်ဘဒ္ဒန္တ ပညာဒီပ(ဦးမောင်ညွန့်)
သိက္ခာတော်(၅၅)ဝါ၊ သက်တော်(၇၅)နှစ်

ပဲခူးတိုင်း၊ ဖြူးမြို့နယ်၊ ကညွတ်ကွင်းမြို့၊ ပိတ်ဖြူကျောင်းတိုက် ပဓာနနာယက ဆရာတော်ဘဒ္ဒန္တပညာဒီပမဟာထေရ်မြတ်သည် (၁၃၆၆ခုနှစ်၊ ပထမဝါဆိုလဆန်း ၅ရက်) ၂၁-၆-၂၀၀၄ (တနင်္လာနေ့) ည ၉း၃၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၆၆ခုနှစ်၊ ပထမဝါဆိုလဆန်း ၉ရက်) ၂၅-၆-၂၀၀၄(သောကြာနေ့) မွန်းလွဲ ၁နာရီတွင် သဃ်ာန်းကျွန်းစံပြဆေးရုံကြီးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပင့်ဆောင်၍ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ တပည့် ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

[နန္ဒင်းကုန်းကျောင်း၊ သုမင်္ဂလာ(၆)လမ်း၊ သုမင်္ဂလာအိမ်ရာ၊ အပိုင်း(၂)၊ သဃ်ာန်းကျွန်းမြို့နယ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။]

နန္ဒင်းကုန်းကျောင်းတိုက်၊ သဃ်ာန်းကျွန်း။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဦးသံဝရ
သိက္ခာတော်(၅၀)၊ သက်တော်(၇၀)

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ အနောက်ဥယျာဉ်ကျောင်းတိုက်၊ မဟာမေဃဝန်ကျောင်း၊ ပဓာနနာယက ဆရာတော် ဦးသံဝရသည် ၁၃၆၆ခုနှစ် ပထမဝါဆိုလဆန်း ၅ရက်၊ ၂၁-၆-၂၀၀၄(တနင်္လာနေ့) ည ၇း၄၅ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါကြောင်း တပည့်ဒါယကာ၊ ဒါယိကာမတို့အား အကြောင်းကြားအပ်ပါသည်။ တပည့်သံဃာတော်များ။

ရေးမြို့နယ်အသင်း(ရန်ကုန်)
ဦးထွန်းရှိန် အသက်(၈၀)
လျှပ်စစ်အငြိမ်းစား

မွန်ပြည်နယ်၊ ရေးမြို့နေ (ဦးကြူ-ဒေါ်နှင်းမေ)တို့၏သား၊ ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်နေ (ဦးညွန့်မောင်)-ဒေါ်တင်တို့၏သားသမက်၊ ဒေါ်တင်လှ၏ခင်ပွန်းဖြစ်သူ ဦးထွန်းရှိန်သည် ၁၅-၆-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၁၇-၆-၂၀၀၄(ကြာသပတေးနေ့)တွင် ထိန်ပင်သုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။ အမှုဆောင်အဖွဲ့။

ဒေါ်နန်း (၇၈)နှစ်
(ကျိုက်လတ်)

ရန်ကုန်မြို့၊ အမှတ် ၃၉၊ ပတ္တမြားလမ်းနေ (ဦးနောက်တိုး-ဒေါ်လှ)တို့၏ သမီး၊ ဦးလှ၏ဇနီး၊ ဦးဖိုးကြည်-ဒေါ်စန်းငွေ၊ ကိုကြည် (ဒေါ်စန်းမြင့်)၊ ဦးညွန့်မောင်-ဒေါ်ခင်ပု၊ ဦးဝင်းမောင်-ဒေါ်သိန်းပု၊ ဦးသိန်းမြင့်-ဒေါ်ဌေးဌေးတို့၏ မိခင်၊ မြေး ၁၅ယောက်၊မြစ်ငါးယောက်တို့၏ ဘွားဘွားကြီးသည် ၂၁-၆-၂၀၀၄ရက် နံနက် ၈း၄၅နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်ပါ၍ ၂၃-၆-၂၀၀၄ (ဗုဒ္ဓဟူးနေ့) မွန်းတည့်၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများနံနက် ၁၀း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဗိုလ်မှူးဖေသန်းလေး(ငြိမ်း)
အသက်(၇၀)
ဗိုလ်သင်တန်းအပတ်စဉ်(၂၅)
ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့ဝင်

မော်လမြိုင်မြို့နေ (ဦးဘိုးကြိုင်-ဒေါ်မြဂိုင်)တို့၏သား၊ ရန်ကုန်မြို့၊ အမှတ်(ဃ-၃၆/၂)၊ လမ်းသစ်လမ်း၊ နံ့သာကုန်းရပ်ကွက်၊ အင်းစိန်မြို့နေ ဒေါ်လှလှ(အထပြ၊ ငြိမ်း)၏ ခင်ပွန်း၊ ပျဉ်းမနားမြို့နေ ဦးအောင်ချို-ဒေါ်နီမာခိုင်(Super Star မုန့်နှင့်အလှူမီနီယံ)၊ ဦးအောင်ဇော်မင်း(C/E PIL)-ဒေါ်မိုးပွင့်၊ ဗိုလ်မှူးအောင်ဇော်လင်း-ဒေါ်သန်းသန်းအောင်၊ ဦးအောင်မြတ်ချစ်-ဒေါက်တာသန္တာထွေးတို့၏ ဖခင်၊ မြေး ၁၀ယောက်တို့၏ အဘိုးသည် ၂၁-၆-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၂၃-၆-၂၀၀၄ (ဗုဒ္ဓဟူးနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ကိုသက်ခိုင်အောင်(ခ)
ကိုစည်သူ (၂၅)နှစ်

ရန်ကုန်မြို့၊ ယုဇနဥယာဉ်မြို့တော်နေ ဦးမြလှိုင်-ဒေါ်ခင်မြမြတို့၏သား၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ တိုက်(၄)၊ နှင်းဆီလမ်း၊အခန်း(၁၅)နေဦးကျော်မြင့်-ဒေါ်လှလှဌေးတို့၏ သားသမက်၊ ကိုမျိုးသန့်-မနီလာတို့၏ ညီ/မောင်၊ မောင်အောင်သူဟိန်း၏အစ်ကို၊မဥမ္မာအောင်၏ ချစ်လှစွာသော ခင်ပွန်း၊ သံသာသက်ခိုင်အောင်(ES4E)၏ဖခင် ကိုစည်သူသည် သျှင်ပါကူဆေးခန်း၌ ၂၁-၆-၂၀၀၄ရက် နံနက် ၂း၃၅နာရီတွင် ကွယ်လွန်သွားပါ၍ ၂၃-၆-၂၀၀၄ (ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ၂နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်ခင်ညွန့် အသက်(၈၀)
သူနာပြုဆရာမကြီး(ငြိမ်း)
ရန်ကုန်ကလေးဆေးရုံကြီး
(သာစည်၊ မိတ္ထီလာမြို့)

ရန်ကုန်မြို့၊ သဃ်ာန်းကျွန်းမြို့နယ်၊ (၁၆/၄)ရပ်ကွက်၊သုမန(၄)လမ်း၊ အမှတ်(၈၉၀)နေ (ဦးရေချမ်း-ဒေါ်ရွှေအုံ)တို့၏ သမီး၊ (ဗိုလ်အေးမောင်)-ဒေါ်ခင်ညွန့်၊ (ဗိုလ်မှူးလှမောင်-ဒေါ်မြရီ)တို့၏ ညီမ၊ [ဦးညွန့်မောင်(ခ)ဦးမြင့်မောင်]-ဒေါ်ခင်ကြည်၊ (ဦးဝင်းမောင်)-ဒေါ်တင်တင်နွဲ့၊ ဦးရှိန်မောင်-ဒေါ်မြင့်မြင့်ဆွေတို့၏အစ်မသည်၂၁-၆-၂၀၀၄ရက် ည ၉း၀၅ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ၂၃-၆-၂၀၀၄ရက် ညနေ ၅နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၃း၄၅နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယကာကြီး
ဦးကျော်စိုး (၇၂)နှစ်
(သံလွင်စတိုး/သံလွင်အမြန်ယာဉ်)

ပဲခူးတိုင်း၊ဒိုက်ဦးမြို့နယ်၊ ပေါက်တပင်ကျေးရွာနေ (ဦးဉာဏ်-ဒေါ်စောမြ)တို့၏ သား၊ ရန်ကုန်မြို့၊ အမှတ်(၇၁)၊ သုနန္ဒာလမ်း၊ ည/ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်နေ ဒေါ်ခင်စီ၏ ခင်ပွန်း၊ ပဲခူးတိုင်း၊ ဖောင်တော်သီမြို့နေ (ဦးကျော်သိန်း)-ဒေါ်အေးမြိုင်၊ ရန်ကုန်မြို့နေ ဦးသန်းညွန့်၊ ဦးကျင်သန်းတို့၏ ညီ၊ ပေါက်တပင်ရွာနေ ဦးမြသန်း-ဒေါ်ဖုံတို့၏ အစ်ကို၊ ကိုမြဌေးအောင်-မသန်းသန်းခိုင်၊ ကိုကြီးမြင့်-မဝင်းဝင်းခိုင်၊ ကိုစန်းလွင်-မထွေးသိန်း၊ ကိုအောင်အောင်-မတူးတူး၊ ကိုသိန်းဝင်း-မတင်တင်လှိုင်၊ကိုသိန်းဇော်လင်း-မသီတာဝင်းတို့၏ ဖခင်၊ မြေးခုနစ်ယောက်တို့၏ အဘိုး ဦးကျော်စိုးသည် ၂၂-၆-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၂၆-၆-၂၀၀၄(စနေနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးခင်မောင်ထွေး
အသက်(၄၃)နှစ်
CDC- 17156
(စစ်တွေ)

ရန်ကုန်မြို့၊ ၅၁လမ်း၊ အမှတ်(၁၈၅)နေ (ဦးထွန်းလှအောင်)-ဒေါ်ကျော့မေ (ပတခ၊ ငြိမ်း)တို့၏သားထွေး၊ (ဒေါ်ဦးကျော့စိန်)၊(ဦးအေးထွန်းတင်)-ဒေါ်ကျော့သာ(ပတခ-ငြိမ်း)တို့၏တူသား၊ ဖျာပုံမြို့၊ အမှတ်(၇)မဟာဗန္ဓုလလမ်းနေ(ဦးခင်မြင့်)-ဒေါ်လှမြင့်တို့၏ သားသမက်၊ ဒေါ်အေးအေးခိုင်(အလပြ၊အမက-၁၊တပ်မြေ)၏ခင်ပွန်း၊မောင်ဉာဏ်လင်းထက်အောင်၊ (တတိယတန်း၊အမက-၇၊တောင်ပိုင်း)၏ မွေးသဖခင်၊ ဦးလှမြင့်-ဒေါ်လှလှသန်း၊ ဦးတင်မြင့်-ဒေါ်နွဲ့နွဲ့ယဉ်၊ ဦးခင်မောင်ကြည်(R/O. OW Ship)-ဒေါက်တာခင်စောလှ(FDA)၊ ဒေါ်တင်တင်ညွန့်(အထက၊ပိန်းကန်)-ဒေါက်တာအေးသွင်၊ (ဦးခင်မောင်သန်း)-ဒေါ်ခင်ခင်စန်း၊ ဒေါ်တင်တင်မေ၊ ဦးစိုးမြင့်(C/O, OW. Ship)- ဒေါက်တာသီတာဟန်(လုပ်ငန်းခွင်ကျန်းမာ)၊ ဒေါ်သန်းသန်းနု(ပတခ)-ဦးအောင်ညွန့်(ပတခ)တို့၏ညီ/မောင်သည် ၂၁-၆-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၂၅-၆-၂၀၀၄ရက် မွန်းလွဲ၁နာရီ တွင် ဖျာပုံမြို့၊ လိပ်ဥကုန်းသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ၅၂လမ်း၊ အမှတ်-၇၇၊ (မဟာဗန္ဓုလလမ်းထောင့်) ကြေးမုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်-၁၁၈၈၊ကြေးနန်းလိပ်စာ ကြေးမုံ၊စာတည်းမှူး၂၉၁၈၃၂၊စာတည်းများ၂၉၂၈၃၂၊ သတင်းထောက်မှူး၂၉၂၈၃၃၊ မန်နေဂျာ၂၉၁၈၃၃၊ စီမံ/ငွေစာရင်း၂၉၁၄၅၄၊ ဖြန့်ချိရေး ၂၉၂၈၃၀၊ ကြော်ငြာ၂၈၉၄၂၇၊ ပုံနှိပ်၂၉၂၈၃၁။ R/184

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မြန်မာနိုင်ငံဆိုင်ရာ အီရန်သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

ရန်ကုန် ဇွန် ၂၂

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌကိုယ်စား နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် တာဝန်ထမ်းဆောင်ခြင်းပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အီရန်သမ္မတနိုင်ငံသံအမတ်ကြီး Mr. Rasoul Eslamiအား ယနေ့ညနေ ၄နာရီခွဲတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်း၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဦးစိုးတင့်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်တို့ တက်ရောက်ကြသည်။ (သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌကိုယ်စား နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တာဝန်ထမ်းဆောင်ခြင်းပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အီရန်သမ္မတနိုင်ငံသံအမတ်ကြီး Mr. Rasoul Eslami အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ တွေ့ဆုံနှုတ်ဆက်စဉ်။ (သတင်းစဉ်)

တိုးတက်ဖွံ့ဖြိုးမှုနှင့် နယ်မြေတည်ငြိမ်အေးချမ်းမှုသည် အပြန်အလှန် ဆက်စပ်နေ နိုင်ငံတော်အစိုးရက တာဝန်ယူဆောင်ရွက်ပေးရမည့် အပိုင်းများကို စေတနာရှေ့ထား၍ နေ့မအား ညမနား ကြိုးစားဆောင်ရွက်ပေးလျက်ရှိ

ရန်ကုန် ဇွန် ၂၂

ကယားပြည်နယ် လွိုင်ကော်မြို့၌ ရောက်ရှိနေသည့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် ဇွန် ၂၀ရက် နံနက် ၁၁နာရီတွင် လွိုင်ကော်မြို့ မြို့တော်ခန်းမ၌ ကယားပြည်နယ်မှ ဌာနဆိုင်ရာ တာဝန်ရှိသူများအား တွေ့ဆုံမှာကြားသည်။

တက်ရောက်

အခမ်းအနားသို့နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေး၊ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်၊ အစိုးရအဖွဲ့–အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ကယားပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ကယားပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အဖွဲ့ဝင်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ **စာမျက်နှာ ၁၀ ကော်လံ ၁ သို့** ❁

ရင်းရင်းနှီးနှီးနှုတ်ဆက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း လွိုင်ကော်မြို့ မြို့တော်ခန်းမ၌ ကယားပြည်နယ်မှ ဌာနဆိုင်ရာ တာဝန်ရှိသူများအား တွေ့ဆုံအမှာစကားပြောကြားပြီး ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

လက်တွဲ ဝန်းရံ အမျိုးသား ညီလာခံ

ယူရို–၂၀၀၄ အုပ်စု(ခ)မှ အင်္ဂလန်နှင့် ခရိုအေးရှားပွဲတွင် နှစ်ဂိုးသွင်းပြီး ပွဲစဉ်အလိုက် အကောင်းဆုံး အားကစားသမားဆု ရရှိသွားသည့် အင်္ဂလန်အသင်းမှ ဝိန်းရွန်နေး ဆုယူနေစဉ်။
(ဓာတ်ပုံ–အင်တာနက်)

အုပ်စု(ဃ)မှ ခြေစွမ်းပြကြမည့် ဂျာမနီနှင့် နယ်သာလန်

သတင်းဆောင်းပါး–ဂမ်ဆိုင်း

ရန်ကုန် ဇွန် ၂၂

အုပ်စု(က)မှ ပေါ်တူဂီနှင့် ဂရိတို့ ကွာတားဖိုင်နယ်သို့ တက်လာသည်။ ပေါ်တူဂီက အုပ်စုပထမ၊ ဂရိက ဒုတိယရသည်။ အုပ်စု(ခ)မှ ပြင်သစ်နှင့် အင်္ဂလန်တို့လည်း ကွာတားဖိုင်နယ်သို့ တက်ကြသည်။ ပြင်သစ်က ပထမ၊ အင်္ဂလန်က ဒုတိယရသည်။

ကွာတားဖိုင်နယ်ပွဲစဉ်များအဖြစ် အုပ်စု(က)ပထမနှင့် အုပ်စု(ခ)ဒုတိယ၊ အုပ်စု(ခ)ပထမနှင့် အုပ်စု(က)ဒုတိယတို့ ကစားကြရမည်။ သို့ဖြစ်၍ ပထမကွာတားဖိုင်နယ်အဖြစ် အိမ်ရှင်ပေါ်တူဂီနှင့် အင်္ဂလန်တို့ ကစားကြမည်။ ဒုတိယကွာတားဖိုင်နယ်အဖြစ် ပြင်သစ်နှင့် ဂရိတို့ ကစားကြမည်။**စာမျက်နှာ ၁၃ ကော်လံ ၁ သို့** ❒